ကြေးမုံစာတည်းရှုထောင့် ၁-၃-၂၀၁၅၊ တနင်္ဂနွေနေ့

# အတွေးမှန်မှ ဘဝဟန်မည်

အတိတ်မှအတွေးသည် ပစ္စုပ္ပန်၏ လုပ်ငန်းရပ်ကို ဖြစ်ထွန်းစေပြီး အနာဂတ်အတွက်မူကား အကျိုးတရားကို ဆိုက်ရောက်စေသည်။ ယင်းသို့ ဆိုက်ရောက်စေရာတွင် မိမိတွေးခေါ်သောအတွေး မှန်ကန်ရေးအတွက် မှန်ကန်သောအသိအမြင်ကိုသာ ရှာဖွေအပ်သည်။ ထိုသို့ရှာဖွေနိုင်မှသာ ဘဝဟန်မည်ဖြစ်ပြီး မိမိအတွေးတော်ကာ ဘဝတွင်နေပျော်မည်ဖြစ်ပါသည်။

ထို့ကြောင့် ဘဝအစုံစုံ၊ လုပ်ငန်းအဖုံဖုံ၊ ကြီးစားမှုအထွေထွေ၊ လေ့လာမှုအများအပြားတို့ဖြင့် အောင်မြင်ကျော်ကြားလာကြသော အများအသိအမှတ်ပြုထားသည့် ထင်ရှားကျော်ကြားသူများ၏ ဘာသာရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ လူမှုရေး၊ ပေါင်းသင်းဆက်ဆံရေး၊ အချစ်ရေးမှအစ ကောင်းမြတ်သော အတွေးများကို လေ့လာဆန်းစစ်ပြီး အတုယူသင့်သည်များကိုယူ၊ မှတ်သားသင့်သည်များကို မှတ်သားလိုက်နာကြရင်းဖြင့် မိမိတို့ဘဝကို ပိုမိုကောင်းအောင် တည်ဆောက်ကြရမည်ဖြစ်သည်။

ဆန့်ကျင်ဘက်အကျိုးဆက်အားဖြင့် မိမိတို့၏အတွေးအမြင် နုနယ်ချိန်၌ လွဲမှားသောအတွေးများကို မယူမိဖို့လိုသည်။ အတွေးမှားလျှင် အလုပ်မှားကာ အမှားသံသရာတွင် ချာချာလည်ပြီး မိမိဘဝ၊ မိမိ မိသားစုတစ်ခုလုံးအတွက်ပါ နစ်နာဆုံးရှုံးစေနိုင်ပါသည်။ အတွေးမှား အလုပ်မှားသဖြင့် သံသရာတစ်ခုလုံး မှောက်မှားကြရသူများလည်းမနည်းရှိမည်။

အတွေးမှန်၊ အလုပ်မှန်စေရန်အတွက် အတွေးကောင်း၊ အလုပ်ကောင်းတို့ကို နည်းနာယူသင့်ကြသည်။ အတုယူစံထားထိုက်သူသည် ၎င်းဖြတ်သန်းခဲ့ရာ ဘဝတစ်လျှောက်လုံး အမှားကိုပယ်ကာ အတွေးကောင်း၊ အလုပ်ကောင်းတို့ကို မျိုးစေ့ချလာနိုင်ခဲ့၍ စံပြုထိုက်သူဖြစ်လာရသည်။ ထိုသူမျိုးကို နေ့ချင်းညချင်း ကြီးပြင်းအောင်လုပ်ယူ၍မရ၊ သူ၏ဘဝကို သူ၏အတွေ့အကြုံနှင့် သူကိုယ်တိုင် အကောင်းဆုံးအချိန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

စံပြုထိုက်သူတို့ကို စံနမူနာထားကာ အတွေးကောင်း၊ အလုပ်ကောင်းတို့ကို တည်ဆောက်ကြသင့်သည်။ အတွေးကောင်း၊ အလုပ်ကောင်း လုပ်ဆောင်နိုင်မှ တင့်တယ်သောဘဝ၊ တင့်တယ်သောဝန်းကျင်ကောင်းကို တည်ဆောက်နိုင်မည်ဖြစ်သည်။ မင်း(အစိုးရ)မရှိသည့် တိုင်းပြည်၊ ရေကြည်မရှိသည့် မြစ်၊ သစ်ပင်မရှိသည့် တောခြောက်၊ အတောက်မရှိသည့် မီး၊ စည်းမရှိသည့် ရွာ၊ ကြာမရှိသည့် ကန်၊ အောင်လံမတင်သည့် ရထား၊ လင်သားမရှိသည့် မိန်းမ ဤရှစ်မျိုးသည် မတင့်တယ်သောအရာများဖြစ်သည်ဟု ပညာရှိများက ဆိုထားသကဲ့သို့ မိမိတို့ဘဝ၊ မိမိတို့ဝန်းကျင်ကိုလည်း တင့်တယ်အောင် အားထုတ်ဆောင်ရွက်သင့်၏။

တင့်တယ်သော အတွေးကောင်း၊ အလုပ်ကောင်းများရရန် အသိပညာ၊ အတတ်ပညာများကို ငယ်စဉ်ကတည်းက ဆည်းပူးရ၏။ လေ့လာရ၏။ အားထုတ်ရ၏။ မိမိတို့ငယ်စဉ်က လေ့လာဆည်းပူးခဲ့ရသော ကျောင်းပညာများမှာ မျိုးစေ့ငယ်မျှသာဖြစ်၏။ ထိုမျိုးစေ့ငယ်လေးများ ပေါက်ဖွားရှင်သန်ကြီးမားရင့်သန်လာအောင် ဘဝတက္ကသိုလ်တွင် ကောင်းသောအတွေး၊ ကောင်းသောအမြင်များရအောင် ဆက်လက်လေ့လာဆည်းပူး အားထုတ်အပ်၏။ ဘဝတက္ကသိုလ်ပညာသည် သင်ယူ၍မကုန်နိုင်သော ကျောင်းတော်ကြီးဖြစ်၏။

လူ့ဘောင်လောကလူတို့၌ မိမိထက်သာသော ကောင်းကွက်တစ်ခုစီ ရှိချိမ့်မည်ဖြစ်၏။ အတွေ့အကြုံများပြားရင့်ကျက်သူများ၊ ပညာရှိများ၊ အရိယာသူတော်ကောင်းများ၌မူ ဆိုဖွယ်ရာမရှိချေ။ ထို့ကြောင့် မိမိတို့၏ ဘဝခရီး၌ မိမိတို့ထက်ကောင်းသည့်အချက်များ လူတို့တွင်ရှိသည်ဟု မှတ်ယူလိုက်လျှင်ပင် ကောင်းသော မနသိကာရကိုဖြစ်စေ၏။ မိမိတို့၏ ရှည်လျားသောဘဝခရီးအတွက်မူ ကောင်းသောအတွေး၊ ကောင်းသော အမြင်များကို ကောင်းသောသူများထံမှ ရယူသင့်ပေ၏။

မိမိတို့တွင်အတွေးမှား၊ အမြင်မှားများရှိသည်ဟု ကောင်းသောသူတို့က ဝေဖန်ထောက်ပြလျှင်လည်း လက်ခံရမည်သာဖြစ်၏။ မိမိအတွေးသာ မှန်သည်ဟုထင်လျှင် တရားအလိုရ သက္ကာရဒိဋ္ဌိ(အတ္တများသူ)ဟု ထင်မြင်မိပါ၏။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် ကောင်းသောဘဝခရီးအတွက် ကောင်းသောသူတို့ထံမှ ကောင်းသောအမြင်၊ ကောင်းသောအတွေးများကို ရယူကြဖို့လိုသည်ဟု ရှုမြင်သုံးသပ်မိပါသည်။ ။

## တတိယအကြိမ် အာဆီယံတရားသူကြီးချုပ်များ ညီလာခံတက်ရောက်ရန် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ဖိလစ်ပိုင်နိုင်ငံ ဘိုရာတေးကျွန်းတွင် မတ် ၁ ရက်မှ ၃ ရက်အထိ ကျင်းပမည့် **"တတိယအကြိမ် အာဆီယံတရားသူကြီးချုပ်များညီလာခံ"**သို့ တက်ရောက်ရန်အတွက် ယနေ့ နံနက် ၈ နာရီ မိနစ် ၄၀ တွင် လေကြောင်းခရီးဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာသွားသည်။

အာဆီယံတရားသူကြီးချုပ်များ ညီလာခံသည် အာဆီယံဒေသ၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ရန် ရည်ရွယ်၍ ၂၀၁၃ ခုနှစ်မှစတင်ပြီး နှစ်စဉ်ကျင်းပသည့် ဒေသတွင်းတရားစီရင်ရေးဆိုင်ရာ အစည်းအဝေးဖြစ်သည်။ ယခုကျင်းပမည့် "တတိယအကြိမ်အာဆီယံတရားသူကြီးချုပ်များ ညီလာခံ"တွင် အာဆီယံတရားစီရင်ရေး အဖွဲ့အစည်းများ၏ သတင်းအချက်အလက်များ internet portal တစ်ခု ဖွံ့ဖြိုးဖြစ်ပေါ်စေခြင်း၊ အာဆီယံဒေသတွင်း တရားသူကြီးများနှင့် တရားရေးအရာရှိများ၏ လေ့ကျင့်သင်ကြားမှု ပူးပေါင်းဆောင်ရွက်ခြင်း၊ တရားရုံးဆိုင်ရာ နည်းပညာအသုံးပြုမှု၊ မှုခင်းစီမံခန့်ခွဲမှုနည်းလမ်းများနှင့် အာဆီယံဒေသတွင်း တရားမမှုခင်းဆင့်ဆိုမှုများ စသည့်ကိစ္စရပ်များကို ဆက်လက်ဆွေးနွေးကြမည်ဖြစ်သည်။

ပြည်ထောင်စုတရားသူကြီးချုပ်အား ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားသူကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၁**

၂၀၁၅ ခုနှစ် မတ် ၁ ရက်တွင်ကျရောက်သော ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါ သမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံ ဝန်ကြီးအဖွဲ့ ဒုတိယအကြီးအကဲနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဇလတ်ကို လဂမ်(ဒ်)ဇီဂျထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံသို့ ဈေးကွက်ပိုမိုချဲ့ထွင်လာသော ပြည်ပနိုင်ငံများမှဆေးရုံများတွင် မလေးရှားနိုင်ငံလည်းပါဝင်လာ


**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

မြန်မာနိုင်ငံအတွင်းသို့ ဈေးကွက်ပိုမိုချဲ့ထွင်လာသော ပြည်ပနိုင်ငံများမှ ဆေးရုံများတွင် ထိုင်း၊ စင်ကာပူတို့အပြင် မလေးရှားနိုင်ငံလည်း ပါဝင်လာကြောင်း ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများမှ သိရသည်။

အလှအပနှင့် ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာများ ဆောင်ရွက်ကြမည့် မြန်မာနိုင်ငံအတွင်း နေထိုင်သူများအား ထိုင်း၊ စင်ကာပူနိုင်ငံတို့ရှိ နာမည်ကြီး ဆေးရုံကြီးများက ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲများ၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ဈေးကွက်ချဲ့ထွင်ခြင်းများ ပြုလုပ်လျက်ရှိရာတွင် မလေးရှားနိုင်ငံမှ ဆေးရုံများလည်း ပိုမိုဈေးကွက်ချဲ့ထွင်လာကြသည်ဟု သိရသည်။ မြန်မာနိုင်ငံမှ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများ အများဆုံးသွားရောက်ပြုလုပ်လေ့ရှိသည့်နိုင်ငံများမှာ ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ ဖြစ်ပြီး ယခုအခါ မလေးရှားနိုင်ငံတွင်လည်း သွားရောက်ကုသနိုင်ရန် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလာသည်ဟု သိရသည်။

မလေးရှားနိုင်ငံ INSTITUT JANTUNG NEGARA (National Heart Institute) ဆေးရုံမှ ယခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ကိုယ်စားလှယ်ရုံးလာရောက်ဖွင့်လှစ်ကာ နှလုံးရောဂါဝေဒနာရှင်များအတွက် အကောင်းဆုံးဝန်ဆောင်မှု၊ ဈေးနှုန်းချိုသာမှုတို့ဖြင့် ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။ ၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော IJN ဆေးရုံသည် မလေးရှားနိုင်ငံတွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နေသော ဆေးရုံတစ်ခုဖြစ်ပြီး ဝန်ဆောင်မှုနှင့် ဈေးနှုန်းအာမခံချက်ရှိသည်ဟု အဆိုပါဆေးရုံမှ တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ Summit Park View ဟိုတယ်တွင် ကျင်းပခဲ့သည့် သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ မလေးရှားနိုင်ငံ IJN ဆေးရုံမှ နှလုံးရောဂါ ခွဲစိတ်အထူးကု ဆရာဝန်ကြီး DATO'DR.K.Balachandran က IJN ဆေးရုံတွင် ကုသဆောင်ရွက်ပေးနေသည့် နှလုံးရောဂါကုသဆောင်ရွက်မှု၊ နောက်ဆုံးပေါ်နည်းပညာများဖြင့် သာမန်နှလုံးအပေါက်ခွဲစိတ်မှုမျိုးမှ နှလုံးနှင့် အဆုတ်အစားထိုး ခွဲစိတ်ကုသပေးခြင်းများ၊ လူကြီးနှလုံးရောဂါကုဌာန၊ ကလေး နှလုံးရောဂါကုဌာနနှင့် နှလုံးသွေးကြောဆိုင်ရာ ခွဲစိတ်ဌာနများဖြင့် နှလုံးရောဂါအမျိုးမျိုးကိုကုသပေးနေမှုတို့နှင့် ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံတို့တွင် ဆေးကုသစရိတ်ထက် ပိုမိုသက်သာပြီး ဝန်ဆောင်မှု အရည်အသွေး ကောင်းမွန်စွာဆောင်ရွက်ပေးနေသည်ဟု ရှင်းလင်းပြောကြားခဲ့သည်။

လက်ရှိမြန်မာနိုင်ငံမှ နှလုံးရောဂါဝေဒနာရှင်များ သွားရောက်ကုသခံမှုတွင် ကလေးငယ်များ မွေးရာပါနှလုံးအပေါက်နှင့် နှလုံးရောဂါများကို သွားရောက်ကုသမှု အများဆုံးဖြစ်သည်ဟု သိရသည်။ IJN ဆေးရုံအနေဖြင့် မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ၂၀၁၄ ခုနှစ်အတွင်း သုံးကြိမ်တိုင်တိုင် ရန်ကင်းကလေးဆေးရုံတွင် ဆင်းရဲနွမ်းပါး၍ မွေးရာပါနှလုံးရောဂါဝေဒနာများခံစားနေရသည့် ကလေးငယ် ၁၈ ဦးကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး IJN ဆေးရုံမှ နှလုံးအထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် အတွေ့အကြုံများနှင့် ပညာရပ်ဆိုင်ရာများ ဖလှယ်ခွင့်ရရှိခဲ့ကြသည်ဟု သိရသည်။ ယခုနှစ်အတွင်းတွင်လည်း ယင်းကဲ့သို့ ကလေးငယ်များအပြင် လူကြီးများအတွက်ကိုလည်း ဆက်လက်ဆောင်ရွက်ပေးနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်ဟု IJN ဆေးရုံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **(၀၀၁)**



## သံအမတ်ကြီးဦးစံမြင့်ဦး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မတ် ၁**

တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစံမြင့်ဦးသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် ဒီလီမြို့၌ တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တော် မာတန်ရောက်ခ်ထံ ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

**(သတင်းစဉ်)**

ဆေးသိပ္ပံ Tutor ဝင်ခွင့် (ဆေးတက္ကသိုလ်) ဘာသာစုံ ဖွင့်ပြီ
since1984 အဖြူလေး 095146452
ဦးဟန်သာ အင်္ဂလိပ်စာ တက္ကသိုလ် ဆရာဟောင်း
အမှတ်၅(၃လွှာ) ဦးထွန်းလင်းခြံလမ်း၊ တာမွေရှတ်လှည်းတန်း
https://www.facebook.com/hantha.saya/photos
၂၀၁၄-၁၅ ၁၀တန်းဖြေများအတွက်
ဆေးတက္ကသိုလ်ဝင်ခွင့်
March 24 စမည်

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

မြေကွက်ရောင်းမည်
ပေ(၅၀×၆၀)၊ ဂရန်၊
အဆင့်မြင့်(၅)ရပ်ကွက်၊ လှိုင်သာယာ၊
တပင်ရွှေထီးလမ်းမကြီးလမ်းသွယ်၊
သိန်း (၁၂၀၀)
ဖုန်း-၀၉-၈၆၁၈၆၁၃၊

တန့်ကွက်နိုင်ကြောင်းကြော်ငြာ

နွေရာသီပန်းချီသင်တန်း
Kant Kaw
Art Class
အမှတ် 66/68(A)၊အခန်း 6(C)၊ အင်းစိန်လမ်းမ
စံရိပ်ငြိမ် (စံရိပ်ငြိမ်မှတ်တိုင်၊လှည်းတန်းအနီး)
09-5059415, 09-976567183

# တိုင်းပြည်ရဲ့အနာဂတ်လူငယ်တွေက တမ်းတကြ၊ လေးစားကြ၊ အားကျရတဲ့ခေါင်းဆောင်တွေဖြစ်စေဖို့ ဒီကနေ့လူငယ်တွေ ကြိုးပမ်း

❖ **ရွှေဖုံးမှ**

နိုင်ခဲ့ကြပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်များရဲ့ နက်နဲသိမ်မွေ့မှုကြောင့် အချိန်ယူဖြတ်ကျော်နေရတဲ့ အခိုက်အတန့်မှာ ပြည်သူအများစုရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ် အပေါ် စိုးရိမ်စိတ်တွေ လျော့ပါးစေရေးနဲ့ ပြည်သူတွေရဲ့ မျှော်လင့်ချက်များ လျော့ပါးမသွားစေဖို့ ငြိမ်းချမ်းရေး ဆောင်ရွက်နေတဲ့ ခေါင်းဆောင်များအနေနဲ့ ခိုင်မာတဲ့ ကတိကဝတ်ပေးဖို့လိုအပ်တယ်လို့ တိုင်းရင်းသား ခေါင်းဆောင်အချို့က ကျွန်တော့်ကို အကြံပြုခဲ့ကြပါတယ်။ ကျွန်တော့်အနေနဲ့ တိုင်းရင်းသားခေါင်းဆောင် များရဲ့ အကြံဉာဏ်ကို အလေးအနက် လက်ခံစဉ်းစားပြီး အခုလို ကတိပြုချက်ကို လက်မှတ်ရေးထိုးနိုင်ဖို့ ပူးပေါင်း ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းပဲဖြစ်ပါတယ်။ ဒီကတိပြုချက် ဟာ ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့ အရေးကြီးအဆင့်များဖြစ်တဲ့ တစ်နိုင်ငံလုံး အတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို အပြီးသတ် ညှိနှိုင်းနိုင်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်များ ရေးဆွဲနိုင်ရေးနဲ့ နိုင်ငံရေး ဆွေးနွေးပွဲများကို ၂၀၁၅ ခုနှစ်အတွင်းမှာ အမြန်ဆုံး စတင်နိုင်ရေး စတဲ့ လုပ်ငန်းစဉ်များကို ငြိမ်းချမ်းရေး ဖော်ဆောင်နေတဲ့ ခေါင်းဆောင်များအားလုံးက တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ ပွင့်လင်းမြင်သာမှုတို့ကို အခြေခံပြီး ဆောင်ရွက်သွားမယ်ဆိုတာကို ပြည်သူများထံ အလေးအနက်ကတိပြုတဲ့အနေနဲ့ လက်မှတ်ရေးထိုးခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ အားလုံးပြည့်စုံလုံလောက်တဲ့အဆင့်မှာ မရှိသေးဘူးဆိုတာကို ကျွန်တော်တို့အားလုံး လက်ခံထားကြရမှာဖြစ်ပါတယ်။ ဒါကြောင့် စိန်ခေါ်မှုများ၊ အခက်အခဲများကို ကျော်လွှားနိုင်ဖို့အတွက် ပေါ်ပေါက်လာတဲ့ အခွင့်အလမ်းများ၊ ရေရာသေချာမှုများကို ခိုင်မာစေဖို့ဆိုတဲ့ စေတနာနဲ့ ကျွန်တော်ကိုယ်တိုင် ပါဝင်လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဆက်လက်ရှင်သန်ရေး၊ ယုံကြည်မှုတည်ဆောက်ရေး၊ လုပ်ငန်းစဉ်အဆင့်ဆင့် အောင်မြင်ရေးဆိုတဲ့ စိတ်ရင်းစေတနာမှန်ကို ထပ်လောင်းအတည်ပြုလိုတဲ့အတွက် ရေးထိုးရခြင်းလည်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကို တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းနည်းလမ်း နဲ့သာ ဖြေရှင်းရေးဆိုတဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှု ဖြစ်စဉ်အပေါ် ကျွန်တော်တို့အစိုးရရဲ့ အလေးအနက်ထားမှုကို သက်သေထူခြင်းလည်းဖြစ်ပါတယ်။ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနဲ့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေး အဖွဲ့တို့ရဲ့ အစည်းအဝေးများကိုလည်း မတ်လအလယ် လောက်မှာ ဆက်လက်ပြုလုပ်သွားဖို့ စီစဉ်ဆောင်ရွက်လျက်လည်း ရှိပါတယ်။

ဖေဖော်ဝါရီလအတွင်းမှာ တိုင်းရင်းသားများရဲ့ အမျိုးသားနေ့အထိမ်းအမှတ်များ၊ အခမ်းအနားများ ရှိပါတယ်။ တိုင်းရင်းသားရိုးရာဓလေ့များနဲ့ ကြန်အင်လက္ခဏာတွေ ပြန်လည်ဖော်ကျူးနိုင်ဖို့၊ တိုင်းရင်းသားများရဲ့ အမျိုးသားနေ့များကို ဂုဏ်သိက္ခာရှိစွာ ပြန်လည်ကျင်းပနိုင်ခြင်းဟာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကနေ ပေါ်ထွက်လာတဲ့ နိုင်ငံရေးဖြစ်ထွန်းမှုများ အဖြစ် ရှုမြင်ရမှာလည်းဖြစ်ပါတယ်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲများနဲ့ပတ်သက်ပြီး အနည်းငယ်ရှင်းလင်း ပြောကြားလိုပါတယ်။ အချုပ်အခြာအာဏာ၊ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်နဲ့ ပြည်ထောင်စုရဲ့ သွေးစည်းညီညွတ်မှုဆိုတဲ့ ကိစ္စများကို လက်နက်ကိုင် အကြမ်းဖက်တဲ့နည်းလမ်းနဲ့ ထိပ်တိုက်ရင်ဆိုင်လာမှုကို တပ်မတော်နဲ့ လုံခြုံရေးအဖွဲ့အစည်းများအနေနဲ့ အလျင်အမြန် တုံ့ပြန်ကာကွယ်မှုများ ပြုလုပ်ခဲ့ရပါတယ်။

တိုက်ပွဲများဖြစ်ပွားရာဒေသများက ပြည်သူလူထုတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်ဖို့ အလွန်အရေးကြီးတာဖြစ်တဲ့အတွက် အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒေသခံပြည်သူလူထုများကို တတ်အားသရွေ့ ဝိုင်းဝန်းကူညီပေးကြတဲ့ တာဝန်သိပြည်သူများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများရဲ့ နိုင်ငံသားကောင်းပီသမှုကိုလည်း ကျွန်တော့်အနေနဲ့ အလေးအနက် အသိအမှတ်ပြုကြောင်းပြောကြားလိုပါတယ်။ ကိုးကန့်ဒေသမှာ အသက်စွန့်တာဝန်ထမ်းဆောင်နေတဲ့ စစ်သည်တစ်ဦးချင်းအပေါ်မှာ ပြည်သူများရဲ့မေတ္တာထားရှိမှု၊ အားပေးထောက်ခံမှု၊ ပံ့ပိုးကူညီမှုများကို တွေ့ရတဲ့အတွက် ကျွန်တော့်အနေနဲ့ အားတက်ဝမ်းမြောက်မိကြောင်းလည်း ပြောကြားလိုပါတယ်။ အသက်ခန္ဓာ စွန့်လွှတ်အနစ်နာခံပြီး တိုင်းပြည်ကာကွယ်သွားကြတဲ့၊ သက်စွန့်ဆံဖျားတိုင်းပြည်တာဝန်များကို ထမ်းဆောင်လျက်ရှိကြတဲ့ တပ်မတော်သားများ အားလုံးအတွက်လည်း နိုင်ငံတော်သမ္မတအနေနဲ့ လေးစားဂုဏ်ယူကြောင်း အလေးအနက် ပြောကြားလိုပါတယ်။ တစ်ချိန်တည်းမှာပဲ တိုက်ပွဲဖြစ်ပွားရာဒေသက ပြည်သူများကို မွန်မြတ်တဲ့ စိတ်စေတနာနဲ့ ကယ်ဆယ်ရေးလုပ်ငန်းများကို စွန့်စွန့်စားစားလုပ်ဆောင်ခဲ့ကြတဲ့ ကြက်ခြေနီအဖွဲ့များကိုလည်း ချီးကျူးဂုဏ်ပြုအပ်ပါတယ်။

ကိုးကန့်ဒေသမှာဖြစ်ပွားနေတဲ့ တိုက်ပွဲများနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံတော်အစိုးရနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြားမှာ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် နှစ်နိုင်ငံအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးချက်နဲ့အညီ ပူးပေါင်းဆောင်ရွက်ကြဖို့ သဘောတူညီထားပြီးဖြစ်ပါတယ်။ ကာလရှည်ကြာရှိခဲ့တဲ့ နှစ်နိုင်ငံဆက်ဆံရေး၊ တန်းတူရည်တူ အပြန်အလှန်လေးစားသမှုရှိရေးနဲ့ တစ်နိုင်ငံရဲ့နယ်မြေကိုအသုံးချပြီး အခြားတစ်နိုင်ငံရဲ့အကျိုးစီးပွားကို ထိပါးစေမယ့် အဖျက်အမှောင့်လုပ်ငန်းတွေကို နှစ်နိုင်ငံလုံးက ခွင့်ပြုမှာမဟုတ်ဘူးဆိုတဲ့ နားလည်မှုမျိုးလည်း နှစ်နိုင်ငံကြားမှာ ရှိထားပြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းဖို့ ပြည်သူများနဲ့တစ်သားတည်းရှိတယ်ဆိုတာကိုလည်း အလေးအနက်ထုတ်ဖော်ပြောကြားထားပြီးဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ ကိုးကန့်ဒေသရဲ့ လုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေးကို ထိန်းချုပ်လာနိုင်ပြီဖြစ်သလို ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက်လည်း အစီအမံများ စီစဉ်ထားရှိပြီးဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရတာဝန်ယူပြီးနောက်မှာ ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ ကဏ္ဍစုံပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအနက် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုဟာလည်း အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခု၊ လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါတယ်။ သို့သော်လည်းပဲ နှစ်ပေါင်းများစွာ ယိုယွင်းခဲ့တဲ့ ကိစ္စရပ်တစ်ခုကို ပြင်ဆင်ဖို့ကြိုးပမ်းတဲ့အခါ လိုအပ်ချက်တွေ၊ စိန်ခေါ်မှုတွေရှိတာဟာလည်း သဘာဝကျတဲ့ ကိစ္စရပ်ဖြစ်ပါတယ်။ အမျိုးသားပညာရေးဥပဒေမှာလည်း ပညာရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာကျောင်းသားအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနဲ့ တိုင်ပင်ပြီး ပြည်သူများရဲ့ လိုအပ်ချက်များနဲ့အညီ ပြင်ဆင်နိုင်ဖို့ ဆောင်ရွက်ပေးခဲ့ပြီး အခုဆိုရင် လွှတ်တော်မှာ အသေးစိတ်ဆွေးနွေးလုပ်ဆောင်နေကြပြီဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ အထူးပြုပြီးပြောချင်တာကတော့ ဒီလိုပြုပြင်ပြောင်းလဲဖို့ ကြိုးပမ်းတဲ့အခါမှာလည်း မြန်မာနိုင်ငံရဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းမှုခိုင်မာရေးနဲ့ ပွင့်လင်းလွတ်လပ်ပြီး ငြိမ်းချမ်းသာယာတဲ့ လူ့အဖွဲ့အစည်းတည်ဆောက်ရေးအတွက် မောင်းနှင်အားဖြစ်လာမယ့် ပညာရေးစနစ်တစ်ခု အောင်မြင်စွာ ပေါ်ပေါက်လာဖို့အတွက် ရေတိုရေရှည် အစီအမံများ၊ လွှမ်းခြုံစဉ်းစားမှုများနဲ့ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ကြဖို့ ပါဝင်ပတ်သက်နေတဲ့ အဖွဲ့အစည်းအသီးသီးကို တိုက်တွန်းပြောကြားလိုပါတယ်။

မြန်မာနိုင်ငံမှာ အလုပ်သမားအခွင့်အရေးများအနက် အခြေခံအကျဆုံးကိစ္စရပ်တစ်ခုဖြစ်တဲ့ အနိမ့်ဆုံးလုပ်ခလစာ သတ်မှတ်နိုင်ရေးအတွက် အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနဲ့ လုပ်ငန်းရှင်များရဲ့ ကိုယ်စားလှယ်များ ပူးပေါင်းပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုကြိုးပမ်းကြတဲ့အခါမှာ အလုပ်ရှင်၊ အလုပ်သမား ဘက်ပေါင်းစုံအတွက် မျှတတဲ့နှုန်းထားများ ပေါ်ပေါက်လာရေးကို ဒေသချင်းမတူညီမှု၊ အလုပ်ရုံစက်ရုံချင်းမတူညီမှု အပေါ်မှာ စနစ်တကျ လေ့လာခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို လုပ်ငန်းစဉ်အဆင့်ဆင့်အနေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်လည်း ရှိပါတယ်။ အနိမ့်ဆုံးလုပ်ခလစာ သတ်မှတ်နိုင်ရေးဟာ ဆောလျင်စွာလုပ်ဆောင်ရမယ့် ကိစ္စဖြစ်သော်ငြားလည်း မျှတတဲ့နှုန်းထားတစ်ခု ပေါ်ပေါက်ဖို့အတွက် လုံလောက်တဲ့ပြင်ဆင်မှုများ၊ လေ့လာမှုများ၊ ဆွေးနွေးညှိနှိုင်းမှုများကို အမြင်ကျယ်ကျယ်၊ သဘောထားကြီးကြီးထားပြီး သည်းခံစိတ်ရှည်မှုနဲ့ ဆွေးနွေးကြဖို့တိုက်တွန်းပြောကြားလိုပါတယ်။ အဓိကအကျဆုံးကတော့ မလိုလားအပ်တဲ့ ထိပ်တိုက်ရင်ဆိုင်ရေးနည်းလမ်းနဲ့ အင်အားသုံးဖြေရှင်းရခြင်းဆိုတဲ့ နည်းလမ်းများကို ရှောင်လွှဲနိုင်ရေးပဲဖြစ်ပါတယ်။ လွန်ခဲ့တဲ့ လေးနှစ်တာကာလအတွင်းမှာ အလုပ်သမားရေးရာကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာမှာ ထိပ်တိုက်ရင်ဆိုင်ရေးနည်းလမ်းများကို ရှောင်ရှားပြီး အစိုးရ၊ အလုပ်သမားအဖွဲ့အစည်းများရဲ့ ကိုယ်စားလှယ်များနဲ့ လုပ်ငန်းရှင်ကိုယ်စားလှယ်များ အကျေအလည်ဆွေးနွေးညှိနှိုင်းခြင်းဖြင့် လိုအပ်ချက်တွေကို အောင်မြင်အောင် ညှိနှိုင်းနိုင်ခဲ့တဲ့ သာဓကတွေလည်းရှိခဲ့ပါတယ်။ ဒါကြောင့် အလုပ်ရှင်၊ အလုပ်သမားများအကြား လိုအပ်ချက်တွေ ဖြေရှင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးညှိနှိုင်းခြင်းနည်းလမ်းနဲ့ ဖြေရှင်းဆောင် ရွက်သွားကြရမှာဖြစ်ပါတယ်။ လက်ရှိပေါ်ပေါက်နေတဲ့ အလုပ်သမားဆိုင်ရာ အငြင်းပွားမှုများမှာလည်း အစိုးရအနေနဲ့ အလုပ်ရှင်နဲ့အလုပ်သမား နှစ်ဦးနှစ်ဖက်တွေ့ဆုံဆွေးနွေးရေး လမ်းကြောင်းကနေ ဖြေရှင်းဆွေးနွေးကြဖို့ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဝိုက်ကတ်လို့ခေါ်တဲ့ ယာယီသက်သေခံလက်မှတ်များနဲ့ ပတ်သက်ပြီး ပြည်သူများအနေနဲ့ မေးခွန်းများပေါ်ပေါက်နေတဲ့ကိစ္စနဲ့ပတ်သက်ပြီး ရှင်းလင်းပြောကြားလိုပါတယ်။ ဒီဝိုက်ကတ်ကိုင်ဆောင်ထားသူတွေရဲ့ နိုင်ငံသားဖြစ်မှု ရေရာသေချာစွာ စိစစ်နိုင်ဖို့ မကြာခဏဆိုသလို အခက်အခဲတွေ ပေါ်ပေါက်ခဲ့တဲ့အတွက် လူတစ်ဦး နိုင်ငံသားဖြစ်၊ မဖြစ် စိစစ်နေဆဲကာလမှာ အသိအမှတ်ပြုအထောက်အထားတစ်ခုအနေနဲ့သာ ယာယီထုတ်ပေးထားခြင်းဖြစ်ပါတယ်။ နိုင်ငံသားဖြစ်မှုနဲ့ ပတ်သက်တဲ့ကိစ္စများကိုလည်း ဥပဒေနဲ့အညီ လိုအပ်သလို စိစစ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယာယီသက်သေခံလက်မှတ်များရဲ့ သက်တမ်းဟာ လာမယ့် မတ်လအကုန်မှာ ကုန်ဆုံးမှာဖြစ်တယ်လို့လည်း တရားဝင် ကြေညာထားပြီးဖြစ်ပါတယ်။ နိုင်ငံသားစိစစ်ဆဲကာလအတွင်းမှာလည်း ရသင့်ရထိုက်တဲ့ အခွင့်အရေး မဆုံးရှုံးဖို့ အစိုးရ၊ အဖွဲ့အစည်းအသီးသီးက အကူအညီများ ပေးအပ်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရတာဝန်ယူချိန်ကစလို့ မြန်မာ့လူ့အဖွဲ့အစည်းအတွက် လိုအပ်နေတဲ့ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒီဆုံးဖြတ်ချက်များဟာ ပြည်သူလူထုလိုလားတဲ့ ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်မယ်ဆိုတဲ့ အခြေခံစဉ်းစားမှုများနဲ့ စတင်ခဲ့တာဖြစ်ပါတယ်။ ပထမဦးစွာ ဒီလုပ်ငန်းစဉ်တွေ ပေါ်ပေါက်လာဖို့ လိုအပ်တဲ့ဖြေလျှော့မှုတွေကို လုပ်ဆောင်ခဲ့ပါတယ်။ ဒီနေရာမှာ အနာဂတ်ကာလများမှာ လက်ရှိမျိုးဆက်တွေရဲ့ တာဝန်ကို လက်ဆင့်ကမ်းထမ်းဆောင်ကြမယ့် လူငယ်များရဲ့ အခန်းကဏ္ဍကိုလည်း အလေးအနက်ထား စဉ်းစားခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာ့နိုင်ငံရေးသမိုင်းမှာ လူငယ်များရဲ့အခန်းကဏ္ဍနဲ့ တာဝန်ကျေပွန်မှု အစဉ်အလာကို အစဉ်အလေးထားပါတယ်။ ဒါ့ကြောင့် လက်ရှိ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များမှာ လူငယ်များ ဂုဏ်သိက္ခာရှိရှိ ပါဝင်နိုင်ရေးကိုလည်း လျစ်လျူရှုခြင်းမပြုခဲ့ဘဲ အားပေးကူညီခဲ့ပါတယ်။ နိုင်ငံရေးအရ ဖြေလျှော့မှုတွေကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ယနေ့လူငယ်တွေအနေနဲ့ တစ်ချိန်က အထီးကျန်ဆန်ခဲ့ရတဲ့ တိုင်းပြည် အခြေအနေကြောင့် ကမ္ဘာကြီးနဲ့ မျက်ခြည်ပြတ်ခဲ့ရတဲ့ အခြေအနေကနေ ကမ္ဘာကြီးနဲ့ လွတ်လပ်စွာ ကူးလူးဆက်ဆံလာနိုင်ခြင်းဆိုတဲ့ အခွင့်အလမ်းများကို ရရှိလာခဲ့ပါတယ်။ လွတ်လပ်စွာ လှုပ်ရှားလုပ်ဆောင်နိုင်ခွင့်နဲ့ နိုင်ငံတကာနဲ့ ချိတ်ဆက်ပြီး အသစ်၊ အသစ်တွေကို သင်ယူလာနိုင်တာနဲ့ အမျှ အတွေးအခေါ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများလည်း တိုးတက်ရရှိလာနေတာကို တွေ့ရပါတယ်။

ဒါဟာ အနာဂတ်ကာလမှာ ခေါင်းဆောင်မှုပေးနိုင်ရန် ပညာတတ်သော၊ အရည်အချင်းပြည့်ဝသော၊ ဂုဏ်သိက္ခာရှိသော လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးရာရောက်တဲ့ ပထမခြေလှမ်းလို့ ဆိုရမှာဖြစ်ပါတယ်။ လူငယ်များအနေနဲ့လည်း ပွင့်လင်းလာတဲ့ အခြေအနေများကို အမိအရ အသုံးချပြီး မိမိတို့အတွက် အတွေ့အကြုံ၊ ဗဟုသုတ၊အတွေးအမြင်များ တိုးတက်ဖို့ ပြင်ဆင်လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ ဒီလို ပြင်ဆင်မှုတွေရှိမှသာလျှင် ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းကို မျိုးဆက်တစ်ဆက်မှ တစ်ဆက်ကို လွှဲပြောင်းပေးချိန်မှာ တစ်ဆင့်ပြီးတစ်ဆင့် ဖွံ့ဖြိုးတိုးတက်သွားနိုင်မှာဖြစ်တဲ့အတွက် စဉ်ဆက်မပြတ် ကြိုးပမ်းပြင်ဆင်ကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။

ဖေဖော်ဝါရီလထဲမှာ ထူးခြားချက်တစ်ခုကတော့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်နဲ့ တိုက်ဆိုင်ခဲ့ခြင်းပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဂုဏ်ရည်များကို အောက်မေ့တဲ့၊ အနာဂတ်ရဲ့ မျိုးဆက်သစ်တွေ အားကျအတုယူဖွယ်ဖြစ်စေတဲ့ ဖော်ကျူးမှုတိုင်းကိုလည်း ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။ တစ်ဆက်တည်းမှာပင် ကျွန်တော်တို့အားလုံး တစ်ဦးချင်းစီဟာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ အဆိုအမိန့်များ၊ ကိုယ်ကျင့်တရားနဲ့ တိုင်းပြည်အပေါ် ထားရှိတဲ့ အာဇာနည်စိတ်ဓာတ်ကို ချီးမွမ်းနေရုံ၊ လေးစားအားကျရုံ၊ ဖော်ကျူးရုံမျှနဲ့ တာဝန်ကျေပြီလို့ မယူဆကြဘဲ လိုက်နာလုပ်ဆောင်ဖို့ လိုကြောင်းကိုလည်း မီးမောင်းထိုးပြလိုပါတယ်။ ဗိုလ်ချုပ်ရဲ့ အဆိုအမိန့်များကို လက်တွေ့ကျင့်သုံးနိုင်ဖို့နဲ့ ဗိုလ်ချုပ်ရည်မှန်းခဲ့တဲ့ ဒီမိုကရေစီအရေး၊ တန်းတူရည်တူရှိရေးနဲ့ ကမ္ဘာ့အလယ်မှာတင့်တယ်တဲ့ ပြည်ထောင်စုကြီးတစ်ရပ်အဖြစ် ရောက်ရှိအောင် နိုင်ငံရေးခေါင်းဆောင်များအားလုံးနဲ့ နိုင်ငံသားတစ်ဦးချင်းစီက ကြိုးပမ်းတည်ဆောက်ခြင်းသည်သာလျှင် တာဝန်ကျေပြီး ကျေးဇူးဆပ်ရာရောက်တယ်လို့ ခံယူထားကြရမှာဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ အနာဂတ် အနှစ် ၁၀၀ ကို ရည်မှန်းကြည့်တဲ့အခါ ထိုအချိန်မှာရှိနေကြမယ့် တိုင်းပြည်ရဲ့အနာဂတ် လူငယ်တွေက တမ်းတကြ၊ လေးစားကြ၊ အားကျရတဲ့ခေါင်းဆောင်တွေဖြစ်စေဖို့ ဒီကနေ့ လူငယ်တွေအနေနဲ့ ကြိုးပမ်းကြဖို့လည်း တိုက်တွန်းအားပေးလိုပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်၊ ဒီမိုကရေစီအသွင် ကူးပြောင်းရေးနဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်တဲ့အခြေခံများကို ကြိုးပမ်းတည်ဆောက်နေတာဖြစ်ပါတယ်။ ဒီဖြစ်စဉ်တစ်ခုချင်းစီရဲ့ အောင်မြင်မှုကို အဆုံးအဖြတ်ပေးနိုင်မယ့် အရေးကြီးတဲ့အချိန်ကာလများကိုလည်း ရောက်ရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့် လာမယ့်ကာလများမှာ ဒီလုပ်ငန်းစဉ် သုံးရပ်အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ ဖြစ်စဉ်တစ်ခုရဲ့ တိုးတက်မှုဟာ အခြားဖြစ်စဉ်တစ်ခုရဲ့ ဖြစ်ထွန်းတိုးတက်မှုအတွက် အားဖြည့်ပေးရာရောက်ပြီး ကျွန်တော်တို့လူ့အဖွဲ့အစည်းရဲ့ ရည်မှန်းချက်ကို ရောက်ရှိသွားစေဖို့အတွက် နိုင်ငံရေးခေါင်းဆောင်များအားလုံးနဲ့ ပြည်သူလူထုတစ်ဦးချင်းစီက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြဖို့လိုအပ်ကြောင်း တိုက်တွန်းပြောကြားလိုပါတယ်။ အထူးသဖြင့် တိုင်းပြည်ရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို အဆုံးအဖြတ်ပေးမယ့်၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံရေးအင်အားစုအားလုံး အင်တိုက်အားတိုက် ဝင်ရောက်ယှဉ်ပြိုင်မယ့် အထွေထွေရွေးကောက်ပွဲများကို ယခုနှစ် နိုဝင်ဘာလထဲမှာ ကျင်းပတော့မှာလည်းဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်မှာ နိုင်ငံရေးအရ ပြင်းထန်တဲ့ ပြိုင်ဆိုင်မှုများရှိတာဟာ သဘာဝကျတဲ့ကိစ္စဖြစ်ပါတယ်။ တစ်ဖက်မှာလည်း မိမိတို့ရဲ့ နိုင်ငံရေးရည်မှန်းချက်အတွက် အင်တိုက်အားတိုက် ယှဉ်ပြိုင်ကြတဲ့အခါ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် လေးစားမှု၊ နားလည်မှု၊ သဘောထားကြီးမှုများနဲ့ မိမိတို့ရဲ့ရည်မှန်းချက်ကို ရရှိဖို့ ကြိုးပမ်းရန် လိုအပ်ကြောင်းလည်း အလေးအနက် တိုက်တွန်းပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့ လူမှုစီးပွားဘဝ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင်၊ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့ အကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

မိဘပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

# ဆိုမာလီပင်လယ်ဓားပြများက ဖမ်းဆီးခံ ထိုင်းလူမျိုးရေလုပ်သားများအား လွှတ်ပေး

**နိုင်ရိုဘီ ဖေဖော်ဝါရီ ၂၈**

ဆိုမာလီ ပင်လယ်ဓားပြများ လက်ဝယ်၌ ငါးနှစ်နီးပါးမျှ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် ထိုင်းလူမျိုးရေလုပ်သားများကို ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြန်လည်လွှတ်ပေးလိုက်ကြောင်း ဆိုမာလီယာ အာဏာပိုင်များက ပြောကြားသည်ဟု ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ထိုင်းနိုင်ငံသား လေးဦးအား ဝေးလံသီခေါင်သောဒေသတစ်နေရာမှ မိမိတို့ ပြန်လည်ခေါ်ယူနိုင်ခဲ့ကြောင်း ဆိုမာလီနိုင်ငံ အလယ်ပိုင်း ဂယ်လူမက်ဒက် ပြည်နယ်အုပ်ချုပ်ရေးမှူး အိုမာဘာကစ်အလီက ပြောကြားသည်။

၂၀၁၀ ပြည့်နှစ် ဧပြီလအတွင်းက တရုတ်(တိုင်ပေ) အလံလွှင့်ထူထားသည့် ငါးဖမ်းယာဉ်ကို ဆိုမာလီ ပင်လယ်ဓားပြများက ပြန်ပေးဆွဲရာ၌ ရေယာဉ်ဝန်ထမ်း ၂၄ ဦးအနက် ထိုင်းလူမျိုး ရေလုပ်သားလေးဦးလည်း ပါဝင်သည်။ ၎င်းတို့သည် ပင်လယ်ဓားပြများလက်ဝယ်၌ ငါးနှစ်နီးပါးမျှ ကြာမြင့်စွာ ဖမ်းဆီးထိန်းသိမ်းမှုကို ခံခဲ့ကြရသူများဖြစ်သည်။

ဆိုမာလီ ပင်လယ်ဓားပြများ၏ ဖမ်းဆီးခံရမှုမှ လွတ်မြောက်လာသည့် ထိုင်းလူမျိုး ရေလုပ်သားများသည် ၎င်းတို့၏ မိသားစုများနှင့် ဆွေမျိုးသားချင်းများထံ တယ်လီဖုန်းဆက်သွယ်ပြောဆိုပြီး ထပ်တလဲလဲ ငိုကြွေးနေခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

**ဘီဘီစီ။**



# ယီမင်သမ္မတဟောင်း ဒေါ်လာဘီလီယံ ၆၀ အထိ မတရားမှုဖြင့် ကြွယ်ဝဟုဆို

**ကုလသမဂ္ဂ ဖေဖော်ဝါရီ ၂၈**

ယီမင်သမ္မတဟောင်း အလီ အဗ္ဗဒူလာ ဆာလက်ချ်သည် ၎င်းအာဏာရရှိချိန်နှင့် ရရှိပြီးနောက်ကာလအတွင်း အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံမှ ၆၂ ဘီလီယံအထိ တန်ဖိုးရှိသည့် မြောက်မြားလှစွာသော အဖိုးတန်ပစ္စည်းတို့ကို စုဆောင်းရယူခဲ့သည်ဟု သံသယရှိကြောင်း ကုလသမဂ္ဂကျွမ်းကျင်သူများက ယနေ့ပြောကြားသည်။

မစ္စတာဆာလက်ချ်သည် အဆိုပါချမ်းသာကြွယ်ဝမှုများကို အခြားသောသူများ၏ အမည်များဖြင့် နိုင်ငံခြားသို့ လွှဲပြောင်းပို့ခဲ့သည်ဟု ယုံကြည်ရကြောင်း ၎င်းတို့ကပြောသည်။

ယီမင်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင် အဆင်းရဲဆုံးနိုင်ငံဖြစ်သည်။ နိုင်ငံရေးအခြေအနေမှာ ရုတ်ရုတ်သဲသဲနှင့် အလွန်ဆိုးရွားလျက်ရှိပြီး ထိုဖြစ်စဉ်၏နောက်ကွယ်တွင် မစ္စတာဆာလက်ချ်က အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်ဟု ကျယ်ကျယ်ပြန့်ပြန့် ယုံကြည်ကြသည်။

အဂတိလိုက်စားမှုများပြုလုပ်ခဲ့သည်ဟူသော စွပ်စွဲချက်များမှာ မဟုတ်မမှန်ကြောင်း ၎င်းကငြင်းဆိုခဲ့ဖူးသည်။

၂၀၁၁ ခုနှစ် အာရပ်လူထုလှုပ်ရှားမှုများသည် ယီမင်၌လည်းဖြစ်ခဲ့ရာ နိုင်ငံ၏အာဏာကို ၃၃ နှစ်ကြာ ဆုပ်ကိုင်ထားသည့် မစ္စတာ ဆာလက်ချ်မှာ သမ္မတရာထူးမှ ဆင်းပေးခဲ့ရသည်။

အိုးအိမ်ခြံမြေများ၊ ငွေသားများ၊ ရှယ်ယာများ၊ ရွှေများနှင့် အခြားတန်ဖိုးကြီးမားသည့် ပစ္စည်းများ ပါဝင်သော မစ္စတာဆာလက်ချ်၏ ပိုင်ဆိုင်မှုများကို အနည်းဆုံးနိုင်ငံပေါင်း ၂၀ တွင် ဖြန့်ကြက်ထားသည်ဟု သတင်းများကဆိုသည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော်ကာလအတွင်း တရားမဝင်လုပ်ဆောင်ချက်များဖြင့် ၎င်း၏ပုဂ္ဂလိကပိုင်ဘဏ္ဍာအတွင်းသို့ တစ်နှစ်လျှင် ဒေါ်လာနှစ်ဘီလီယံနှုန်း စီးဝင်စေသည်ဟု စွပ်စွဲကြသည်။

အလီအဗ္ဗဒူလာဆာလက်ချ်သည် သမ္မတအဖြစ် တာဝန်ထမ်းဆောင်နေစဉ် နိုင်ငံတော်ဘဏ္ဍာငွေများအား မသမာမှုပြု၍ ချမ်းသာကြွယ်ဝလာခဲ့ခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် သဘာဝဓာတ်ငွေ့နှင့် ရေနံကန်ထရိုက်စာချုပ်များမှ ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

**ဘီဘီစီ။**

# ကမ္ဘာ့ရေနံဈေးနှုန်း ကျဆင်းမှုကြောင့် မလေးရှား ရေနံကုမ္ပဏီ အရှုံးပေါ်

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၈**

ကမ္ဘာ့ရေနံဈေးနှုန်းများ ကျဆင်းမှုကြောင့် မလေးရှားနိုင်ငံပိုင် စွမ်းအင်ကုမ္ပဏီဖြစ်သော ပက်ထရိုးနက်စ်ကုမ္ပဏီသည် ဘဏ္ဍာရေးနှစ်၏ စတုတ္ထသုံးလပတ်ကာလတွင် ရင်းဂစ် ၇ ဒသမ ၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၂ ဘီလီယံ)ဆုံးရှုံးရကြောင်း ဒေသဆိုင်ရာဌာနများက ဖေဖော်ဝါရီ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ပက်ထရိုးနက်စ်ကုမ္ပဏီသည် အစိုးရအဖွဲ့အတွက် အခွန်ဘဏ္ဍာဝင်ငွေ အများဆုံးထည့်ဝင်လျက်ရှိသော နိုင်ငံပိုင်လုပ်ငန်းတစ်ရပ်ဖြစ်သည်။ လာမည့်နှစ်နှစ်တာကာလတွင် ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်ကို ရင်းဂစ် ၂၀ မှ ၃၀ ဘီလီယံအထိ လျှော့ချသွားရန် စီစဉ်ထားကြောင်း ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားသည်။

၂၀၁၅ ခုနှစ်တွင် ပျမ်းမျှ ရေနံဈေးနှုန်းများ လွန်ခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက သိသိသာသာ လျော့ကျနေမည်ဟု မျှော်လင့်ရပြီး မိမိတို့ကုမ္ပဏီ၏ အမြတ်အစွန်း ရရှိနိုင်မှုအပေါ် ထိခိုက်စေနိုင်ကြောင်း ပက်ထရိုးနက်စ်ကုမ္ပဏီ၏ ကြေညာချက်တွင် ဖော်ပြသည်။

ရေနံဈေးနှုန်းများ ကျဆင်းနေမှုကို တုံ့ပြန်နိုင်စေမည့် မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲချမှတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် အက်ဇ်ဟာအာဘတ်စ်က ပြောကြားသည်။ **ပီတီအိုင်။**



# အာဖဂန်နစ္စတန် ဒေသအများအပြား၌ ရာသီဥတုဆိုးရွားမှုကြောင့် လူ ၂၀၀ ကျော် သေဆုံး

**ကဘူး ဖေဖော်ဝါရီ ၂၈**

အာဖဂန်နိုင်ငံနယ်မြေ အများအပြားတွင် ဆီးနှင်းခဲပြိုကျမှုများနှင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့မှုကြောင့် သေဆုံးရသူဦးရေ ၂၀၀ ကျော်ရှိကြောင်း၊ ပြင်းထန်သော ဆောင်းဥတုဆက်လက်ဖြစ်ပေါ်နေပြီး ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ရန် အခက်အခဲများရှိခြင်းကြောင့် သေဆုံးသူဦးရေ ထပ်မံတိုးလာနိုင်ဖွယ်ရှိကြောင်း ကယ်ဆယ်ရေးလုပ်သားများနှင့် ကုလသမဂ္ဂတာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြောကြားကြသည်။

အာဖဂန်နစ္စတန်နိုင်ငံ အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသများ၌ ရက်ပေါင်းအတန်ကြာမျှ ရာသီဥတုဆိုးရွားလျက်ရှိကြောင်း၊ နိုင်ငံ၏ ပြည်နယ် ၃၄ ခု အနက် ၁၈ ခုထက်မနည်းတွင် ရာသီဥတုဆိုးရွားမှုကြောင့် လူပေါင်း ၂၂၉ ဦး သေဆုံးခဲ့ရသည်ဟု သတင်းပေးပို့မှုရှိကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုရေးရာ ညှိနှိုင်းရေးရုံးက ပြောကြားသည်။

ဆီးနှင်းခဲများ ပြိုကျမှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်သူ လူရာပေါင်းများစွာ ရှိသည်။ ယခုရက်သတ္တပတ်အစောပိုင်းက ဆီးနှင်းမုန်တိုင်း တိုက်ခတ်မှုများဖြစ်ပွားခဲ့မှုကြောင့် လမ်းများပေါ်တွင် ဆီးနှင်းထုဖွဲ့စည်းဖြစ်ပေါ်နေပြီး သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ ပြတ်တောက်ခဲ့ရသည်။

**ပီတီအိုင်။**

# အိန္ဒိယရထားလုပ်ငန်း ခေတ်မီတိုးတက်ရေး အမေရိကန်ဒေါ်လာ ၁၃၇ ဘီလီယံသုံးစွဲမည်

**နယူးဒေလီ ဖေဖော်ဝါရီ ၂၈**

အိန္ဒိယနိုင်ငံသည် ရထားလုပ်ငန်း ခေတ်မီတိုးတက်ရေး အစီအစဉ်အတွက် အမေရိကန်ဒေါ်လာ ၁၃၇ ဘီလီယံသုံးစွဲမည်ဖြစ်ကြောင်း ရထားလုပ်ငန်းဝန်ကြီး ဆူရပ်ဘရာဘူက ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရထားလမ်းကွန်ရက် ခေတ်မီတိုးတက်ရန်လိုအပ်ကြောင်း၊ လာမည့်ငါးနှစ်တာ ကာလအတွင်း ရထားလမ်းကွန်ရက်ခေတ်မီတိုးတက်စေရေးအတွက် ရူပီး ၈ ဒသမ ၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၃၇ ဘီလီယံ) သုံးစွဲရန် လျာထားကြောင်း ရထားလုပ်ငန်းဝန်ကြီးက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၏ ရထားခရီးစဉ်များ ဘေးအန္တရာယ်လုံခြုံမှုကောင်းမွန်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်ဟု ၎င်းက ကတိပြုသည်။

ရထားလမ်းများကို တိုးချဲ့ဖောက်လုပ်သွားမည်ဖြစ်ပြီး အဓိကကျသော ရထားလမ်းများကို အသုံးပြုသည့် ခရီးစဉ်များအတွက် ခုတ်မောင်းသည့် အမြန်နှုန်းကို မြှင့်တင်သွားနိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း၊ ဘူတာရုံများတွင် ရထားစီးခရီးသည်များ ဝိုင်ဖိုင် အင်တာနက်ဆက်ကြောင်း အသုံးပြုနိုင်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရထားခရီးစဉ်များ တိုးတက်ကောင်းမွန်စေမည်ဖြစ်သော်လည်း ရထားခကို တိုးမြှင့်ကောက်ခံမည် မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

**ပီတီအိုင်။**



# တူညီသည့် ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် ပြည်သူများ ပူးပေါင်းပါဝင်အကောင်အထည်ဖော်ရန် လိုအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်စည်ပင်သာယာခန်းမတွင် ကျင်းပသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖြူးမြို့နယ် အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲသို့တက်ရောက်၍ နယ်မြေ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေး ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေ၊ ဥပဒေရေးရာနှင့် အထူး ကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ထွန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေးအထောက်အကူပြုကော်မတီများမှ တာဝန်ရှိ သူများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ပြည်သူ့ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယကက ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများသည် မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိဒေသလုံခြုံရေးနှင့် တည်ငြိမ် အေးချမ်းရေးကိစ္စရပ်များကို ဆောင်ရွက်နေကြရသည့် ပုဂ္ဂိုလ်များဖြစ်သည့်အတွက် မိမိတို့၏တာဝန်၊ လုပ်ပိုင်ခွင့် များကို သေသေချာချာ နားလည်သဘောပေါက်ပြီး ဒေသ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ပို၍ပို၍ စည်ပင်သာယာလာအောင် မှန်မှန်ကန်ကန် စနစ် တကျ အသုံးချရမည်ဖြစ်ပါကြောင်း၊ ယနေ့အချိန်ကာလ သည် ယခင်ကထက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင် သည့် အခွင့်အလမ်းများရှိပါကြောင်း၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများသည် ပြည်သူများကရွေးချယ်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည်နှင့်အညီ မိမိရပ်ကွက်၊ ကျေးရွာကို မှန်ကန်မျှတစွာ စီမံအုပ်ချုပ်ရန် လိုအပ်ပါ ကြောင်း။

မြို့နယ်အတွင်းတာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ ဝန်ထမ်းများအနေဖြင့် မိမိဇာတိ၊ မိမိမွေးရပ်မြေကဲ့သို့ သဘောထားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ပါဝင်ဆောင် ရွက်ကြရန်လိုအပ်ပါကြောင်း၊ မြို့နယ်အတွင်းတွင် ဖွဲ့စည်း ထားသည့် မြို့နယ်အထောက်အကူပြုကော်မတီ၊ မြို့နယ် စီမံခန့်ခွဲရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီများလည်းရှိပါကြောင်း၊ မိမိမြို့နယ် ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် အောက်ခြေကိုအခြေခံပြီး ဖွဲ့စည်း ထားသည့် ကော်မတီများကလည်း ဆောင်ရွက်နေကြပါ ကြောင်း၊ နိုင်ငံသားများသည် နိုင်ငံတော်ကိုသစ္စာစောင့်သို ရမည်ဖြစ်ပြီး နိုင်ငံတော်ကာကွယ်စောင့်ရှောက်ရေးတွင် လည်း ပါဝင်ကြရမည်ဖြစ်ကြောင်း၊ ယင်းတို့ကို၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထား ပါကြောင်း၊ နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံ သားများထံမှ ဆင်းသက်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံသား တိုင်းသည် မိမိနိုင်ငံ ကာကွယ်ရေးအတွက် တာဝန်ရှိပါ ကြောင်း၊ ထို့အတူ နိုင်ငံသားများဖြင့် ဖွဲ့စည်းထားသည့် ဝန်ထမ်းများသည်လည်း မိမိတာဝန်ကို တာဝန်ယူ၊ တာဝန်ခံ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။



တာဝန်ယူဆောင်ရွက်ရာတွင်လည်း စိတ်ကောင်း စေတနာထား၍ ဥပဒေနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ် ကြောင်း၊ မိမိရပ်ကွက်၊ ကျေးရွာအတွင်းတွင်ရှိသည့် ပြည်သူများ၏ လိုလားချက်များကို အဆင့်ဆင့်တင်ပြ ကူညီဖြေရှင်းဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့်လည်း ပြည်သူများ၏ လိုအပ်ချက်၊ ဆန္ဒသဘော ထား၊ အခွင့်အရေးကိုရယူ၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ယခုအခါ အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်ကြီးဖြစ်ရေးဆိုသည့် တူညီသည့်ရည်မှန်းချက်များ ထားရှိ ဆောင်ရွက်နေချိန်ဖြစ်ပါကြောင်း၊ မိမိတို့သည် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးဖြစ်ထွန်းစေမည့် ဥပဒေများပြဋ္ဌာန်းပြီး ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက် စီးပွားရေးစနစ်ကို တည်ဆောက်နေပါကြောင်း၊ တူညီ သည့် ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် နိုင်ငံ တော်အစိုးရနှင့် လွှတ်တော်တို့တွင် တာဝန်ရှိသည်မဟုတ်ဘဲ ပြည်သူများ ပူးပေါင်းပါဝင် အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း။

ပြည်သူများ၏လိုအပ်ချက်များကို လွှတ်တော်များတွင် တင်ပြတောင်းဆိုနိုင်ပါကြောင်း၊ မိမိမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအတွက် ကောင်းမွန်အောင် ဆောင်ရွက်ရာတွင် တူညီသည့်ရည်မှန်းချက်ဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်မည်ဆိုပါက ဖွံ့ဖြိုးတိုးတက်လာမည်မှာ သေချာ ပါကြောင်း၊ ဖြူးမြို့နယ်သည် ရေခံမြေခံကောင်းသော မြို့နယ်ဖြစ်ပြီး နိုင်ငံရေးနှင့်ပတ်သက်၍ တက်ကြွစွာပါဝင် ဆောင်ရွက်ကြပါကြောင်း၊ လူမှုရေးဘက်တွင်လည်း နိုးကြားမှုရှိပါကြောင်း၊ စီးပွားရေးဘက်တွင်လည်း သဟဇာတဖြစ်ပါကြောင်း၊ လူဦးရေ နှစ်သိန်းငါးသောင်း ကျော်ရှိသည့် မြို့ဖြစ်ပြီး မြေသယံဇာတ၊ ရေသယံဇာတ၊ သစ်တောသယံဇာတကောင်းမွန်သည့် နေရာဒေသတစ်ခု ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိဒေသကို မှန်မှန်ကန်ကန် ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ ပြည်သူ့ဆန္ဒကို အလေးထား၍ စေတနာ၊ မေတ္တာ၊ သစ္စာတရားတို့ဖြင့် မိမိဒေသကို ဥပဒေ နှင့်အညီ အုပ်ချုပ်ရန်နှင့် စေတနာမှန် လုပ်နည်းလုပ်ဟန် မှန် ဆောင်ရွက်ရန်လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးဝင်းမြင့်ဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဦးတင်စိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာအကြီး အကဲများနှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုလွှတ်တော်နာယကက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ပြည်ထောင်စုလွှတ်တော်နာယကသည် ဖြူးမြို့ မြို့မအနောက်ရပ်ကွက်ရှိ ဖြူးမြို့နယ်ခန်းမတည်ဆောက် ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ယနေ့နံနက်ပိုင်းတွင် ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုသည်။

ယင်းနောက် ဖြူးမြို့နယ် ကညွတ်ကွင်းမြို့သို့ ရောက်ရှိကာ အောင်တော်မူပိဋကတ်တိုက် တည်ဆောက် မည့် မြေနေရာနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ကြည့်ရှုပြီး ငါးထပ်ကြီးဘုရားအား ဝင်ရောက်ဖူးမြော် ကြည်ညိုသည်။ **(သတင်းစဉ်)**

## တောင်သူလယ်သမား ပြည့်ခွန်အား

* သည်ယနေ့ဟာဖြင့်
ကြည်မွေ့စွာ ရှုမဆုံးပါကလား
သူ့အပြုံး ချိုပြေပြေနဲ့
ကိုယ့်အပြုံး ချိုပြေပြေနဲ့
အပြုံးတွေ သွယ်ဖြာဝေလို့
လယ်ယာမြေ ဂုဏ်ပြုတေးတွေလည်း
ချိုမွှေးပျံ့သင်းထုံကြည်။

* (ဩော်···တကယ်တော့)
အခေါင်ယူ တကယ်ကြွား မမေ့စရာကွဲ့
တောင်သူလယ်သမားနေ့တာမို့
ကြည်မွေ့စွာ သဘင်ခင်း
ကျင်းပစုံညီ။

* ရွှေတစ်ခေတ်ပေမို့
နေရစ်လေ ဟိုခေတ်ဟောင်းရယ်ပေါ့
ပြောင်းကြမယ် မပျက်ရှုရမှာက
စက်မှုလယ်ယာဆီပေါ့
ဦးတည်ကာ မြန်ပြည်တစ်လွှားမှာဖြင့်
ဆန်ရေစပါး ကြွယ်ဝဖြိုးပါမှ
တကယ်အလှတိုးမယ်လို့ တို့ယုံကြည်
တို့တိုင်းပြည် အနာဂတ်အရေး။

* နိုးကြားစွာလေ
ကြိုးစားပါ သဟာဆွေတို့
မြေကောင်းကို အခြေခံ
ရေကောင်းအောင် စီမံ
နည်းသိပ္ပံ စနစ်တကျ သုံးတဲ့ပြင်
အထွက်နှုန်း အားရစရာမို့
ဟိုနားမှာ ပုလဲသွယ်
သည်နားမှာ ပုလဲသွယ်
အသည်းဝယ် အမြတ်တနိုးထားကြတဲ့
ပုလဲသွယ်စပ်မျိုးစပါးကိုလည်း
ကြိုးစားကာ တစ်ပြည်လုံးမှာတဲ့
ရွှေဖုံးအောင် စိုက်ပျိုးကြပါစို့
နိုးကြားစွာ အောင်လံထူဖို့
တို့တောင်သူလယ်သမားတို့ရယ်(ကွယ်)
အားသစ်မို့လေး။ ။

(မတ်လ ၂ ရက်နေ့တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုလျက်)

မြင်းမူမောင်နိုင်မိုး



# ပြည်ပဈေးမတက်သော်လည်း ရန်ကုန်ဈေးကွက်လက်ကျန်နည်းသည်ဆိုကာ စားအုန်းဆီပြည်တွင်းဈေးမြင့်တက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ဖေဖော်ဝါရီ ၂၇ ရက် ရန်ကုန်ဆီဈေးကွက်တွင် ပြည်ပစားအုန်းဆီဈေးနှုန်း မြင့်တက်မှုမရှိသော် လည်း ရန်ကုန်ဆီဈေးနှုန်း ထူးခြားစွာတက်လာပြီး ယခုရက်ပိုင်းအတွင်း ဆက်လက်မြင့်တက်ရန်ရှိသေး သည်ဟု ဆီအရောင်းအဝယ်လုပ်ကိုင်သူ နယ်ပို့ အဝယ်တော် ကိုနေလင်းက ဆိုသည်။

ဖေဖော်ဝါရီ ၂၆ ရက်နှင့် ၂၇ ရက်တွင် မလေးရှားစားအုန်းဆီ FOB တစ်တန်ဈေးနှုန်းမှာ ၆၈၅ ဒေါ်လာနှုန်းသာရှိပြီး ပြည်တွင်းငွေလဲနှုန်း ၁၀၄၅ ကျပ်ရှိသည့် ဖေဖော်ဝါရီ ၂၆ ရက်တွင် တစ်ပိဿာအရင်းဈေး ဆိပ်ကမ်းရောက်ဈေး ၁၃၄၉ ကျပ်ရှိပြီး ရန်ကုန်ဈေးကွက်ရောင်းဈေးမှာ လက်ငင်း တစ်ပိဿာ ၁၃၅၅ ကျပ်နှုန်းရှိကြောင်း၊ ပြည်တွင်း ငွေလဲနှုန်း ၁၀၄၇ ကျပ်ရှိသည့် ဖေဖော်ဝါရီ ၂၇ ရက်တွင်မူ ရန်ကုန်ဆီဈေးကွက်တွင် ဆီလက်ကျန် နည်းသည်ဟု အကြောင်းပြ၍ ဆီကုမ္ပဏီအချို့မှ ဆီထုတ်ယူခွင့်စာရွက် D.O တစ်ပိဿာရောင်းဈေး ၁၃၇၀-၁၃၇၅ ကျပ်ထိ ဈေးမြှင့်ရောင်းချရာ တစ်ပိဿာအရင်းဈေးနှုန်း ၁၃၅၁ ကျပ်ရှိသော်လည်း ရန်ကုန်ဈေးကွက်လက်ငင်းလက်ကား ဆီတစ်ပိဿာ ရောင်းဈေး ၁၃၈၅ ကျပ်ထိ မြင့်တက်လာပြီး ယခု ရက်ပိုင်းအတွင်း ထပ်မံမြင့်တက်ဦးမည်ဟုသိရသည်။

မတ်လအတွက် ရန်ကုန်ဈေးကွက်အတွင်း ကြိုတင်ရောင်းချခဲ့သော စားအုန်းဆီကြိုရောင်း ဈေးမှာ တစ်ပိဿာ ၁၂၉၅ ကျပ်သာရှိရာ ပြည်ပ စားအုန်းဆီဈေးတက်ခြင်းမရှိသော်လည်း ရန်ကုန် ဈေးကွက်တွင် လက်ငင်းဆီမရှိသည်ကို အကြောင်း ပြု၍ ဈေးမြှင့်တက်သဖြင့် ကြိုရောင်း/ဝယ်တွင် ဝယ်ယူသူများအမြတ်များရလာနိုင်ကြောင်း၊ ဖေဖော် ဝါရီ ၁၆ ရက်တွင် FOB တစ်တန်ဈေးနှုန်း ၆၉၅ ဒေါ်လာ၊ ငွေလဲနှုန်း ၁၀၃၆ ကျပ်ဖြင့် တစ်ပိဿာ အရင်းဈေး ၁၃၅၇ ကျပ်ရှိချိန်တွင် ရန်ကုန်ဈေးကွက် လက်ငင်းလက်ကား တစ်ပိဿာရောင်းဈေးမှာ ၁၃၄၇ ကျပ်သာရှိခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၃ ရက် တွင် FOB တစ်တန် ၆၆၀ ဒေါ်လာရှိချိန်တွင် ရန်ကုန်လက်ငင်းလက်ကား တစ်ပိဿာရောင်းဈေး ကျပ် ၁၃၀၀ သာရှိခဲ့သည်ဟု နေ့စဉ်ပြည်ပနှင့် ပြည်တွင်းစားအုန်းဆီ ဈေးနှုန်းများမှသိရသည်။

ပြည်တွင်းလိုအပ်ချက်အရ တစ်လလျှင် စားအုန်းဆီတန်ချိန် သုံးသောင်းဝန်းကျင်ကို ပြည်ပ ပို့ကုန်ဝင်ငွေရှိသူတိုင်း လွတ်လပ်စွာ တင်သွင်းခွင့်ပြု ထားသော်လည်း မကြာခဏ ပြည်တွင်းရန်ကုန် ဈေးကွက်တွင် စားအုန်းဆီလက်ကျန် နည်းသည် ဆိုကာ ဈေးနှုန်းမြင့်တက်သည်ကို ကြုံတွေ့ရရာ လက်ငင်းဆီလက်ဝယ်ရှိသူများ အကျိုးရှိကြောင်း၊ စားအုန်းဆီဈေးကွက်တွင် ကန်ဆီသာမက ပုံးဝါ ဆီများ၊ ပုလင်းအရွယ်မျိုးစုံဖြင့် အသင့်ထည့်သွင်း ထုပ်ပိုးလာသောဆီများ အမြောက်အမြားဝယ်ယူ ရောင်းချမှုရှိကြောင်း စားအုန်းဆီရောင်းချသူ ကိုအောင်စိုးက ဆိုသည်။ **(မောင်စေအောင်)**

*National Network for Education Reform (NNER)နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူ ဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံ့ကောင်းကျိုးအတွက် ဉာဏ်အမြော်အမြင်ကြီးစွာဖြင့် စဉ်းစားဆင်ခြင်သုံးသပ်ကြရန်သည်သာ အဓိကပဓာန

မောင်သမာဓိ

ယနေ့ကာလတွင် စိတ်ဝင်စားမှုအများဆုံး အကြောင်းအရာမှာ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအကြောင်း ဖြစ်ပါသည်။ အားလုံးစိတ်ဝင်စားသင့်သော အကြောင်းအရာလည်းဖြစ်ပါသည်။ အကြောင်းမူ ပညာရေးသည် အားလုံးနှင့်သက်ဆိုင်နေသောကြောင့် ဖြစ်ပါသည်။ အားလုံးနှင့်သက်ဆိုင်သော ပညာရေးဖြစ်သည့်အတွက် အားလုံးကလည်း ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ယနေ့စိတ်ဝင်စားမှုအများဆုံးအကြောင်းအရာဖြစ်သော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အားလုံးကအမြင်အမျိုးမျိုးဖြင့် အကြံပြုဆွေးနွေးနေကြမည်ဖြစ်ပါသည်။ အကြံပြုဆွေးနွေးရန်အတွက်လည်း အားလုံးတွင် တာဝန်ရှိသည့်အားလျော်စွာ အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးဆွဲရာ၌ ကြောင်းကျိုးညီညွတ်ပြီး နိုင်ငံ့ကောင်းကျိုးအတွက် ဉာဏ်အမြော်အမြင်ကြီးစွာဖြင့် စဉ်းစားသုံးသပ်ခြင်းသည်သာ အဓိကပဓာနဖြစ်သည်ဟူ၍ ခံယူလျက် မှတ်သားလေ့လာမိသမျှကို အကြံပြုတင်ပြဦးမည်ဖြစ်ပါသည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအခန်း (၄) တွင် ဒီမိုကရေစီပညာရေးလွတ်လပ်ခွင့်ကို အာမခံခြင်းခေါင်းစဉ်အောက်၌ ကျောင်းသားများ၏ အရေးကိစ္စ၊ ဆရာဆရာမများ၏ အရေးကိစ္စ၊ အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေးကိစ္စ၊ ဘာသာစကားသင်ကြားရေးကိစ္စဆိုင်ရာများကို အပိုဒ်များခွဲလျက် တွေ့ရှိရပါသည်။ ယေဘုယျအားဖြင့် လတ်တလောတွင် ကောင်းမွန်သည်ဟုထင်မြင်ရနိုင်သော်လည်း ရေရှည်အတွက် ဖြေရှင်း၍မရသည့် ပြဿနာအသစ်အဆန်းများ ပေါ်ပေါက်လာနိုင်စရာ အကြောင်းရှိပါသည်။ ဥပမာအားဖြင့် အခန်း (၄) ဒီမိုကရေစီပညာရေးလွတ်လပ်ခွင့်ကို အာမခံခြင်းအောက်ရှိအပိုဒ်ခွဲ (က - ဂဂ)တွင် **"အခြေခံပညာပြီးဆုံးသည့် ကျောင်းသား ကျောင်းသူများအားလုံး အဆင့်မြင့်ပညာကဏ္ဍတွင် လွတ်လပ်စွာ ဘာသာရပ်ရွေးချယ်သင်ယူခွင့်ရှိမည်"**ဟူ၍ ပြဋ္ဌာန်းရန် ဖော်ပြထားပါသည်။ ထိုအချက်သည် နုနယ်ငယ်ရွယ်သူကျောင်းသား ကျောင်းသူများအတွက် သည်းခြေကြိုက်အကြောင်းအရာဖြစ်သော်လည်း အမှန်တကယ်လက်တွေ့ဆောင်ရွက်ရာတွင် ဖြစ်နိုင်ရန်ခက်ခဲသော အကြောင်းအရာဖြစ်နေသည်ဟု စဉ်းစားဆင်ခြင်မိပါသည်။ အခြေခံပညာပြီးဆုံးသည့် ကျောင်းသား ကျောင်းသူများသည် အဆင့်မြင့်ပညာရေးကို ကူးပြောင်းသင်ယူရာတွင် တစ်ဦးချင်းစီ၏ ဉာဏ်ရည်နှင့် ကိုက်ညီမည့်ဘာသာရပ်သည်သာ အဓိကအခရာကျပေလိမ့်မည်။ ဥပမာ ဉာဏ်ရည်နိမ့်သူတစ်ဦးအနေဖြင့် ၎င်း၏ဆန္ဒအရ ဆေးပညာဘာသာရပ်ကို လေ့လာသင်ယူလိုသော်လည်း ခက်ခဲနက်နဲလှသည့် ဆေးပညာဘာသာရပ်ကိုသင်ယူရာတွင် ဉာဏ်ရည်မမီသောကြောင့် အရည်အသွေးမပြည့်ဖြစ်ရမည်မှာသေချာသည်။ ထိုသူမျိုးကို ၎င်းတို့၏ ဆန္ဒအတိုင်း ဆေးပညာဘာသာရပ်ကို သင်ယူလေ့လာခွင့်ပြုသော် မည်သို့ဖြစ်ချိမ့်မည်နည်း။ ဆေးပညာသင်ယူရန်ဆန္ဒရှိသော ကျောင်းသားအရေအတွက်များပြားမှုကို လက်ခံသင်ကြားပေးရန်အတွက် ဆေးတက္ကသိုလ်များအတွက် အခက်ဖြစ်ချိမ့်မည်။ တစ်ဖန်ပြန်လည်စဉ်းစားမိသည်မှာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာအောင် တည်ဆောက်ကြရာတွင် သူ့နေရာနှင့်သူ အံဝင်ခွင်ကျ ကျွမ်းကျင်လှသည့်နိုင်ငံ့သားကောင်းလူ့စွမ်းအားအရင်းအမြစ်များ များစွာလိုအပ်ပေသည်။ ဘာသာရပ်တစ်ခုတည်းကိုသာဆန္ဒတူ၍ စုပြုံတိုးဝှေ့သင်ယူမည်ဆိုပါက ထိုဘာသာရပ်တစ်ခုတည်းကိုသာ ကျွမ်းကျင်သည့်သူများဖြင့် စုပုံနေမည်ကို သတိမူကြရပေမည်။ ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီ၏ လိုအင်တစ်ခုတည်းကိုသာကြည့်ပြီး ဆိုင်ရာဆိုင်ရာတက္ကသိုလ်အသီးသီး၏ လိုအပ်ချက်၊ နိုင်ငံတော်၏ လိုအပ်ချက်တို့ကို မျက်ကွယ်ပြုလိုက်မည်ဆိုပါမူ ရေရှည်တွင် စိန်ခေါ်မှုအမျိုးမျိုးဖြင့် ရင်ဆိုင်ရမည့် ပြဿနာပေါင်းမြောက်မြားစွာကို သန္ဓေတည်ပေးလိုက်သည်နှင့် တူလှပေသည်။ နိုင်ငံသားတစ်ဦးချင်းစီနှင့် နိုင်ငံတော်၏ ရေရှည်အကျိုးကိုမြော်ကိုးလျက် မူလအမျိုးသားပညာရေးဥပဒေတွင် ဖော်ပြပါရှိသည့်အတိုင်း **သင်ယူလိုသူ၏ ဆန္ဒကိုအခြေခံပြီး သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များ၏ သတ်မှတ်ထားသောအရည်အချင်း ပြည့်မီမှုအရ ရွေးချယ်နိုင်ခွင့်ရှိသော တက္ကသိုလ်ဝင်ခွင့်စနစ်ကို ကျင့်သုံးစေရေး**ဟူ၍ ထည့်သွင်းဖော်ပြသင့်ပါကြောင်း အကြံပြုလိုပါသည်။

ဆက်လက်၍ အပိုဒ်ခွဲ (ခ - ဃဃ)တွင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအခန်း (၄) အပိုဒ်ခွဲ (ခ - ဃဃ)တွင် **ဆရာ ဆရာမများသည် နှစ်သက်ရာပါတီသို့ ဝင်ခွင့်ရှိသည်**ဟူ၍ လေ့လာတွေ့ရှိရပါသည်။ ထိုအချက်သည်လည်း အလွန်ဆင်ခြင်ဖွယ်ကောင်းသောအချက်ဖြစ်ပါသည်။ ဆရာ ဆရာမဟူ၍ အမည်ကင်ပွန်းတပ်ခံကြရသူများတွင် ပုဂ္ဂလိက ဆရာ ဆရာမများပါဝင်နေသကဲ့သို့ နိုင်ငံ့ဝန်ထမ်း ဆရာ ဆရာမများလည်း ပါဝင်လျက်ရှိပါသည်။ ပုဂ္ဂလိကဝန်ထမ်း ဆရာ ဆရာမများနှင့် နိုင်ငံ့ဝန်ထမ်း ဆရာ ဆရာမများ သစ္စာစောင့်သိရပုံချင်း တူညီနိုင်မည်မဟုတ်သည်ကို သတိမူမိပါသည်။ ပုဂ္ဂလိကဝန်ထမ်း ဆရာ ဆရာမများသည် ထိုပုဂ္ဂလိကပိုင်ရှင်၊ အဖွဲ့အစည်းကချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရပေမည်။ မလိုက်နာပါမူ အနှီဆရာ ဆရာမများအား ပုဂ္ဂလိကပိုင်ရှင်၊ အဖွဲ့အစည်းက ၎င်းတို့သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့်အညီ လက်ခံမည်မဟုတ်ပေ။ အလားတူနိုင်ငံတော်အစိုးရအဖွဲ့၏လက်အောက်တွင်ရှိသော ကျောင်းများ (အခြေခံပညာကျောင်းများ၊ အဆင့်မြင့်ပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ)၌ တာဝန်ထမ်းဆောင်ကြရသူ သင်ကြားရေးဝန်ထမ်း ဆရာ ဆရာမများနှင့် စီမံခန့်ခွဲရေးဆိုင်ရာဝန်ထမ်းများသည် နိုင်ငံတော်ကချီးမြှင့်သောလစာ၊ အဆောင်အယောင်များကို ရရှိခံစားကြရသူများဖြစ်ပါသည်။ နိုင်ငံတော်၏ လစာနှင့် အဆောင်အယောင်များကို ရရှိခံစားနေကြရသော နိုင်ငံ့ဝန်ထမ်းဆရာ ဆရာမများသည် နိုင်ငံတော်အတွက် ပြန်လည်အလုပ်အကျွေးပြုကြရမည့်သူများဖြစ်ပါသည်။ နိုင်ငံတော်ကချမှတ်ထားသော နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို စောင့်သိလိုက်နာကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်အတွက် နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်သည် များစွာအခရာကျသည်ဖြစ်ပြီး**ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဟူသော** ဆောင်ပုဒ်ကိုလည်း သတိမူရာ၏။ နိုင်ငံတော်အတွက် အလုပ်အကျွေးပြုရန်တာဝန်ရှိသော နိုင်ငံ့ဝန်ထမ်း ဆရာ ဆရာမများသည် နိုင်ငံတော်အကျိုးကိုရှေးရှုလျက် နိုင်ငံ့အရေးဖြစ်သော အမျိုးသားနိုင်ငံရေးကို ဦးလည်မသုန်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ အမျိုးသားနိုင်ငံရေးကျင့်ဝတ်ကိုလည်း လိုက်နာစောင့်ထိန်းကြရမည့်သူများဖြစ်ပါသည်။ ပါတီနိုင်ငံရေးနှင့် အမျိုးသားနိုင်ငံရေးမတူညီသည်ကို သတိမူလျက် တက္ကသိုလ်တစ်ခုအတွင်းရှိ ဆရာ ဆရာမများသည် မိမိနှစ်သက်ရာပါတီသို့ ဝင်ရောက်မည်ဆိုပါကပါတီစွဲ၊ ဝါဒစွဲများကိုအခြေခံလျက် သူတစ်လူငါတစ်မင်းဖြင့် အချင်းချင်း စိတ်ဝမ်းကွဲပြီး ရန်ထောင်မာန်စောင်ခြင်းကြောင့် မူလတာဝန်ဝတ္တရားများ လျော့ပါးနိမ့်ကျပြီး အဖွဲ့အစည်းပြိုကွဲသွားမည်မှာ အသေအချာဖြစ်ပါသည်။ ထိုအခါ နိုင်ငံ့အတွက်လိုအပ်သည့် စွမ်းအားစုအမျိုးမျိုးကျဆင်းသွားမည်မှာလည်းအသေအချာဖြစ်ပါသည်။ နိုင်ငံ့အတွက် စွမ်းအားစုများဖွံ့ဖြိုးတိုးတက်မလာဘဲ လျော့ပါးကျဆင်းသွားခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာအောင် အဘယ်သို့တည်ဆောက်နိုင်ပါအံ့နည်း။ ဤအချက်များကို ဉာဏ်အမြော်အမြင်ကြီးစွာဖြင့် စဉ်းစားဆင်ခြင်လျက် ဝန်ထမ်းထုအတွင်း မလိုလားအပ်သော ပြဿနာအရှုပ်အထွေး၊ ဂိုဏ်းဂဏသွေးကွဲမှုများ မရှိစေရေးအတွက် **နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရမည်**ဟူသော အချက်ကို နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်တွင် ထည့်သွင်းထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတွင် ဆရာ ဆရာမများသည် နှစ်သက်ရာပါတီသို့ ဝင်ရောက်ခွင့်ရှိသည်ဟူသော ပြဋ္ဌာန်းချက်ကို ထည့်သွင်းရန် လုံးဝမသင့်လျော်ပါကြောင်း အကြံပြုလိုပါသည်။

ဆက်လက်၍ အဆိုပါအခန်းရှိအပိုဒ်ခွဲ (ခ - ဇဇ)တွင်လည်း **ဆရာ ဆရာမများသည် မိမိနှစ်သက်ရာကျောင်း သို့မဟုတ် ဒေသများကိုလွတ်လပ်စွာ ရွေးချယ်လျှောက်ထားပိုင်ခွင့်နှင့် ပြောင်းရွှေ့ပိုင်ခွင့်ရှိရမည်**ဟူ၍ ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပြန်ပါသည်။ **လျှောက်ထားပိုင်ခွင့်နှင့် ပြောင်းရွှေ့ပိုင်ခွင့်ရှိသည်**ဆိုသောစကားနှင့် **လျှောက်ထားပိုင်ခွင့်နှင့် ပြောင်းရွှေ့ပိုင်ခွင့်ရှိရမည်** ဆိုသော စကားအနက်အဓိပ္ပာယ်သည် မတူကွဲပြားခြားနားလျက်ရှိပါသည်။ လျှောက်ထားပိုင်ခွင့်နှင့် ပြောင်းရွှေ့ပိုင်ခွင့်ရှိသည်ဆိုသောစကားသည် နိုင်ငံ့ဝန်ထမ်း ဆရာ ဆရာမတစ်ဦးချင်းစီအတွက် ရပိုင်ခွင့်ဖြစ်ပါသည်။ လျှောက်ထားပိုင်ခွင့်နှင့် ပြောင်းရွှေ့ပိုင်ခွင့်ရှိရမည်ဆိုသောစကားသည် မိမိလျှောက်ထားသည်နှင့် ဖြစ်ကိုဖြစ်ရမည်ဟူသောပြဋ္ဌာန်းချက်ကိုဖြစ်စေသည့် ဥပဒေဖြင့် အတင်းအကျပ်ရယူခြင်းမျိုးဖြစ်ပါသည်။ မိမိလျှောက်ထားသည့် ကျောင်း သို့မဟုတ် တက္ကသိုလ်တွင် မိမိအတွက် နေရာတူလစ်လပ်မှုမရှိခဲ့သော် လစ်လပ်မှု ပေါ်ပေါက်အောင် စောင့်ဆိုင်းရမည်ဖြစ်ပါသည်။ မိမိလျှောက်ထားသည့်နေရာ ပေါ်ပေါက်လာပါက မိမိရမည့်အခွင့်အလမ်းဖြစ်ပါသည်။ **ဆရာ ဆရာမများသည် မိမိနှစ်သက်ရာကျောင်း သို့မဟုတ် ဒေသများကို လွတ်လပ်စွာ ရွေးချယ်လျှောက်ထားပိုင်ခွင့်နှင့် ပြောင်းရွှေ့ပိုင်ခွင့်ရှိရမည်**ဖော်ပြထားသည့် အတိုင်းဆိုပါမူ ဆရာ ဆရာမတစ်ဦးချင်းစီ၏ ဆန္ဒအတိုင်းတောင်းဆိုသည်နှင့် လိုက်လျောပေးရမည့် အနေအထားဖြစ်ပါသည်။ ထိုအခါ **ရေများရာမိုးရွာ** ဆိုသည့်အတိုင်း ဝေးလံခေါင်ပါးနယ်စွန်နယ်ဖျားရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများတွင် ဆရာ ဆရာမအင်အားမရှိသလောက် နည်းပါးပြီး မြို့ပေါ်ကျောင်းများတွင် ပိုလျှံဆရာ ဆရာမများဖြင့် စုပုံနေမည်ကိုလည်း သတိမူမိပါသည်။ ဤသို့ဆိုလျှင် နိုင်ငံတော်ကအားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံးနှင့် တိုင်းရင်းသားလူမျိုးများအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်မှာ လုံးဝမဖြစ်နိုင်တော့ပါ။ ထို့ကြောင့် **ဆရာ ဆရာမများသည် မိမိနှစ်သက်ရာ ကျောင်း သို့မဟုတ် ဒေသများကို လွတ်လပ်စွာရွေးချယ်လျှောက်ထားပိုင်ခွင့်နှင့် ပြောင်းရွှေ့ပိုင်ခွင့်ရှိရမည်**ဟူသောဖော်ပြချက်ကို ပြဋ္ဌာန်းရန်မသင့်လျော်ပါကြောင်း စေတနာကောင်းဖြင့် အကြံပြုလိုပါသည်။

အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအခန်း (၄) အပိုဒ်ခွဲ (ဂ)နှင့် အပိုဒ်ခွဲ (ဂ)အောက်ရှိ (ကက)အပိုဒ်တို့ကိုလေ့လာမိပြန်ပါသည်။ အပိုဒ်ခွဲ (ဂ)တွင် **အမျိုးသားသင်ရိုးညွှန်းတမ်း ရေးဆွဲရေးကော်မတီကို ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုသော လွတ်လပ်သည့်ပညာရှင်များဖြင့် ဖွဲ့စည်းမည်ဟူ၍လည်းကောင်း၊** အပိုဒ်ခွဲ (ဂ)အောက်ရှိအပိုဒ်ခွဲ (ကက)တွင် **အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီသည် ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် လက်ခံသည့် လွတ်လပ်သော ပညာရှင် အနည်းဆုံးပညာရှင် ငါးဦး၊ လွှတ်တော်ကိုယ်စားလှယ်များမှ ရွေးချယ်သောပညာရှင် နှစ်ဦး၊ ပညာရေးဝန်ကြီးဌာနမှ ခန့်အပ်သောပညာရှင် နှစ်ဦး ပါဝင်ဖွဲ့စည်းမည်ဟူ၍ လည်းကောင်း**ဖတ်ရှုရပါသည်။ အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီကို ပညာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်ဟုဆိုထားသော်ငြား အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီ အဆိုပြုဖွဲ့စည်းပုံတွင် ပညာရေးဝန်ကြီးဌာနမှ လုပ်ငန်းကျွမ်းကျင်သည့် တာဝန်ရှိသူများကို အဓိကမထားဘဲ ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းကို အဓိကအားပြုထားကြောင်းတွေ့ရှိရပါသည်။ အဆိုပါကော်မတီကကျောင်းသင်သင်ရိုးကိုရေးဆွဲပါမူ နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်၊ ပညာရေးအခြေခံမူများနှင့် လုံးဝသွေဖည်သွားမည်မှာ သေချာလှပါသည်။ ထိုသင်ရိုးညွှန်းတမ်းသည် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် သင်ရိုးညွှန်းတမ်းမဟုတ်မူဘဲ လူတစ်စု၏ အလိုကျရေးဆွဲထားသော သင်ရိုးညွှန်းတမ်းများသာ ဖြစ်ပေါ်လာနိုင်ပါသည်။ သင်ရိုးညွှန်းတမ်းတစ်ခုရေးဆွဲရာတွင် ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂများ ပါဝင်ခြင်းဖြင့် သင်ရိုးညွှန်းတမ်း၏ အဆင့်အတန်းစံနှုန်းပိုမိုမြင့်မားလာပါမည်လောဟူ၍ အမေးဖြင့်ဆင်ခြင်စဉ်းစားစရာ များစွာဖြစ်ပေါ်လာပါသည်။ သင်ရိုးညွှန်းတမ်းအရည်အသွေးမြင့်မားရန်မှာ အဆင့်လိုက်သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းမူဘောင်နှင့်ကိုက်ညီမှု၊ သင်ရိုးညွှန်းတမ်းရည်ရွယ်ချက်များနှင့်ပြည့်စုံမှု၊ နိုင်ငံတကာသင်ရိုးညွှန်းတမ်းအဆင့်များနှင့် တစ်ပြေးညီဖြစ်မှု၊ ဘာသာတစ်ခုချင်းအတန်းလိုက် ဖွံ့ဖြိုးမှုစံနှုန်းများနှင့် အံဝင်ခွင်ကျဖြစ်မှု၊ မိမိနိုင်ငံ၏ ရေမြေသဘာဝ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် လျော်ကန်သင့်မြတ်မှုများနှင့် ပြည့်စုံသော သင်ရိုးညွှန်းတမ်းများကို ရေးဆွဲခြင်းသည်သာ အဓိကပဓာနဖြစ်ပါသည်။ ထို့ကြောင့် ဤအပိုဒ်ခွဲဖော်ပြချက်ကိုလည်း ပြန်လည်စဉ်းစားသုံးသပ်ရမည်ဖြစ်ကြောင်း အကြံပြုလိုပါသည်။

သို့ပါ၍ ဥပဒေတစ်ရပ်ရေးဆွဲရာတွင် မိခင်ကြီးသဖွယ်ဖြစ်သော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လည်း ညီညွတ်ရန်လိုအပ်ကြောင်း တင်ပြခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံးပါဝင်သည့် တစ်မျိုးသားလုံး ဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်ရာတွင် ဉာဏ်အမြော်အမြင်ကြီးစွာဖြင့် စဉ်းစားဆင်ခြင်သုံးသပ်ကြရန်သည်သာ အဓိကပဓာနဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

## ၂၀၁၅ ခုနှစ် နှစ်(၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

☆ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရေး။

☆ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်းပြည်ပအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

# ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် စတော့အိတ်ချိန်း IT System သရုပ်ပြခန်းအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဒုတိယဝန်ကြီးနှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်သိမ်း၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဌေးချွန်နှင့် ဒေါ်တင်ကြည်ဦးတို့နှင့် အတူ ယနေ့ မွန်းလွဲ ၁ နာရီက လှိုင်မြို့နယ် MICT Park ရှိ ရန်ကုန် စတော့အိတ်ချိန်း(Yangon Stock Exchange-YSX)ပုံစံတူ စတော့အိတ်ချိန်း IT System သရုပ်ပြခန်းသို့သွားရောက်၍ Japan Exchange Group-JPX နှင့် Daiwe Institute of Research-DIR တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၏ ရှင်းလင်းတင်ပြချက်များကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် MICT Park ရှိ အစည်းအဝေးခန်းမ၌ ရန်ကုန်စတော့အိတ်ချိန်း အချိန်မီဖွင့်လှစ်နိုင်ရေးနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များဖြစ်သည့် ရန်ကုန်စတော့အိတ်ချိန်းဆိုင်ရာ လုပ်ငန်းစည်းမျဉ်းများ၊ ငွေပေးချေမှုရှင်းလင်းမည့်ဘဏ်များနှင့်သက်ဆိုင်သည့် စံသတ်မှတ်ချက်များ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများတွင်တပ်ဆင်မည့် IT System ပိုင်းဆိုင်ရာများ၊ Data Centre ထားရှိမှုအခြေအနေများ၊ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ဖွင့်လှစ်မည့် ရန်ကုန်စတော့အိတ်ချိန်း အဆောက်အအုံ အချိန်မီပြီးစီးရေးအတွက် ပြင်ဆင်ထားရှိမှုများ၊ ရန်ကုန်စတော့အိတ်ချိန်းတွင် တာဝန်ထမ်းဆောင်သည့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများ အချိန်မီခန့်အပ်နိုင်ရေးတို့အတွက် ဒုတိယဝန်ကြီးနှင့် DIR မှ တာဝန်ရှိသူတို့က အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က သိရှိလိုသည်များကို မေးမြန်း၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် ဝန်ဆောင်မှုပေးမည့် အဖွဲ့အစည်းများအတွက် လိုင်စင်လျှောက်လွှာများခေါ်ယူထားပြီး ရန်ကုန်စတော့အိတ်ချိန်း IT System ပိုင်းနှင့်ပတ်သက်၍ မကြာမီ လျှောက်လွှာများ ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်စတော့အိတ်ချိန်းသည် ယခုနှစ်နှောင်းပိုင်းတွင် ဖွင့်လှစ်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# ဆရာကြီးဦးတင်မြ(သခင်တင်မြ) ကွယ်လွန်



"ဘုံဘဝမှာဖြင့်" စာအုပ်ဖြင့် သမိုင်းတစ်ပိုင်းတစ်စကို လက်ဆင့်ကမ်းပေးခဲ့သူ စာရေးဆရာ၊ နိုင်ငံရေးသမား ဆရာကြီးဦးတင်မြ (သခင်တင်မြ)သည် ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၇ နာရီတွင် ၎င်း၏ နေအိမ်၌ လူကြီးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

ဆရာကြီး၏ "ဘုံဘဝမှာဖြင့်" စာအုပ်တွဲများကို မလွတ်တမ်း ရှာဖွေဖတ်ရှုခဲ့ကြသူတို့အနေဖြင့် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန် ရေး၊ ခေတ်ပြောင်းတော်လှန ရေးအဖြစ်အပျက်များကို ကိုယ်တိုင်ခံစား ရသကဲ့သို့ စာပေထဲတွင် စီးမျောခဲ့ကြသည်။

ဆရာကြီးကို ဧရာဝတီမြစ်ဝကျွန်းပေါ် ဓနုဖြူမြို့တွင် အဖဦးဘိုးငြိမ်၊ အမိ ဒေါ်အုန်းပွင့်တို့က (၉-၉-၁၉၂၄)တွင် မွေးဖွားခဲ့သည်။ ဓနုဖြူဦးချစ်ဖူးမူလတန်းကျောင်းတွင် လေးတန်းအောင်သည်အထိ ပညာသင်ကြားခဲ့ပြီး ဓနုဖြူခင်မကန်ကျောင်းတိုက်တွင် ရှင်သာမဏေဘဝနှင့် လောကုတ္တရာစာပေများကို ဆည်းပူးခဲ့သည်။

၁၉၃၈-၁၉၃၉ ခုနှစ်တွင် လူဝတ်လဲပြီး နိုင်ငံရေးတွင် ပါဝင်ခဲ့သည်။ တို့ဗမာအစည်းအရုံးဝင် သခင်တစ်ယောက်ဖြစ်လာခဲ့သည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးခရီးကြမ်းကို သက်စွန့်ဆံဖျား ဖြတ်သန်းရင်း နိုင်ငံအတွက် တာဝန်ကျေခဲ့သည်။

ဆရာကြီးသည် လုပ်သားပြည်သူနေ့စဉ်၊ ကြေးမုံ၊ ဗိုလ်တထောင် သတင်းစာများနှင့် ရှေ့သို့စာစောင်၊ မြဝတီ၊ မိုးဝေ၊ မဟေသီမဂ္ဂဇင်းများတွင် "သခင်တင်မြ"၊ "ကေဒါရဲဘော်တစ်ဦး"၊ "ရဲဘော်ဖြိုးအောင်"စသည့် ကလောင်ခွဲများဖြင့် နိုင်ငံရေးနှင့် သမိုင်းဆိုင်ရာ ဆောင်းပါးများရေးသားခဲ့သည်။ "ဘုံဘဝမှာဖြင့်"၊ "သမိုင်းတစ်ခေတ် ဆန်းသစ်ပြီ"၊ "ဖက်ဆစ်တော်လှန်ရေးတိုင်း(၁၀)တိုင်းနှင့် ဌာနချုပ်"၊ "ကေဒါပါတီမှ ပြည်သူ့ပါတီသို့"၊ "ဘုံဘဝမှာဖြင့် ထက်ကြပ်မကွာ"၊ "ဆိုရှယ်လစ်စီးပွားရေးတည်ထောင်စအတွေ့အကြုံများ"နှင့် "သမဝါယမအခြေခံမှုများနှင့် ဖြစ်ပေါ်တိုးတက်မှု" စာအုပ်များကို ပြုစုရေးသားခဲ့သည်။

ဆရာကြီးဦးတင်မြ(သခင်တင်မြ)ကွယ်လွန်ချိန်တွင် အသက်(၉၁) နှစ်ရှိပြီဖြစ်ပြီး အမှတ်(၇၅၅) ဆည်မြောင်း(၄)လမ်း (၁၃)ရပ်ကွက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)တွင် နေထိုင်ခဲ့သည်။

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ပုသိမ် ဖေဖော်ဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီတွင် ဟင်္သာတမြို့နယ် ဓမ္မိကျေးရွာအုပ်စု မအူကုန်းကျေးရွာရှိ မဟာနေဘုရင်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာများ ကပ်လှူပူဇော်၍ လောက်ကိုင်ဒေသတွင် တိုက်ပွဲဝင်နေသည့် တပ်မတော်သားများအား ဂုဏ်ပြုခြင်းနှင့် တိုက်ပွဲတွင် အသက်ပေးသွားသည့် တပ်မတော်သားများအတွက် ဆုတောင်းမေတ္တာပို့သ အမျှပေးဝေပြီး အသက်(၈၀)နှင့်အထက် ဘိုးဘွားများအား ဆေးဝါးနှင့် ငွေသားများလှူဒါန်းသည်။ ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘုရားဝင်းအတွင်း အမှတ်တရသစ်ပင်များစိုက်ပျိုးကာ ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အင်္ဂပူမြို့နယ်ရှိ နန်ကသူဆည်တွင် ဆည်ရေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစက်ရုံအခြေအနေအား ကြည့်ရှုစစ်ဆေးကာ ကညွတ်ကွင်းကျေးရွာတွင်ကျင်းပသော နန်ကသူဆည်ရေအား လျှပ်စစ်ဖြင့် မီးလင်းခြင်းအထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး လျှပ်စစ်မီးစတင်သုံးစွဲနိုင်ရန် မီးခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ပြီး ကျေးရွာအတွင်းရှိ အိမ်များတွင် လျှပ်စစ်မီးသုံးစွဲနေမှုအခြေအနေအား လှည့်လည်ကြည့်ရှုသည်။

ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီခွဲတွင် ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ပေကျောင်းကြီးကျေးရွာရှိ ကံ့ကော်တစ်ထောင် (၂၅)နှစ်ပြည့် ငွေရတုသဘင်နှင့် ကံ့ကော်တစ်ထောင်ဆရာတော်ကြီး၏ (၇၅)နှစ်ပြည့် စိန်ရတု မင်္ဂလာအခမ်းအနားသို့တက်ရောက်ဖွင့်လှစ်ပေးသည်။ ဖျာပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသော **"တွေ့ဆုံပွဲ"** အခမ်းအနားသို့တက်ရောက်ကာ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

ထို့နောက် ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီတွင် မအူပင်ခရိုင် ညောင်တုန်းမြို့နယ်ရှိ Good Brother's Co;Ltd ၏ အဆင့်မြင့်ဆန်စက်နှင့် လယ်ယာသုံးစက်ကိရိယာဝန်ဆောင်မှုစခန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

မွန်းလွဲ ၁ နာရီတွင် ညောင်တုန်း မြို့နယ် ဆားမလောက်ကျေးရွာအုပ်စု ရွာမဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည့် ရန်ကုန်-ပုသိမ် မီးရထားလမ်း ဖောက်လုပ်ရာတွင်ပါဝင်သွားသော လယ်ယာမြေများအတွက် နစ်နာကြေးငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး လယ်ယာမြေ နစ်နာဆုံးရှုံးခဲ့သူများကိုယ်စား တောင်သူလယ်သမား ကိုယ်စားလှယ်များထံသို့ နစ်နာကြေးငွေကျပ် ၁၈၇၁၄ သိန်းကျော်ကို အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**
**မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။**

# မန္တလေးအသင်း ပင်နယ်တီဖြင့် ချန်ပီယံဖြစ်

အမျိုးသားအားကစားပွဲတော်၏ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် မန္တလေး နှင့် ကရင်အသင်းတို့သည် ယနေ့ညနေ ၄ နာရီက ဝဏ္ဏသိဒ္ဓိကွင်း၌ ယှဉ်ပြိုင်ကစားရာ မန္တလေးအသင်းက ပင်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

**မန္တလေး-ငါးဂိုး**
**ကရင်-လေးဂိုး**

အုပ်စုတွင်း တွေ့ဆုံစဉ် တစ်ဂိုးစီ သရေကျခဲ့သည့် မန္တလေးနှင့် ကရင်အသင်းတို့မှာ ယခုပွဲတွင်လည်း မိနစ် ၉၀ အတွင်း အရှုံးအနိုင်မပေါ်ခဲ့ဘဲ ပင်နယ်တီကျမှ အဖြေပေါ်ခဲ့ခြင်းဖြစ်သည်။ ကရင်အသင်းမှာ အောင်မြင်မှုနှင့် ဝေးကွာနေမှုကို အဆုံးသတ်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း မန္တလေးအသင်းကသာ ချန်ပီယံဆုရခဲ့ခြင်းဖြစ်သည်။

ပွဲအစနှစ်မိနစ်မှာပင် စောဟန်ဝင်းတို့က ကရင်အတွက် ဂိုးစတင်သွင်းယူခဲ့၍ မန္တလေးအသင်း နောက်မှလိုက်ကစားခဲ့သော်လည်း ပုံစံကောင်းကို ဆက်လက်ပြသနိုင်ခဲ့သည်။ မန္တလေးအသင်းမှာ ဂိုးပေးခဲ့ရသော်လည်း ကစားကွက်မပျက်ဘဲ ကစားနိုင်ခဲ့ပြီး ၁၇ မိနစ်တွင် အောင်ဘိုဘိုဆန်းက ချေပဂိုး ပြန်သွင်းခဲ့သည်။ မိနစ် ၉၀ ပြည့်သည်အထိ ဂိုးမသွင်းနိုင်သောကြောင့် အချိန်ပိုအစား ပင်နယ်တီဖြင့် တိုက်ရိုက်ဆုံးဖြတ်ခဲ့သည်။ ပင်နယ်တီငါးလုံးစီ ကန်ရာတွင် မန္တလေးက လေးဂိုးဝင်ပြီး ကရင်က သုံးဂိုးသာ ဝင်သောကြောင့် မန္တလေးအသင်းက စုစုပေါင်း ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။




အမျိုးသားဘောလုံးပြိုင်ပွဲအပြီးတွင် မန္တလေးအသင်းက ပထမ၊ ကရင်က ဒုတိယ၊ ပဲခူးအသင်းက တတိယ ရရှိခဲ့သည်။

**သတင်းနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်**

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ ထိုင်းနိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ



**ရန်ကုန်　　ဖေဖော်ဝါရီ　　၂၈**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီးနောက် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ ထိုင်းနိုင်ငံမှ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

### ကြိုဆိုနှုတ်ဆက်

ဒုတိယသမ္မတနှင့် ဇနီးနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Pisanu Suvanajata နှင့် ဇနီး၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**(ဝဲပုံ)**

### ပြန်လည်လိုက်ပါ

ဒုတိယသမ္မတနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသည့် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဒေါက်တာဝင်းမြင့်၊ ဦးထင်အောင်၊ ဒေါက်တာစိုင်းကျော်အုန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

**◆ ဒုတိယသမ္မတမှ**

ထို့နောက် ဒုတိယသမ္မတသည် ဆေးရုံမှ တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် ဆေးရုံအစည်းအဝေးခန်းမ၌ BHUMIRAJANAGAR-INDRA KIDNEY INSTITUTE HOSPITAL မှ ညွှန်ကြားရေးမှူး Prof. Teerachai Chantaro-janasiri, MD. နှင့် တာဝန်ရှိသူများက ဆေးရုံဆိုင်ရာ အချက်အလက်များ၊ ဝေဒနာရှင်များအား ဆေးဝါးကုသပေးနေမှု၊ ဆေးရုံ၏ရည်ရွယ်ချက်နှင့် ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြပြီး အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာလာရာ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်၊ စစ်သံမှူး ဗိုလ်မှူးချုပ်ချစ်ဆွေ၊ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ သံရုံးမိသားစုများနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း BHUMIRAJANA-GARINDRA KIDNEY INSTITUTE ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)




# အီးအမ်ဘိုကာရှီသုံး မြေဆွေးကျင်းပြုလုပ်ခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

**မော်လိုက်　ဖေဖော်ဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် တောင်သူလယ်သမားဦးကြီးများ၊ သဘာဝမြေသြဇာများ အလွယ်တကူ အသုံးပြုနိုင်ရန်အတွက် ရည်ရွယ်၍ အီးအမ်ဘိုကာရှီသုံး မြေဆွေးကျင်းပြုလုပ်ခြင်း ကွင်းသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီခွဲတွင် မော်လိုက်မြို့ မြို့မ(၂) အုပ်စု၊ အောင်သာယာရပ်ကွက်ရှိ တောင်သူ ဦးမောင်မောင် အိမ်ခြံဝင်း၌ ကျင်းပခဲ့သည်။

ယင်းနောက် မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးအေးပိုနှင့် တာဝန်ရှိသူတို့က အီးအမ်ဘိုကာရှီသုံး မြေဆွေးကျင်းပြုလုပ်ပုံများကို အဆင့်ဆင့်သရုပ်ပြဟောပြောရှင်းလင်းခဲ့ကြပြီး တက်ရောက်လာကြသော ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ၏ မေးမြန်းချက်များကို ခရိုင်စိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ရှိသူတို့က ပြန်လည်ဖြေကြားခဲ့ကြသည်။

အဆိုပါ အီးအမ်ဘိုကာရှီသုံး မြေဆွေးကျင်းပြုလုပ်ခြင်း ကွင်းသရုပ်ပြပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမင်းသိန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကိုကိုဦး၊ ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မြို့ပေါ်ရပ်ကွက်များရှိ တောင်သူဦးကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်ပွား(မော်လိုက်)**

# ကလေးများအတွက် စာအုပ်ထုတ်ဝေရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန်　　ဖေဖော်ဝါရီ　　၂၈**

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့တို့ ပူးတွဲကျင်းပသော ကလေးများအတွက် စာအုပ်ထုတ်ဝေရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြန်မာနိုင်ငံစာရေးဆရာအသင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ စည်သူဦးတင်လှိုင်(လယ်တွင်းသားစောချစ်)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ရှန်တီကလေးပန်းချီပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ရှန်တီအာရှဒေသ ဒါရိုက်တာ မစ္စတာ ယာဂီဆာဝါဆန်၊ ဂျပန်သံရုံးမှ ဒုတိယအတွင်းဝန် မစ္စတာဝါတာနာဘီ၊ သင်တန်းမှူး မစ္စတာ တာဂျီမာ၊ မြန်မာနိုင်ငံ ရှန်တီဒါရိုက်တာ မစ္စစ်အာတီနာကာဟာရာနှင့် သင်တန်းသား သင်တန်းသူ ၂၈ ဦး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုံညီစွာတက်ရောက်ကြသည်။

ဖွင့်ပွဲအပြီးတွင် အလုပ်ရုံဆွေးနွေးပွဲကို စတင်ကျင်းပခဲ့ရာ ညနေ ၅ နာရီတွင် ပထမနေ့အစီအစဉ်ပြီးဆုံးသည်။

အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၈ ရက်မှမတ် ၄ ရက်အထိ ငါးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

## ပြည်တွင်းရေးရာ



ဒုတိယသမ္မတ ဦးညဏ်ထွန်း စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။
(သတင်းစဉ်)

### ☆ ကျောဖုံးမှ

ဆက်လက်၍ အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားနှင့် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသားဘောလုံးပြိုင်ပွဲ တတိယဆုရ ပဲခူးတိုင်းဒေသကြီးအသင်းမှ အားကစားသမားများအား ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းကလည်းကောင်း၊ ဒုတိယဆုရ ကရင်ပြည်နယ်အသင်း အားကစားသမားများအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက လည်းကောင်း၊ ပထမဆုရ မန္တလေးတိုင်းဒေသကြီးအသင်း အားကစားသမားများအား ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်ကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်သည်။

ယင်းနောက် စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပြိုင်ပွဲ၌ တတိယတံခွန်စိုက်ဆုရ ပဲခူးတိုင်းဒေသကြီးအသင်းအား ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက လည်းကောင်း၊ ဒုတိယတံခွန်စိုက်ဆုရ မန္တလေးတိုင်းဒေသကြီးအသင်းအား ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က လည်းကောင်း၊ ပထမတံခွန်စိုက်ဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းအား ဒုတိယသမ္မတ ဦးညဏ်ထွန်းကလည်းကောင်း တံခွန်စိုက်ဆုဖလားများကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် စစ်တီးဝိုင်းမှဦးဆောင်၍ အလံချအဖွဲ့နှင့် အလံသယ်အဖွဲ့တို့သည် ကွင်းအတွင်းသို့ ဝင်ရောက်နေရာယူပြီး ပြိုင်ပွဲဝင်အားကစားသမားများ ဆက်လက်နေရာယူကြသည်။

ထို့နောက် ဒုတိယသမ္မတက အမျိုးသားအားကစားပွဲတော်ပိတ်ပွဲအထိမ်းအမှတ် အမှာစကားပြောကြားရာတွင် ဖေဖော်ဝါရီ ၁၃ ရက်က စတင်ကျင်းပခဲ့သည့် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်၏ ပြိုင်ပွဲတစ်လျှောက်လုံးတွင် ပြိုင်ပွဲဝင် အားကစားသမားများသည် သန့်ရှင်းစင်ကြယ်သည့် အားကစားစိတ်ဓာတ်များနှင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မိမိတို့ ကိုယ်စားပြုသည့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၏ ဂုဏ်ရောင်ကို အားကစားဖြင့် ထွန်းပြောင်စေခဲ့ကြသည်ကို တွေ့ရှိရသည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ယူပါကြောင်း။



ယခုအားကစားပွဲတော်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ဆုံစည်းမှုသည် သာမန်ဆုံစည်းမှု မဟုတ်ဘဲ သန့်ရှင်းမွန်မြတ်သည့် အားကစားစိတ်ဓာတ်ကို အခြေခံပြီး တရားမျှတသည့် ယှဉ်ပြိုင်မှုများနှင့် ရင်းနှီးချစ်ကြည်စွာ ဆုံစည်းမှုပင်ဖြစ်ပါကြောင်း၊ အားကစားသဘာဝအရ အရှုံးနှင့် အနိုင်ဆိုသည်မှာ အမြဲဒွန်တွဲရှိနေတတ်သော်လည်း နယ်ပယ်အသီးသီးက အားကစားအဖွဲ့အားလုံး ရရှိလိုက်သည့် အားကစားအပေါ်တွင် အခြေခံသည့် ညီရင်းအစ်ကို မောင်နှမစိတ်ဓာတ်နှင့် တစ်ယောက်အတွက် အများ၊ အများအတွက် တစ်ယောက်ဆိုသည့် စည်းလုံးညီညွတ်မှုများသည် တန်ဖိုးမဖြတ်နိုင်သည့် အမြတ်အဖြစ် ထာဝရကျန်ရစ်ခဲ့မည်ဖြစ်ပါကြောင်း။

ယခုပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရန် ကဏ္ဍအသီးသီးက ကြိုးကြပ်ဆောင်ရွက်ပေးကြသည့် ပုဂ္ဂိုလ်များ၊ အားကစားပြိုင်ပွဲများတွင် တာဝန်ထမ်းဆောင်ကြသော အဖွဲ့ချုပ်များမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဒိုင်များ၊ ဂျူရီများ၊ အုပ်ချုပ်သူများ၊ နည်းပြများ၊ ကစားသမားများ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းကို မှတ်တမ်းတင်ပြောကြားလိုကြောင်း။

စင်ကာပူနိုင်ငံတွင် မကြာမီကျင်းပမည့် (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၈) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးအတွက် ရည်ရွယ်ပြီး ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယခုအမျိုးသားအားကစားပြိုင်ပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည့်အတွက် ရည်ရွယ်ချက်များအတိုင်း ပေါက်မြောက်အောင်မြင်ရန် အရှိန်အဟုန်မပြတ် ဆက်လက်လေ့ကျင့်ပြင်ဆင်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

လေ့ကျင့်သားပြည့်ဝမှု၊ စံချိန်စံညွှန်းကောင်းမွန်မှု၊ ကာယကြံ့ခိုင်မှု၊ ဉာဏ်ရည်ထက်မြက်မှု၊ စည်းလုံးညီညွတ်မှု၊ ဇွဲလုံ့လရှိမှု၊ စည်းကမ်းလိုက်နာမှု၊ စာရိတ္တကောင်းမွန်မှု စသည့် အားကစားသမား ဂုဏ်ရည်များနှင့် ပြည့်စုံသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်မယ် အကျော်အမော်များအဖြစ် အောင်မြင်မှုများ ဆွတ်ခူးနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း။

ယခုပြိုင်ပွဲမှ ရရှိခဲ့သည့် သွေးစည်းညီညွတ်ရေးစိတ်ဓာတ်ဖြင့် ပြည်ထောင်စုတစ်နံတစ်လျားက တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ယခုထက်ပိုမိုသည့် စည်းလုံးညီညွတ်မှု၊ အပြန်အလှန် နားလည်မှု၊ နွေးထွေးသည့် ချစ်ကြည်ရင်းနှီးမှု၊ ပွင့်လင်းသည့် အမြင်ချင်းဖလှယ်မှုများဖြင့် အားကစားကဏ္ဍမှသည် မြင့်မားသည့် လူမှုအသိုက်အဝန်းဆီသို့ လှမ်းချီရင်း နိုင်ငံတော်၏ဂုဏ်ကို အားကစားနှင့် အစွမ်းကုန်မြှင့်တင်ဆောင်ရွက်နိုင်ကြပါစေဟုဆန္ဒပြုရင်း စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးအား အောင်မြင်စွာ ပိတ်သိမ်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အားကစားဝန်ကြီးဌာန အလံချအဖွဲ့က စတုတ္ထအကြိမ် အမျိုးသား အားကစားပွဲတော်အလံကို တိုင်ထိပ်မှချ၍ အလံသယ်အဖွဲ့က ကွင်းအတွင်းမှ ပြန်လည်သယ်ဆောင်သည်။

ဆက်လက်၍ တေးသံရှင် ချမ်းချမ်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များ၊ အားကစားသမားများက ဂီတစာဆိုဟသ်ာတမြင့်ငွေရေးသားသော သွေးချင်းတို့ရေ နှုတ်ဆက်သည်သီချင်းဖြင့် ကပြဖျော်ဖြေသီဆိုခဲ့သည်။

**(သတင်းစဉ်)**



### ❖ ပြဋ္ဌာန်းရန်မှ

၃။ ၎င်းနောက် ပြည်ထောင်စုလွှတ်တော် ကျင်းပနေပုံများကိုလည်း ကြည့်ရှုလေ့လာခွင့်ပြုခဲ့ပါသည်။ ဤသို့ တွေ့ဆုံလေ့လာခွင့်ရရှိစေခဲ့သည့်အတွက် ဥပဒေပြုလွှတ်တော်များ၏ ဥပဒေပြုလုပ်ငန်းစဉ်နှင့် လွှတ်တော်များ၏ ဆောင်ရွက်နေမှုကို သိမြင်ခွင့်ရရှိစေခဲ့ပါသည်။

၄။ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်တွင် ဥပဒေပြုလွှတ်တော်များသည် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည်နှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေသော၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သော ဥပဒေများပြဋ္ဌာန်းရန်နှင့် ပြဋ္ဌာန်းပြီးဥပဒေများသည် တရားမျှတပြီး အများပြည်သူ အမှန်တကယ်လိုက်နာနိုင်မည့် ဥပဒေများဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အဆိုပါဥပဒေများသည် မိမိတို့နိုင်ငံက လက်ခံကျင့်သုံးလျက်ရှိသော နိုင်ငံတကာ Convention များ၊ Treaty များနှင့် ညီညွတ်စေရန်လည်း ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

**ပြည်ထောင်စုလွှတ်တော်ရုံး**

### ✻ အမျိုးသားပညာရေးမှ

ထပ်မံပြီး ရန်ကုန်မြို့သို့ ဦးတည်ချီတက် ဆန္ဒပြမည်ဆိုပါက အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်ရန် ကြိုးပမ်းရာမရောက်ဘဲ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ဦးတည်ရာ ရောက်စေမည်ဖြစ်ပါသည်။ သို့ပါ၍ဆန္ဒပြမှုများ ရပ်ဆိုင်းကြပါရန်နှင့် လိုက်နာမှုမရှိဘဲ ဆက်လက်သပိတ်မှောက်လှုပ်ရှားမှုများ ပြုလုပ်လာပါက နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**ပြည်ထဲရေးဝန်ကြီးဌာန**

# ထူးမြတ်ပူဇော် ဘွဲ့တံဆိပ်ဆက်ကပ်ပွဲတော်

**တင်အောင်ထွန်း (သုတေသန)**

**တပေါင်းသာခေါင် လမျှားနောင်**

မြန်မာတို့သည် ထေရဝါဒဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသူများဖြစ်သည်နှင့်အညီ ရှေးရိုးစဉ်လာ ၁၂ လရာသီပွဲတော်များကို ဗုဒ္ဓဘာသာယဉ်ကျေးမှုအခြေခံပြီး ကျင်းပခဲ့ကြပါသည်။

မြန်မာနှစ်သစ်ကို တန်ခူးလဗဟိုပြုဖြန့်ကြက်သဖြင့် တန်ခူးလတွင် ခါသကြန်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ကဆုန်လတွင် ကဆုန်လပြည့်ဗုဒ္ဓနေ့ပူဇော်ပွဲ၊ နယုန်လတွင် ညောင်ရေသွန်းပွဲ၊ ဝါဆိုလတွင် စာတော်ပြန်ပွဲ၊ ဝါဆိုပွဲစသည်ဖြင့် ၁၂ လလုံးလုံး ပွဲတော်များ၊ အခါတော်နေ့ပွဲတော်များ တန်းစီနေပြီး ၁၂ လ ရာသီ ကုန်ဆုံးသည့် တပေါင်းလတွင် သဲပုံစေတီပွဲ၊ တပေါင်းပွဲတော်တို့ဖြင့် နှစ်ဟောင်းကုန်ဆုံးကာ နှစ်သစ်တစ်ဖန် လည်ပတ်ပြန်ပါသည်။

တပေါင်းသာခေါင် လမျှားနောင်ဟု ဆိုရလောက်အောင်ပင် မြန်မာတို့၏ တပေါင်းလသည် ထူးခြားလှပါသည်။ လယ်ယာလုပ်ငန်းများ ပြီးဆုံးချိန်ဖြစ်၍ အနယ်နယ်အရပ်ရပ်ရှိ ဘုရားပွဲတော်များသည် တပေါင်းလပြည့်နေ့ကို ဦးတည်ဗဟိုပြုကျင်းပလေ့ရှိကြပါသည်။ မြစ်ရေခန်းခြောက်ချိန် သဲသောင်ပြင်ကြီးပေါ်တွင် သဲပုံစေတီများ ယာယီတည်ထား၍ ပွဲလမ်းသဘင် ခင်းကျင်းပူဇော်ကြသည့် သဲပုံစေတီပွဲတော်ဟူ၍ ရှေးယခင်က အစဉ်အလာရှိထားဖူး၏။ နောက်ပိုင်းတွင်မူ အချို့သောဒေသများသာ ထိုအစဉ်အလာ ကျန်ရှိတော့၏။ အများအားဖြင့် ဒေသအလိုက် တန်ခိုးကြီးဘုရားစေတီများတွင် တပေါင်းပွဲတော်ကျင်းပခြင်းက ပိုမိုထူးခြား ကျယ်ပြန့်ခဲ့ပါသည်။

ကာဠုဒါယီမထေရ်၏ လျှောက်ထားတောင်းပန်ချက်အရ ဘုရားရှင်သည် တပေါင်းလပြည့်နေ့တွင် ကပိလဝတ်နေပြည်တော်သို့ ကြွရောက်တော်မူခဲ့ရာ ထိုနေ့ကိုအစွဲပြု၍ ဘုရားရှင် ပြည်တော်ဝင်နေ့အဖြစ် ပူဇော်ပွဲအခမ်းအနားကျင်းပမှုလည်း ရှိနေသေး၏။ ဘုရားရှင်အား ကြိုဆိုပွဲဟု ခေါ်ဆိုနိုင်ပြီး ကပိလဝတ်နေပြည်တော်၌ ဗုဒ္ဓဝင်ကို ဟောကြားခဲ့သဖြင့် ဗုဒ္ဓဝင်ကဗျာရွတ်ဆိုခြင်းများပြု၍လည်း ဗုဒ္ဓဘုရားရှင်အား ပူဇော်ကြပါသည်။

**ထူးခြားဂုဏ်ဟိတ် ဘွဲ့တံဆိပ်**

တပေါင်းလပြည့်နေ့တွင် နိုင်ငံတော်မှ ကြီးမှူးကျင်းပသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်အပ်နှင်းပွဲအခမ်းအနားမှာ သာသနာရေးရှုထောင့်မှကြည့်လျှင် အထူးခြားဆုံးပွဲဟု ဆိုနိုင်ပါသည်။ နိုင်ငံတော်အကြီးအကဲနှင့်တကွ မင်းပရိသတ်စုံညီစွာ တက်ရောက်သည့် အခမ်းအနားဖြစ်၍ ခမ်းနားကြီးကျယ်သောပွဲလည်း ဖြစ်ပါသည်။ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဒသာသနာဟူ၍ သာသနာတော်သုံးရပ်ရှိရာ ထိုသာသနာတော်သုံးရပ်တည်ရှိမှ ဗုဒ္ဓသာသနာတော်မြတ်ကြီး ထွန်းလင်းစည်ပင်မည်ဖြစ်၍ ထိုသာသနာတော်သုံးရပ် ထွန်းကားပြန့်ပွားရေးအတွက် ထူးချွန်ထက်မြက်စွာ ဆောင်ရွက်တော်မူကြသည့် ရဟန်းသံဃာတော်များ၊ ဘိက္ခုနီရဟန်းမများ၊ လူပုဂ္ဂိုလ်ဒါယကာအမျိုးသားများ၊ ဒါယိကာမအမျိုးသမီးများအား ဂုဏ်ပြုချီးကျူးပူဇော်ခဲ့ကြသည်မှာ ဗုဒ္ဓဘုရားရှင်လက်ထက်တော်ကစ၍ သာသနာဝင်သမိုင်းတစ်လျှောက် ခေတ်အဆက်ဆက် ထူးခြားသောအစဉ်အလာတစ်ရပ် ဖြစ်ခဲ့ပါသည်။

ဘုရားရှင်လက်ထက်တော်အခါက ပညာအရာတွင် ထူးချွန်မြင့်မြတ်သည့် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးအား ပညာအရာဧတဒဂ်ဘွဲ့၊ တန်ခိုးအရာတွင် ထူးချွန်မြင့်မြတ်သည့် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကြီးအား တန်ခိုးအရာဧတဒဂ်ဘွဲ့ စသည်ဖြင့် ဘိက္ခုသံဃာတော် ၄၁ ပါးတို့အားလည်းကောင်း၊ ဘိက္ခုနီသာသနာကို အစဦးခွင့်ပြုမှုရရှိစေခဲ့၍ သိက္ခာဝါအကြီးဆုံးဖြစ်သည့် မဟာပဇာပတိဂေါတမီ ဘိက္ခုနီထေရီအား သိက္ခာအရာဧတဒဂ်ဘွဲ့၊ ပညာအရာကြီးကျယ်မြင့်မြတ်သည့် ခေမာဘိက္ခုနီထေရီအား ပညာအရာဧတဒဂ်ဘွဲ့စသည်ဖြင့် ဘိက္ခုနီထေရီ ၁၃ ပါးတို့အားလည်းကောင်း ဧတဒဂ်ဘွဲ့ထူးဖြင့် ဘုရားရှင်က ဂုဏ်ပြုချီးမြှင့်ခဲ့ပါသည်။ ထို့ပြင် တဖုဿနှင့် ဘလ္လိကကုန်သည်ညီနောင်၊ အနာထပိဏ်သူဌေး၊ စိတ္တသူကြွယ်စသည့် ဥပါသကာ (အမျိုးသား) ၁၀ ဦးတို့အားလည်းကောင်း၊ သုဇာတာသူဌေးကတော်၊ ဝိသာခါကျောင်းအမကြီးစသည့် ဥပါသိကာ (အမျိုးသမီး) ၁၀ ဦးတို့အားလည်းကောင်း အရာဌာနအလိုက် ဧတဒဂ်ဘွဲ့ထူးဖြင့် ဘုရားရှင်ကိုယ်တိုင် ချီးမြှင့်မြှောက်စားခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

**ဘွဲ့မြတ်ပူဇာ စဉ်အလာ**

ဗုဒ္ဓဘုရားရှင်သက်တော်ထင်ရှားရှိတော်မူစဉ်ကပင် သာသနာတော်နှင့်သက်ဆိုင်သည့် ဧတဒဂ် ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်အပ်နှင်းခဲ့သည့် အစဉ်အလာကို ရှေးရှေးသောသာသနာပြု မင်းကောင်းမင်းမြတ်များက ဆက်ခံယူခဲ့ကြပြီး သီဟိုဠ်ခေတ်သာသနာဝင်တွင် ထူးချွန်ထင်ရှားသည့် ဆရာတော်ကြီးများအား သံဃရာဇာဘွဲ့၊ ရာဇဂုရုဘွဲ့၊ မဟာသာမိဘွဲ့၊ ကဝိစက္ကဝတ္တိဘွဲ့ စသည်ဖြင့်လည်းကောင်း၊ ပုဂံခေတ်အခါကစ၍ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ်အဆက်ဆက်တို့တွင် အကျင့်သီလအရာ စံထားရသည့် မထေရ်မြတ်ကြီးများ၊ ပရိယတ္တိအရာ ထက်မြက်ထူးချွန်သည့် မထေရ်မြတ်ကြီးများအား ဓမ္မဝိလာသဘွဲ့၊ ဒိသာပါမောက္ခဘွဲ့၊ အဂ္ဂပဏ္ဍိတဘွဲ့၊ ရာဇဂုရုဘွဲ့စသည်ဖြင့်လည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်ချီးမြှင့်ပူဇော်ခဲ့ကြပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီနှင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ဆက်ကပ်လှူဒါန်းခဲ့သော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် နှစ်မျိုးမှာ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့နှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တို့ဖြစ်ပါသည်။ ထိုဘွဲ့တံဆိပ်တော် နှစ်မျိုးသည်လည်း ပရိယတ္တိပညာအရာထင်ရှားကျော်ကြား၍ သာသနာတော်အကျိုးများစေသည့် ကျမ်းကြီးကျမ်းခိုင်များ ပြုစုတော်မူသော ဆရာတော်ကြီးများအား ဆက်ကပ်သည့် ဘွဲ့တံဆိပ်တော်များဖြစ်ပါသည်။ ၁၉၉၁ ခုနှစ်တွင်မူ ထိုစဉ်က နိုင်ငံတော်တာဝန်ယူထားသည့် အစိုးရက သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် အမျိုး ၂၀ ကို တီထွင်ပြဋ္ဌာန်း၍ ပရိယတ္တိစာချဘွဲ့၊ ဓမ္မကထိကဘွဲ့၊ သာသနာပြုဘွဲ့၊ ကမ္မဋ္ဌာန်းဘွဲ့များ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ထိုဘွဲ့တံဆိပ် ၂၀ တွင် ထူးခြားချက်မှာ ပရိယတ္တိနယ်ပယ်မှ ရဟန်းသံဃာတော်များ၊ ကမ္မဋ္ဌာန်းနည်းပြ သံဃာတော်များနှင့် သာသနာပြုနယ်ပယ်မှ ရဟန်းသံဃာတော်များသာမက ဗုဒ္ဓသာသနာတော်မြတ်ကြီးအား ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းကြသည့် ဥပါသကာဒါယကာ(အမျိုးသား)နှင့် ဥပါသိကာ ဒါယိကာမ (အမျိုးသမီး)တို့အား အဆင့်အလိုက် သာသနာနုဂ္ဂဟဘွဲ့များ အပ်နှင်းချီးမြှင့်ပေးခြင်းဖြစ်ပါသည်။

ယခုနှစ် ၂၀၁၅ ခုနှစ်တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခံရသည့် ပုဂ္ဂိုလ်များအမည်စာရင်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၄ ရက် မြန်မာ့လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၅)ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထိုစာရင်းတွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်ခံတော်မူမည့် ဆရာတော်ကြီး ငါးပါး၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံတော်မူမည့် ဆရာတော်ကြီး လေးပါးတို့အပါအဝင် ဘွဲ့တံဆိပ်တော်အစုံ သံဃာတော် ၁၅၃ ပါး၊ သာသနာနွယ်ဝင်သီလရှင်ဆရာကြီး ၁၃ ပါး၊ သာသနာပြုဘွဲ့နှင့် သာသနာနုဂ္ဂဟဘွဲ့ ဆက်ကပ်အပ်နှင်းခြင်းခံရသည့် လူပုဂ္ဂိုလ်အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၂၈ ဦးတို့ဖြစ်ကြပြီး ပြည်တွင်းပြည်ပအားဖြင့် ခွဲခြားပါက ပြည်တွင်းမှ ၁၈၉ ပါး/ဦးနှင့် ပြည်ပမှ ၁၆ ပါးဖြစ်ကြကာ စုစုပေါင်း ၂၀၇ ပါး/ဦးတို့ ဖြစ်ကြပါသည်။

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် အခမ်းအနားကြီးကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတည်ရှိရာကုန်းမြေ သာသနာ့မဟာဗိမာန်တော်ကြီးတွင် တပေါင်းလပြည့်(၄-၃-၂၀၁၅) ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီအချိန်တွင် ထုံးတမ်းစဉ်လာများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပရန် သာသနာရေးဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ ပူးပေါင်း၍ စီစဉ်နေကြပါပြီ။ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲမတိုင်မီ အကြိုရက်(၃-၃-၂၀၁၅)နေ့ အင်္ဂါနေ့တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ ဥပ္ပါတသန္တိစေတီတော် ဩဝါဒါစရိယဆရာတော်များနှင့် ၂၀၁၅ ခုနှစ် ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက နေ့ဆွမ်းဆက်ကပ်ပွဲကိုလည်း အစဉ်အလာအတိုင်း ကျင်းပမည်ဟု သိရှိရပါသည်။ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲအပြီးတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကိုလည်း ဆက်လက်၍ တခမ်းတနားကျင်းပဦးမည်ဖြစ်ပါသည်။

**စဉ်လာမလွဲ ပူဇော်ပွဲ**

မြန်မာမင်းများလက်ထက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲကို အခမ်းအနားဖြင့် ပြုလုပ်ခဲ့ကြောင်း အထောက်အထားများအရ တွေ့ရှိရပါသည်။ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက် ၁၂၁၆ ခုနှစ် (၁၈၅၄ ခုနှစ်)တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲ အခမ်းအနားကို နေပြည်တော် မန္တလေးရွှေမြို့တော်၌ ကျင်းပခဲ့ရာ သာသနာပိုင်ဆရာတော်ကြီး ဘဒ္ဒန္တဥေယျမေဓာအပါအဝင် သံဃာ့မထေရ်ကြီး ၄၃ ပါးတို့အား အခမ်းအနားဖြင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဘွဲ့တံဆိပ်တော်ခံယူမည့် ဆရာတော် ၄၃ ပါးတို့အား တပ်ဦးတွင် ရှေ့ဆုံးမှ ထားရှိသည်။ ဘွဲ့တံဆိပ်တော်အဆောင်အယောင်များကို ရွှေဖောင်ပေါ်တင်ကာ ထီးဖြူတော်မိုးစေပြီး အဆောင်အယောင်ကိုင် အပြည့်အစုံ၊ စည်တော်အဖွဲ့နှင့် နောက်မှ မင်းတရားကြီး၊ မိဖုရားခေါင်ကြီး၊ မင်းမိဖုရား၊ မင်းညီမင်းသား မှူးတော်မတ်တော်များ ခြံရံလျက်လိုက်ပါကြ၏။ သုဓမ္မာဇရပ်ကြီးတွင် ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲကို ကျင်းပခဲ့ကြောင်း မှတ်သားရပါသည်။

ကိုလိုနီခေတ်တွင်လည်း ဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲကို ကျင်းပခဲ့ရာ သာသနာပိုင်ဆရာတော်ရှိရာ မန္တလေးမြို့၌ ကျင်းပခဲ့သည်။ လွတ်လပ်ရေးခေတ် ၁၃၁၅(၁၉၅၃ ခုနှစ်) သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲအခမ်းအနားကိုမူ သမ္မတအိမ်တော်၌ ကျင်းပခဲ့ကြောင်း တွေ့ရှိရပါသည်။ ဘွဲ့တံဆိပ် ဆက်ကပ်ခံယူမည့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ခံ ညောင်ရမ်းဆရာတော်ကြီးအပါအဝင် ဆရာတော် သုံးပါးနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ခံဆရာတော် ၁၄ ပါးတို့အား သမ္မတအိမ်တော်နားနေသံဃာဆောင်သို့ ပင့်ဆောင်ထားသည်။ တူရိယာအဖွဲ့က ဘုန်းတော်ဘွဲ့ ရောင်ခြည်တော်ဘွဲ့တို့ဖြင့် တီးမှုတ်ဧည့်ခံနေပြီး နိုင်ငံတော်သမ္မတကြီးနှင့်တကွ ဧည့်ပရိသတ်များ စုံညီသောအခါ အခမ်းအနားစတင်သည်။ အတွင်းဝန်နှင့် သာသနာရေး ညွှန်ကြားရေးဝန်စသူတို့က ဘွဲ့ခံဆရာတော်များအား အခမ်းအနားကျင်းပရာ ဧည့်ခန်းမဆောင်ကြီးဆီသို့ ပင့်ဆောင်လာပါသည်။ နောက်ပါးက နိုင်ငံတော်ရှေ့နေချုပ်၊ သာသနာရေးဌာန တွဲဖက်အတွင်းဝန်တို့က ဆရာတော်တစ်ပါးချင်းအလိုက် တံခွန်ကုက္ကား ကိုင်ဆောင်လိုက်ပါလာကြပြီး တူရိယာအဖွဲ့က စည်တော်ယွန်း၍ ပူဇော်ပါသည်။ ဆရာတော်များ၏နောက်မှ ၁၅ ပေခန့်ခွာကာ နိုင်ငံတော်သမ္မတကြီးသည် အတွင်းဝန်များရံ၍ လိုက်ပါနေရာယူပြီးနောက် အခမ်းအနားစတင်ကျင်းပပါသည်။ အခမ်းအနားဖွင့် ဧကပိုဒ်ရတု ဖတ်ကြားဖွင့်လှစ်ခြင်း၊ အမျိုးသမီးဝတ်အဖွဲ့က ဂုဏ်ပြုရွတ်ဆိုပူဇော်ခြင်း၊ ပရိသတ်တို့က ငါးပါးသီလခံယူခြင်း၊ ဩဝါဒကထာနာယူခြင်း၊ ထေရုပ္ပတ္တိဖတ်ကြားခြင်း၊ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်း၊ ရေစက်ချအမျှပေးဝေခြင်းတို့ကို ပြီးဆုံးသည်အထိ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပုံမှာ ယနေ့ခေတ် ကျင်းပပုံနှင့် သိပ်ခြားနားမှုမရှိသည်ကို လေ့လာသိမှတ်ရပါသည်။

**ဗုဒ္ဓ ဓမ္မ သံဃပူဇာ ပွဲမဟာ**

၁၉၉၂ ခုနှစ်မှစ၍ ၂၀၁၅ ခုနှစ်အထိ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲသို့ နိုင်ငံတော်အကြီးအကဲနှင့်တကွ အထူးပုဂ္ဂိုလ်များတက်ရောက်၍ ထူးမြတ်စွာ ဆက်ကပ်ပူဇော် အပ်နှင်းလေ့ရှိခဲ့ပါသည်။ နှစ်စဉ်ပုံမှန်အားဖြင့် တပေါင်းလပြည့် တပေါင်းပွဲတော်အခါသမယ၌ ကျင်းပကြသဖြင့် ဘွဲ့တံဆိပ်တော်ဆက်ကပ်ပူဇော်ပွဲကြီးသည် တပေါင်းလပွဲတော်များထဲတွင် ပါဝင်နေပါပြီ။ နိုင်ငံနှင့်အဝန်းမှ ဘွဲ့တံဆိပ်တော်ပူဇော်ခံကြွရောက်တော်မူသည့် သံဃာတော်များတွင် မြန်မာနိုင်ငံအနှံ့မှ ထေရ်ကြီးဝါကြီးသံဃာများအား တစ်ပြိုင်တည်း တစ်နေရာတည်းမှာ ဖူးမြော်ခွင့်ရရှိခဲ့ကြသကဲ့သို့ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲသို့ အထူးပင့်ထားသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များအားလည်း တစ်ပေါင်းတည်း ဖူးမြော်ရသဖြင့် ကုသိုလ်ထူးမြတ်လှသည့် ပွဲတော်ကြီးဖြစ်ပါသည်။

စင်စစ်အားဖြင့် တပေါင်းလပြည့်နေ့တွင် နေပြည်တော် ဥပ္ပါတသန္တိကုန်းမြေ သာသနာ့မဟာဗိမာန်တော်ကြီး၌ နိုင်ငံတော်ကကြီးမှူးကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲကြီးသည် ဘုရားရှင်အား ချီးမြှောက်ပူဇော်ခြင်း၊ ပရိယတ္တိဆိုင်ရာ စာပေကျမ်းဂန်သင်ကြားပို့ချမှုပြန့်ပွားမှုကို ချီးမြှောက်ပူဇော်ခြင်း၊ ပဋိပတ္တိဆိုင်ရာ ချီးမြှောက်ပူဇော်မှုနှင့် သာသနာပြုဆိုင်ရာ စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူကြသည့် သံဃာတော်အရှင်မြတ်များအား ချီးမြှောက်ပူဇော်ခြင်းဖြစ်သဖြင့် ဗုဒ္ဓပူဇာ ဓမ္မပူဇာ သံဃပူဇာ ပွဲတော်ကြီးပင် ဖြစ်ပေတော့၏။ ။

ကုသိုလ်လည်းရ ဝမ်းလည်းဝ ကျသင့်အခွန် တို့ကျေပွန်




ဓါကာဘိုရာဇ ကားမျိုးစုံစင်းလုံးငှါးအထူးလျော့ဈေး
> ရွှေစက်တော် သီးသန့် (၄၅၀၀၀ိ)
> ရွှေစက်တော်၊ ပုဂံ၊ ရွှေစက်တော်-ပုဂံ၊ အလောင်းတော်ကဿပ (၄၅၀၀၀ိ)
> တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ ထမ်စမ်းဂူ (၇၀၀၀၀ိ)
> မော်တင်စွန်း ဘုရားပွဲတော် (၄၅၀၀၀ိ/-) (Mar-2 / 3)
ဘိုကင်သီးမှို/ရှောင်းသာ (နေ့စဉ်) (ဆေး/တည်းခိုပြီး - ၂၅၀၀ိ/-)၊ ငွေဆောင် - (၄၅၀၀ိ/-)
အမှတ်(၂၇၈)၊ တာမွေဈေးမှတ်တိုင်
01541365
0973257853
0943160345

'တမေးပွဲကြီးအတွက် ရမှတ်ကောင်းပြီး အခြေခံ ကောင်းစေမည်'
ဦးရဲမင်းပိုင် (သချၤာ) နွေသင်ရိုးကုန်
၈ တန်း (တိုင်းစစ်) ဘာသာစုံ 9:00 စမည်၊ 12:00 ကျောင်းဆင်းမည်။
၉ တန်း၊ ၁၀ တန်း (သိပ္ပံ၊ ဝိပ္ပံ) ဘာသာစုံ 12:30 စမည်၊ 3:30 ကျောင်းဆင်းမည်။
သင်တန်းအားလုံး မတ်လဆန်း၌ စ,မည်
၁၆၅(ပထပ်)၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၃၁ ၆၁၁၄၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်(၁၉၂၁/က)၊ မြေကွက်တည်နေရာအမှတ်(၁၉၂၁/က)၊ ခေမာ(၃)လမ်း၊ ထ/၁၆-ရပ်ကွက်၊ ရွှေပြည်သာ၊ ဦးဘခင်အမည်ပေါက်၊ ပါမစ်မြေအား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူဦးမာမတ်ယူနွတ်(2/MDN-၁၄၈၈၂၃)မှ ပါမစ်ပျောက်ဆုံးကြောင်း ကိုယ်တိုင်ကတိခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ အရပ်ကတိစာချုပ်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။
ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တန့်ကွက်နိုင်ကြောင်းကြော်ငြာ
[illegible]
ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



# ရတနာဆင်ဖြူတော် ပေါ်ထွန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာဦးထွန်းထွန်းဦး၊ လက်ထောက်အထွေထွေမန်နေဂျာ ဒေါက်တာစည်သူဝမ်ထွန်းတို့ ဦးဆောင်သောအဖွဲ့ဝင် ၁၂ ဦးပါဝင်သည့် အဖွဲ့က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် သလပ်ခွာကြိုးဝိုင်း အကွက်အမှတ် (၈) သစ်ပုတ်ချောင်းဖျား၌ ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရတနာဆင်ဖြူတော် တစ်စီးအားတွေ့ရှိကြောင်း သိရသည်။

အဆိုပါ ရတနာဆင်ဖြူတော်သည် အမဖြစ်ပြီး ကြန်အင်လက္ခဏာများမှာ အသက်(၇)နှစ်(ခန့်မှန်း)၊ အရပ်အမြင့် ၆ ပေ ၃ လက်မ(ခန့်မှန်း)၊ ကိုယ်လုံးပတ် ၈ ပေ ၈လက်မ(ခန့်မှန်း)၊ ကျောကုန်းမှာငှက်ပျောကိုင်း၊ နားရွက် (နားလတ်)၊ မျက်လုံး(ပုလဲရောင်)၊ အမြီးတံခါးစောင်း (၂ ပေ ၇ လက်မ)၊ ခြေသည်းရှေ့(၅×၅) လက်မ၊ နောက် (၄×၄) လက်မ၊ အသားရောင် (ပန်းနုရောင်)ဖြစ်ကြောင်း သိရသည်။

ယခုဆင်ဖြူတော်သည် နဝမမြောက်ဆင်ဖြူတော်ဖြစ်ပြီးယခုနှစ်ဦးတွင် ရတနာဆင်ဖြူတော်ပေါ်ထွန်းလာခြင်းသည် နိုင်ငံတော်အတွက် ကျက်သရေမင်္ဂလာအဖြာဖြာတိုးပွားစေပြီး ပြည်သူများဘေးရန်ကင်းကွာ၍ သာယာဖွံ့ဖြိုးတိုးတက်စေမည့် နိမိတ်လက္ခဏာဖြစ်စေကြောင်းနှင့် ရတနာဆင်ဖြူတော်ကို ရေသိုးစခန်းတွင် မှိန်းသင်ကြားနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပုသိမ်မြို့ စက်မှုဇုန်တွင် အထည်ချုပ်စက်ရုံသုံးရုံ ဖွင့်လှစ်လည်ပတ်နေပြီး စက်ရုံများ ထပ်မံဖွင့်လှစ်သွားရန်ရှိ

**ပုသိမ် ဖေဖော်ဝါရီ ၂၈**

ပုသိမ်မြို့ပေါ်ရှိ စက်မှုဇုန်တွင် စက်ရုံများ ဖွင့်လှစ်လည်ပတ်နေပြီဖြစ်ရာ အထည်ချုပ်စက်ရုံသုံးရုံလည်ပတ်လျက်ရှိပြီး စက်ရုံများ ထပ်မံဖွင့်လှစ်သွားရန်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ သိရသည်။

လက်ရှိအချိန်တွင် အထည်ချုပ်စက်ရုံသုံးရုံဖွင့်လှစ်လည်ပတ်လျက်ရှိပြီး မတ်လအတွင်းတွင် တရုတ်နိုင်ငံမှ အထည်ချုပ်စက်ရုံတစ်ရုံဖွင့်လှစ်လည်ပတ်မည်ဟု သိရသည်။ ထပ်မံဖွင့်လှစ်သွားမည့် စက်ရုံများလည်းရှိပြီး ဆောက်လုပ်ဆဲစက်ရုံများလည်းရှိသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပုသိမ်မြို့ပေါ်တွင် ပိုမိုများပြားလာမည်ဟု မျှော်လင့်ထားကြောင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

"အခုလက်ရှိမှာ စက်ရုံ သုံးရုံဖွင့်လှစ်လည်ပတ်နေပြီးတော့ လုပ်သားပေါင်း နှစ်ထောင်လောက်နဲ့ ဖွင့်ထားပါတယ်။ နောက်ထပ်စက်ရုံ ကိုးရုံဖွင့်ဖို့ စီမံထားပါတယ်။ နောက်ထပ်ဆောက်နေတာတွေလည်း ရှိပါတယ်။ ဒါကြောင့် အရင်က ရန်ကုန် လှိုင်သာယာမှာ သွားလုပ်နေကြတဲ့ ဧရာဝတီတိုင်းဒေသကြီးက ဒေသခံတွေ ပုသိမ်မြို့ပေါ်မှာတင် အလုပ်အကိုင်အခွင့်အလမ်းကောင်းတွေ များလာပါတယ်။ ကိုယ့်ဒေသမှာတင် အလုပ်အကိုင်အဆင်ပြေပါတယ်။ တိုင်းဒေသကြီး အစိုးရအဖွဲ့က စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ကို တွန်းအားပေးဆောင်ရွက်နေပါတယ်။ ရေနက်ဆိပ်ကမ်းစီမံကိန်းလည်း ရှိတော့ ဒေသထွက်ပစ္စည်းတွေ၊ စက်မှုထုတ်ကုန်တွေ၊ တန်ဖိုးမြင့်ထုတ်ကုန်တွေကို ရန်ကုန်ကတစ်ဆင့် ပို့စရာမလိုဘဲ ပုသိမ်ကနေ ပြည်ပကို တိုက်ရိုက်တင်ပို့နိုင်လာမယ်" ဟု ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းကျော်ကျော်က ရှင်းပြသည်။

ဖွင့်လှစ်လည်ပတ်လျက်ရှိသော စက်ရုံသုံးရုံမှာ ကိုရီးယားနိုင်ငံမှ လာရောက်ဖွင့်လှစ်သည့် DIG အထည်ချုပ်စက်ရုံ၊ တရုတ်နိုင်ငံမှ Hakers နှင့် Dong Long အထည်ချုပ်စက်ရုံ၊ မတ်လအတွင်းတွင် ထပ်မံဖွင့်လှစ်မည့်စက်ရုံမှာ တရုတ်နိုင်ငံမှ North Shore စက်ရုံတို့ဖြစ်သည်။ ဖွင့်လှစ်သွားမည့် စက်ရုံအရေအတွက်မှာ စုစုပေါင်း ၂၂ ရုံဖြစ်ပြီး နိုင်ငံခြားသားပိုင်လုပ်ငန်း ၁၁ ခု၊ မြန်မာနိုင်ငံသားပိုင်လုပ်ငန်း ၁၁ ခု ဖြစ်ကြောင်း သိရသည်။ ဖွင့်လှစ်သွားမည့် စက်ရုံလုပ်ငန်းများမှာ အထည်ချုပ်စက်ရုံကြွေပြား၊ ကျောက်ပြား၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းစက်ရုံ၊ ဆက်သွယ်ရေးလုပ်ငန်းတို့ပါဝင်ပြီး စုစုပေါင်း မြေ ၁၄၅ ဧကအကျယ်အဝန်းတွင် အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

**(၀၀၁)**



# မြင်းခြံမြို့တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး လူထုဆန္ဒဖော်ထုတ်

**မြင်းခြံ ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၈ နာရီ ၂၅ မိနစ်က မြို့ပေါ်ရပ်ကွက်မှ ပြည်သူလူထုများနှင့် ကျေးရွာအုပ်စုများမှ ပြည်သူလူထုအင်အား ၁၅၀၀ ခန့်သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် လူထုဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လူထုဆန္ဒဖော်ထုတ်မှုကို မြင်းခြံမြို့ အမှတ် (၁၇)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းရှေ့၌ စုရပ်ထားပြီး အမှတ်(၁၈) ရပ်ကွက် အားကစားကွင်းအထိ လမ်းလျှောက်၍ ဆန္ဒဖော်ထုတ်ခဲ့သည်။

ဆန္ဒဖော်ထုတ်ပွဲသို့ ပါဝင်သောသူများက "တည်ငြိမ်အေးချမ်းရေး-ဒို့အရေး"၊ "ဒီမိုကရေစီရှင်သန်ရေး-ဒို့အရေး"၊ "အပစ်အခတ်ရပ်စဲရေး ပြည်သူတွေကတွန်းအားပေး"၊ "တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုခိုင်မြဲရန် တည်ငြိမ်ဖို့လိုသည်"၊ "အလုပ်သမားလုပ်ငန်းခွင် အေးချမ်းပျော်ရွှင်ဖို့ နိုင်ငံတည်ငြိမ်စို့"၊ "တောင်သူလယ်သမားလုပ်ငန်းခွင် အေးချမ်းပျော်ရွှင်ဖို့ နိုင်ငံတည်ငြိမ်စို့" စသည်ဖြင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်သည့် လက်ကိုင်ဆိုင်းဘုတ်များ၊ ပိုစတာများ ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

အမှတ် (၁၈)ရပ်ကွက် အားကစားကွင်းသို့ ရောက်ရှိသောအခါ ဆန္ဒဖော်ထုတ်ပွဲ ဦးဆောင်သူတစ်ဦးဖြစ်သော ဦးကျော်ဆန်းဦးက ဆန္ဒဖော်ထုတ်ရခြင်း၏ ရည်ရွယ်ချက်များ ဟောပြော ခဲ့ပြီးနောက် ဆန္ဒဖော်ထုတ်လူထုမှ ကြွေးကြော်သံများ ကြွေးကြော်ခဲ့သည်။

ထို့နောက် မူလစုရပ် အမှတ်(၁၇)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းရှေ့သို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း သိရပြီး ဆန္ဒဖော်ထုတ်မှုကို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများထံသို့ ကြိုတင်ခွင့်ပြုချက်တောင်းခံရယူခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ဒေသခံပြည်သူများ စုပေါင်း၍ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်

**မလှိုင် ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် ဒီမိုကရေစီရှင်သန်ခိုင်မာရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းမှုဖော်ဆောင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် ဒေသခံပြည်သူများ စုပေါင်းခွင့်ပြုချက်ရယူကာ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၈ နာရီက ရပ်ကွက်/ကျေးရွာ ၅၆ အုပ်စုမှ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၁၂၀၀ ဖြင့် ထီးဆောင်းဘုရားကွင်း၌ ဆန္ဒဖော်ထုတ်ကြောင်း သိရသည်။

"တိုင်းပြည်ဆူပူ အောင် ဖန်တီးသူ ဒို့ရန်သူ" စာတန်း ရေးသားထားသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ "ဒီမိုကရေစီရှင်သန် ခိုင်မာရေး (ဒို့အရေး)"၊ "နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး (ဒို့အရေး)"၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး (ဒို့အရေး)"၊ "၂၀၁၅ ခုနှစ် ငြိမ်းချမ်းမှု ဖော်ဆောင်ရေး (အောင်ရမည်)" စသည့် ကြွေးကြော်သံများ ကြွေးကြော်ကာ မြို့တွင်းသို့ ငြိမ်းချမ်းစွာ လှည့်လည်ဆန္ဒဖော်ထုတ်ပြီး စုရပ်သို့ ချီတက်ခဲ့ကြသည်။

လမ်းကြောင်းငါးခုမှ ချီတက်လာသော ပြည်သူလူထုသည် စုရပ်ဖြစ်သော ထန်းတောကျေးရွာအုပ်စု ထီးဆောင်းကြီးဘုရား အနောက်ဘက်ကွင်းပြင်သို့ နံနက် ၉ နာရီ ၅ မိနစ်တွင် ရောက်ရှိခဲ့ကြပြီး ကြွေးကြော်သံများတိုင်ပေးကာကြွေးကြော်ခဲ့ကြသည်။

ထို့နောက် ကျောက်တန်းကျေးရွာမှ ဦးမြင့်အောင်က ဒီမိုကရေစီရှင်သန်ရေးအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် စာတမ်းကို ဖတ်ကြားပြီး အခမ်းအနား ကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(၆၂၇)**

# ပဲခူးမြို့ မဇင်းမြောင်းမှ ရေကာတာပေါင်မြေများ ကိုယ်ကျိုးအတွက် သယ်ယူနေ

**ပဲခူး ဖေဖော်ဝါရီ ၂၈**

ပဲခူးမြို့ ဥသာမြို့သစ် (၇/၄)ရပ်ကွက်အတွင်းရှိ မဇင်းရေမြောင်းအား သက်ဆိုင်ရာတို့မှ ရေစီးရေလာကောင်းမွန်ပြီး အနိမ့်ပိုင်းရပ်ကွက်များ ရေနစ်မြုပ်ခြင်းလျော့နည်းစေရန် စက်ယန္တရားကြီးများဖြင့် တူးဖော်ကာ ရေကာတာပေါင်ပြုလုပ်ဆောင်ရွက်ထားရှိသည်။

ယင်းကဲ့သို့ မဇင်းရေမြောင်းတူးဖော်၍ ရေကာတာပေါင်ထားရှိသော တူးမြောင်းမြေများအား (၇/၄)ရပ်ကွက် ဥသာမြို့သစ် ကျွန်းသာယာရပ်ကွက် အုပ်ချုပ်ရေးမှူးအပိုင်နယ်မြေ၌ ကိုယ်ကျိုးအတွက် မိမိပိုင်ခြံမြေအတွင်း သယ်ယူကာ မြေများဖို့နေကြ၍ တူးမြောင်း၏ရေကာတာပေါင်မရှိတော့ဘဲ ပျောက်ကွယ်နေကြောင်း၊ ထို့ကြောင့် ယခုနှစ် မြေနိမ့်ရပ်ကွက်များ ရေကြီးရေလျှံဖြစ်လာဦးမည်ကို စိုးရိမ်ရကြောင်း ဒေသခံများက ပြောပြသည်။

ယင်းကဲ့သို့ မဇင်းမြောင်း ရေကာတာပေါင်မြေများ ကိုယ်ကျိုးအတွက် သယ်ယူဖို့နေခြင်းအား သက်ဆိုင်ရာများ သိရှိနိုင်ရန် ရေးသားလိုက်ရသည်။

**(၅၈၇)**

# တရားမဝင် တမလန်းသစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် မြင်းမူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ညောင်ဝန်းရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၆ ရက် ည ၇ နာရီခွဲက သက်သေများနှင့်အတူ စစ်ကိုင်းမြို့နယ် စစ်ကိုင်း-မုံရွာကားလမ်း နုံးတွင်းရွာအနီး ချမ်းမြေ့အောင် စားသောက်ဆိုင်ရှေ့၌ ရပ်ထားသည့် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်နေ ဝဏ္ဏ (၂၇)နှစ် မောင်းနှင်သည့် ၈C/×××× လိုက်ထရပ်အဖြူရောင်ယာဉ်အား ရှာဖွေစစ်ဆေးရာ ယာဉ်ပေါ်မှ တရားမဝင်တမလန်းသစ်ခားရွေတုံး ကိုးတုံး(သုည ဒသမ ၈၄၄၈)တန် တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် ၎င်းအား စစ်ကိုင်းမြို့မရဲစခန်းက (ပ)၈၅/၂၀၁၅၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(၁)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

❖❖❖

# အထည်ချုပ်စက်ရုံအလုပ်သမားအများစု အေးချမ်းစွာ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်နေပြီဖြစ်



အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ အကြိမ်ကြိမ်ညှိနှိုင်းမှုများကြောင့် အလုပ်ရှင်နှင့်အလုပ်သမားများ အငြင်းပွားမှု ပြေလည်မှုရရှိပြီး အေးချမ်းစွာ လုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်နေပြီဖြစ်သော Costec, Ford Glory, Red Stone အထည်ချုပ်စက်ရုံတို့မှ တာဝန်ရှိသူများ၊ အလုပ်သမားများနှင့် ဖျန်ဖြေရေးအဖွဲ့ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာနှင့် အလုပ်သမားရေးရာဝန်ကြီး ဦးဇော်အေးမောင်**

အလုပ်သမားတွေဘက်ကိုလည်း ကိုယ်ချင်းစာပါတယ်။ နားလည်းနားလည်ပါတယ်။ သူတို့ရတဲ့လခနဲ့ စားဝတ်နေရေး မပြေလည်တော့ တောင်းဆိုတာပေါ့။ ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကို ဖွဲ့ပြီးတဲ့နေ့ကစလို့ အလုပ်ရှင်တွေဘက်ကို လခတိုးပေးဖို့ တွန်းအားပေးခဲ့ပါတယ်။ အလုပ်ရှင်တွေဘက်ကလည်း လခတိုးပေးခဲ့ပါတယ်။ အချို့အလုပ်သမားတွေဆို လုပ်ငန်းခွင်ထဲပြန်ဝင်နေကြပါပြီ။ အလုပ်လုပ်လို့ လုပ်ငန်းလည်ပတ်မှ အလုပ်ရှင်က လခထပ်တိုးပေးနိုင်မှာပါ။ လုပ်ငန်းတိုးတက်လာရင် လခထပ်တိုးပေးဖို့ လုပ်ငန်းရှင်တွေကို မေတ္တာရပ်ခံထားပါတယ်။ အချို့ဆန္ဒပြနေတဲ့ အလုပ်သမားတွေက လုပ်အားခ တိုးပေးထားတာ မသိကြဘူး။ ဒီတော့ သိအောင် မက်ဆေ့ချ်ပေးနေပါတယ်။ အလုပ်ရှင်နဲ့ အလုပ်သမားမှာ အလုပ်သမားတွေက ကိုယ့်သွေးသားချင်းတွေပါ။ အလုပ်ရှင်က နိုင်ငံခြားသားတွေပါ။ ရပ်တည်မယ့်ရပ်တည် ကိုယ့်အလုပ်သမားတွေဘက်ကပဲ ရပ်တည်မှာပါ။ အလုပ်ရှင်တွေကိုလည်း နေ့စဉ်ခေါ်ယူညှိနှိုင်းနေပါတယ်။ နောက်ဆုံး လစာတိုးမပေးနိုင်ရင်တောင် ဖြစ်နိုင်မယ့် နည်းလမ်းတွေကိုရှာပြီး ဆွေးနွေးညှိနှိုင်းနေပါတယ်။ ဒီအချိန်မှာ အလုပ်သမားတွေကို မေတ္တာရပ်ခံချင်တာက ဒီလိုဆန္ဒပြနေလို့ လခတိုးပေးဖို့ ဖြစ်လာမှာမဟုတ်ပါဘူး၊ လုပ်ငန်းခွင်ထဲဝင်ပြီးတော့မှ အလုပ်လုပ်ရင်းနဲ့ပဲ ဥပဒေဘောင်အတွင်းက လခတိုးတောင်းသွားဖို့ မေတ္တာရပ်ခံလိုပါတယ်။

**Costec အထည်ချုပ်စက်ရုံမှ မနှင်းနှင်းအေး**

အလုပ်ရှင်နဲ့ အလုပ်သမားလစာကိစ္စဖြစ်တာပါ။ အလုပ်ရှင်ကို အခြေခံလစာတိုးပေးဖို့ တောင်းဆိုတာပါ။ မလောက်လို့တောင်းဆိုတာပါ။ အစိုးရနဲ့ ပြဿနာဖြစ်တာ မဟုတ်ပါဘူး။ အစိုးရအဖွဲ့က ကြားဝင်ညှိနှိုင်းပေးတာပါ။ အခုဟာက ဒီလိုမဟုတ်ဘဲ အလုပ်သမားတွေက အစိုးရကို ဆန္ဒပြသလို ဖြစ်နေတဲ့အတွက် လုပ်ငန်းခွင်ထဲ ပြန်ဝင်လာတာပါ။ အင်မတန်ဝမ်းနည်းဖို့ ကောင်းပါတယ်။ အပြင်မှာတော့ လစာအတွက် ဆန္ဒပြတဲ့အဖွဲ့တွေ ကျန်နေခဲ့ပါတယ်။ အခု ဆန္ဒပြနေတဲ့ အလုပ်သမားတွေ အားလုံးက အစိုးရနဲ့လည်း မဖြစ်ချင်ဘူး။ သူဌေးနဲ့လည်းမဖြစ်ချင်ပါဘူး။ အားလုံး ပြေပြေလည်လည်နဲ့ပဲ ပြီးသွားစေချင်တာပါ။

**ကျောက်နီအထည်ချုပ်စက်ရုံမှ အထွေထွေမန်နေဂျာ ကိုကျော်လင်းအောင်**

အလုပ်ရှင်ဆိုတာ တကယ်တော့ အလုပ်သမားကိုမှီရတာပါ။ စက်ရုံတစ်ရုံမှာ စက်တွေပဲရှိပြီး အလုပ်သမားမရှိရင် ဒီစက်ရုံလည်ပတ်လို့ မရပါဘူး။ ဟိုတုန်းကတည်းက အလုပ်သမားတွေနဲ့ မိသားစုလို အခက်အခဲရှိလည်း ပွင့်ပွင့်လင်းလင်း ပြောနေကျပါ။ ဖြေရှင်းနိုင်တာကို တတ်နိုင်သလောက် ဖြေရှင်းပေးပြီး မဖြေရှင်းနိုင်ရင်လည်း ညှိနှိုင်းဆောင်ရွက်သွားတာပါပဲ။ အခုဟာက ပြင်ပပယောဂများပြီး တစ်ယောက်နဲ့တစ်ယောက် နားလည်မှုလွဲသွားတဲ့ အခါကျတော့ ကြန့်ကြာမှုတွေဖြစ်သွားတာပါ။ နောက်ပိုင်းလည်း အလုပ်ရှင်ဘက်က လုပ်ပေးနိုင်တဲ့အပိုင်းက အတိုင်းအတာအထိ လုပ်ပေးသွားမယ်ဆိုတာကို ကလေးတွေနားလည်အောင် ရှင်းပြထားပါတယ်။

ကလေးတွေက မရိုင်းပါဘူး။ ဒီမှာ စက်ရုံတည်ကတည်းက ၁၂ နှစ်အတွင်းမှာ သူတို့နဲ့အတူ လက်တွဲလုပ်ခဲ့တာပါ။ ကျွန်တော့်အလုပ်ရှင်ရဲ့သဘောထားက ရေရှည်ဆက်လုပ်သွားဖို့ရှိတဲ့အတွက် ဘာမှကလေးတွေအပေါ်မှာ အာဃာတတရားမထားပါဘူး။ အရေးယူမှုတွေလည်း မလုပ်ပါဘူး။ နှစ်ဦးနှစ်ဖက်ယုံကြည်မှု အပြန်အလှန်တည်ဆောက်ပြီး ညှိနှိုင်းလုပ်ဆောင်သွားဖို့ရှိပါတယ်။

**ကျောက်နီအထည်ချုပ်စက်ရုံမှ မစုထွေးအောင်**

အကုန်လုံး လုပ်ငန်းခွင်ပြန်ဝင်နေပါပြီ။ လူကြီးတွေကလည်း အဆင်ပြေအောင်လုပ်ပေးတယ်။ ၁၇ ရက်နေ့က အလုပ်စဆင်းပါတယ်။ အလုပ်ရှင်က ဆန္ဒပြတဲ့ရက်တွေကိုလည်း လစာမဖြတ်ပါဘူး။ လုပ်ငန်းခွင်မှာလည်း အဆင်ပြေပါတယ်။ လုပ်ခလစာတိုးမြှင့်ရေးအတွက်ပဲ အေးအေးချမ်းချမ်းတောင်းဆိုခဲ့တာပါ။ တစ်နေ့ ၁၀၀၀ တောင်းတာ ၅၀၀ တိုးပေးတယ်။ ရက်မှန်ကြေး ၃၅၀၀ ကိုလည်း ၁၅၀၀ ထပ်တိုးပေးခဲ့ပါတယ်။ ကျေနပ်မှုရသွားကြပါပြီ။ အခုတော့ အလုပ်ကို ကြိုးကြိုးစားစားလုပ်နေပါတယ်။

**Ford Glory အထည်ချုပ်စက်ရုံမှ အထွေထွေမန်နေဂျာ JOE LEE**

အလုပ်သမား အကုန်လုံးနဲ့တော့ ညှိနှိုင်းပြီးသွားပြီ။ သူတို့ကိုသင့်တင့်သလောက်လည်း လစာတိုးပေးတယ်။ အပြင်မှာ ကျန်နေတဲ့သူတွေအနေနဲ့ သူတို့သဘောဆန္ဒပဲ ကျန်တော့တယ်ပေါ့နော်။ သူတို့လုပ်ငန်းခွင်ပြန်ဝင်လာမယ်ဆိုရင်လည်း ကျွန်တော်တို့ဘက်က ကြိုဆိုပါတယ်။ သူတို့ကို လက်ခံပါတယ်။ အလုပ်စဖွင့်နေပြီဖြစ်တဲ့အတွက် အချိန်မရွေးဝင်လာလို့ရပါတယ်။ Ford Glory အထည်ချုပ်စက်ရုံရဲ့ ရည်မှန်းချက်ကတော့ အရည်အသွေး ကောင်းကောင်းနဲ့ အရေအတွက်များများ ထုတ်နိုင်ဖို့သာ အဓိကပဲ ဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း-သီသီမင်း ဓာတ်ပုံ-မင်းသစ်**

**ရွှေပြည်သာမြို့နယ် ရပ်မိရပ်ဖ ဦးလှရွှေ**

အလုပ်သမားတွေ လစာတိုးပေးဖို့ အလုပ်ရှင်နဲ့ အလုပ်သမား ပြဿနာဖြစ်ပြီဆိုကတည်းက မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကနေ စက်ရုံတွေကို ဆင်းတယ်။ ကလေးတွေ လွတ်လွတ်လပ်လပ် ဆန္ဒဖော်ထုတ်လို့ရတယ်။ အခွင့်အရေး တောင်းလို့ရတယ်။ စက်ရုံထဲဝင်ပြီးတော့ အေးချမ်းစွာနဲ့ ဥပဒေနဲ့အညီ အလုပ်သမားကိုယ်စားလှယ်တွေကနေတစ်ဆင့် တောင်းဆိုကြပါ။ လိုအပ်တာကို ခေါ်ယူညှိနှိုင်းပေးပါမယ်ဆိုပြီး ပြောခဲ့တယ်။ ဒီနောက်တော့ အလုပ်သမားခေါင်းဆောင်တွေ၊ စက်ရုံတာဝန်ရှိသူတွေနဲ့ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ အကြိမ်ကြိမ် ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ အလုပ်သမားတွေက အတွေ့အကြုံလည်းနုနယ်သေးတော့ စိတ်ရှည်ရှည်နဲ့ ညှိနှိုင်းလာတာ နောက်ဆုံးမှာ တချို့အတော်များများ လက်ခံပြီး လုပ်ငန်းခွင်ထဲ ပြန်ဝင်နေကြပါပြီ။ အခုလက်ရှိမှာတော့ ကျောက်နီအပါအဝင် စက်ရုံသုံးရုံ ပြန်လည်ပတ်နေပါပြီ။

❑

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁-၃-၂၀၁၅ (တနင်္ဂနွေနေ့)

- ၅း၀၀ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၄၀ "ကြီးပွားချမ်းသာကြောင်း"တရားတော် [အရှင်စန္ဒသိရီ (အောင်စကြာဆရာတော်)]
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ" (အပိုင်း-၃၇)
- ၈း၃၅ ကလေးတို့ကမ္ဘာ
- ၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၁၂၄)
- ၁၀း၀၀ ခေတ်သစ်ပျိုမေ
- ၁၁း၀၀ Star တို့ရဲ့လက်ရာ
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [ယောကျ်ားအားမာန်(အပိုင်း-၁)]
- ၄း၃၀ ကလေးတို့ကမ္ဘာ
- ၅း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်လှူဆိုးမလေး" (အပိုင်း-၄)
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ"(အပိုင်း-၃၈)
- ၇း၄၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [ယောကျ်ားအားမာန်(အပိုင်း-၂)]
- ၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၁၂၅)
- ၁၀း၄၀ MRTV-4 Stage
- ၁၂း၃၀ Spain Laliga Sevilla Vs Atletico Madrid (LIVE)
- ၄း၄၀ မုံရွာမြို့သို့ အလည်တစ်ခေါက်

## မြန်မာ့ရုပ်မြင်သံကြား News Channel ထုတ်လွှင့်မှုအစီအစဉ်

၁-၃-၂၀၁၅ (တနင်္ဂနွေနေ့)

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၄၅ "ဖူးမြော်ဖို့ရည် ရွှေဘုံသာမုနိစေတီ"
- ၈း၃၅ "ခေတ်နှင့်အညီပြောင်းလဲ တိုးတက်လာသော လယ်ယာကဏ္ဍပုံရိပ်များ"
- ၉း၃၅ "အနုပညာသတင်း အစီအစဉ်"
- ၁၁း၃၅ ချစ်သောဤမြေကမ္ဘာ
- ၁၂း၅၀ "တို့ရွာနှင့် တို့စီမံကိန်း" (ပထမပိုင်း)(ရှက်တယ်၊ ခင်မီမီကို) (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)
- ၂း၃၅ "တို့ရွာနှင့် တို့စီမံကိန်း) (ဒုတိယပိုင်း)(ရှက်တယ်၊ ခင်မီမီကို) (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)
- ၇း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
  - Tasty Trip
  - ဆိုကြမယ် ပျော်ကြမယ်

## mitv MYANMAR INTERNATIONAL Programme Schedule (1-3-2015) (Sunday)

**(1-3-2015 07:00am ~ 2-3-2015 07:00am) MST**

- Myanmar's Traditions and Culture "Tea"
- On the River
- Grow Back for Posterity "The dawn of development"
- Welcome to the Southern most part of Myanmar
- Reflected Glory
- Interview with Israeli Ambassador
- A Trip To The City Of Rakkhita, Rakhine
- Food Trip (EP-3)
- Today Myanmar "Online Shopping"
- Myanmar National Poet And Literary Icon; Prolific Writer of Poems & Prose - Min Thu Wun (Ep-2)
- Myanmar Masterclass: Portraiture
- Great Shwedagon "Charitable Associations"
- Myanmar Traditional Festival
- PET FISH BIZ
- Size Does Matter (Human-Elephant Conflict, "Habitat Loss")
- Innovative Handiworks Based On The Art Of Line Drawing
- Shin Ma Taung Thanakhar

# အောင်လံမြို့နယ်တွင် ဗီယက်နမ်စပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

**အောင်လံ ဖေဖော်ဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ဒုရင်ဗိုလ်ကျေးရွာအုပ်စုကွင်းအမှတ်(၂၆၃) ဦးပိုင်အမှတ်(၁၆၄) တောင်သူ ဦးစန်းလွင်၏ လယ်ယာမြေတွင် ဖေဖော်ဝါရီ ၂၅ ရက်က ဗီယက်နမ်စပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းဖေက သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဆောင်ရွက်ပြုလုပ်ခြင်းကို တောင်သူများသဘောပေါက်အောင် အသေးစိတ်ရှင်းလင်းပြသည်။ အခမ်းအနားသို့ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ကျေးရွာငါးအုပ်စုမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်တောင်သူများ တက်ရောက်ကြသည်။

**မောင်မောင်သိန်းလွင်(အောင်လံ)**

# ဒေါပုံမြို့နယ် ရွှေနှင်းဆီလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ရန်ကုန် အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက်ရှိ ရွှေနှင်းဆီလမ်းအား ဖေဖော်ဝါရီ ၂၈ ရက်နံနက်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ ရန်ကုန်တိုင်းဒေသကြီး သစ်တောစွမ်းအင်ဆောက်လုပ်ရေးဝန်ကြီး ဦးကျော်စိုး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝေဇင်နှင့် ဒေါပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေတို့က အဆိုပါ လမ်းမုခ်ဦးရှေ့၌ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ရွှေနှင်းဆီလမ်းကို ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေမှ ကျပ် ၃၉၃၀၂၀၀၊ လမ်းသူလမ်းသားစေတနာရှင် အလှူရှင်များက လှူဒါန်းငွေကျပ် ၄၄၂၈၁၀၀ စုစုပေါင်း ကျပ် ၈၃၅၈၃၀၀ ဖြင့် လမ်းအရှည်ပေ ၂၆၀၊ အကျယ် ၂၄၊ အမြင့် ခြောက်လက်မဒုရှိ ကွန်ကရစ်လမ်းသစ်အား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့် အဖွဲ့က လမ်းသစ်ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**အေးသန်း(ဒေါပုံ)**

မီး
သတိပြု

# နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းရွက်နေကြသော တပ်မတော်သားများအတွက် အလှူငွေပေးအပ်လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**



လောက်ကိုင်ဒေသတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းရွက်နေကြသော တပ်မတော်သားများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်သာရှိ စစ်ရေးဌာန(ရေး-၂)၌ ကျင်းပရာ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၀)၊ စည်သူတပ်ခွဲကျောင်းဆင်းအရာရှိများနှင့် မိသားစုများက အမိနိုင်ငံတော်အတွက် ရှပ်ရှပ်ချွံချွံ တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် တိုက်ပွဲအသီးသီးတွင် အသက်ပေးလှူခဲ့ကြသည့် အရာရှိစစ်သည်များ၏ မိသားစုများအတွက် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

လောက်ကိုင်ဒေသ၌ နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းရွက်နေကြသည့် တပ်မတော်သားများအတွက် အလှူငွေ၊ အသုံးအဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ လွယ်ကူချောမွေ့စွာလှူဒါန်းနိုင်ရေးအတွက် နံနက် ၈ နာရီမှ ညနေ ၄ နာရီခွဲအထိ ပိတ်ရက်မရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် ဖွင့်လှစ်ကာ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**(ဇော်မင်းလတ်)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)လောက်ကိုင်ဒေသမှ တိုက်ပွဲရှောင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ စာမေးပွဲဖြေဆိုနိုင်ရေး စီစဉ်ထားရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လောက်ကိုင်ဒေသမှ တိုက်ပွဲကြောင့် ဒေသအသီးသီးသို့ ရောက်ရှိနေကြသူများ၏ ကလေးများဖြစ်သည့် ကျောင်းသား ကျောင်းသူများ အတန်းဆုံးစာမေးပွဲများ ဖြေဆိုနိုင်ရေးအတွက် အောက်ပါအတိုင်း စီစဉ်ထားရှိပါသည်-

**(က) သူငယ်တန်းမှ နဝမတန်း ကျောင်းသား ကျောင်းသူများအတွက်**

၁။ တိုက်ပွဲရှောင် ကျောင်းသား ကျောင်းသူများသည် သက်ဆိုင်ရာ အတန်းဆုံးစာမေးပွဲများကို မိမိရောက်ရှိရာ ဒေသရှိ မြို့နယ်ပညာရေးမှူးထံ သတင်းပေးပို့ပြီး နီးစပ်ရာကျောင်းများတွင် ဝင်ရောက်ဖြေဆိုနိုင်ရန် စီစဉ်ထားရှိပြီး ဖြစ်ပါသည်။

၂။ ယခုစစ်ဆေးသည့် ပုံမှန်စာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုရန် အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူများအတွက် ၂၀၁၅ ခုနှစ် သင်္ကြန်ပွဲတော်အပြီးနှင့် ကျောင်းမဖွင့်မီကာလအတွင်း အခန်းဆုံးစာမေးပွဲများကို လောက်ကိုင်ဒေသတွင် သီးခြားပြန်လည်ကျင်းပပေးမည်ဖြစ်ပါသည်။

**(ခ) ဒသမတန်း ကျောင်းသား ကျောင်းသူများအတွက်**

၁။ လောက်ကိုင်စာစစ်ဌာနတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုရန် စာရင်းသွင်းထားသော ကျောင်းသား ကျောင်းသူများအတွက် ကွမ်းလုံမြို့တွင် သီးခြားစာစစ်ဌာနဖွင့်လှစ်ပေးမည်ဖြစ်ပါသဖြင့် အဆိုပါမြို့နယ်ရှိ မြို့နယ်ပညာရေးမှူးနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၂။ ထို့အပြင် မိမိတို့ရောက်ရှိအခြေပြုရာဒေသရှိ စာစစ်ဌာနများတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုလိုပါက စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၏ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးအပ်ပါသည်-

(ကက) ဦးမျိုးမြင့်အောင်(ဦးစီးအရာရှိ)၊
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန
(ဇွဲကပင်ဆောင်)၊
ဖုန်း-၀၁-၆၅၃၅၀၉၊ ၀၉-၅၀၆၁၇၇၆

(ခခ) ဒေါက်တာမြတ်စိုးအောင်
(လက်ထောက်ညွှန်ကြားရေးမှူး)၊
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ရုံးအမှတ် (၅၂)၊
နေပြည်တော် ဖုန်း-၀၆၇-၄၃၀၁၆၈၊
၀၉-၂၅၆၀၈၈၅၂၁

**(သတင်းစဉ်)**

# လောက်ကိုင်မြို့ သန့်ရှင်းသာယာလှပရေး ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

လောက်ကိုင်ဒေသတွင် ဖေဖော်ဝါရီ ၉ ရက်မှစ၍ တပ်မတော်စစ်ကြောင်းများနှင့် ကိုးကန့်သောင်းကျန်းသူအဖွဲ့များ တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ယခုအခါ တပ်မတော်စစ်ကြောင်းများ၏ နယ်မြေရှင်းလင်းဆောင်ရွက်မှုများကြောင့် လောက်ကိုင်မြို့အတွင်း ပြန်လည်တည်ငြိမ်အေးချမ်းလာပြီဖြစ်သဖြင့် ဖေဖော်ဝါရီ ၂၂ ရက်မှစတင်၍ တိုက်ပွဲရှောင်ပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိသည်။

ထို့ကြောင့် လောက်ကိုင်မြို့သန့်ရှင်းသာယာလှပရေးအတွက် ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများက ပူးပေါင်း ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၇ ရက်တွင် ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးစောမြင့်ဦး ဦးဆောင်၍ လောက်ကိုင်တပ်နယ်မှ တပ်မတော်သားများ၊ မြို့မိမြို့ဖများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုးကန့်လူမှုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက လောက်ကိုင်မြို့တွင်းရှိ လမ်းများမှ အမှိုက်သရိုက်များ ရှင်းလင်းခြင်းနှင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



**လောက်ကိုင်မြို့ သန့်ရှင်းသာယာလှပရေးအတွက် တပ်မတော်သားများက ပူးပေါင်းဆောင်ရွက်နေစဉ်။ (မြဝတီ)**

# လောက်ကိုင်မြို့တွင်းမှ မူးယစ်ဆေးဝါးများ ထပ်မံသိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

လောက်ကိုင်မြို့တွင်း တပ်မတော်စစ်ကြောင်းများက လုံခြုံရေးဆောင်ရွက်စဉ် ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် နားလီလမ်းဆုံနှင့် နတ်စင်ကုန်းအနီးရှိ မသက်ာဖွယ် အဆောက်အအုံတစ်လုံးအား ဝင်ရောက်ရှင်းလင်းခဲ့ရာ အဆောက်အအုံအတွင်းမှ ဆာလာအိတ်ဖြင့်ထုပ်ထားသည့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ အထုပ် ၄၀၊ ၂၀၀၀ ပါ ၂၉ ထုပ်၊ ၄၀၀၀ ပါ ၁၅ ထုပ်၊ ၆၀၀၀ ပါ ၁၀ ထုပ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၈၆၀၀၀ (ကာလတန်ဖိုးကျပ်သိန်း ၂၇၉၀ ခန့်)အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိသည်။

အလားတူ လောက်ကိုင်မြို့အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ကြောင်းက ယနေ့နံနက်ပိုင်းတွင် ရေသန့်စက်ရုံအနီး လှိုဏ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၅၄၀၀ (ကာလတန်ဖိုးကျပ် ၃၂၇ သိန်းခန့်)အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိသည်။

ထို့အတူ လောက်ကိုင်မြို့မြောက်ဘက် မူကွာကျိုင်းအနီးတွင် ယနေ့နံနက်ပိုင်း၌ နယ်မြေရှင်းလင်းလျက်ရှိသော တပ်မတော်စစ်ကြောင်းက မသင်္ကာဖွယ်ရာ အရပ်သားနှစ်ဦးအားတွေ့ရှိ၍ စစ်ဆေးခဲ့ရာ ဦးညီမာန် (၃၇)နှစ် (ဘ) ဦးလူခန်းနှင့် ဦးလျှောက်ကျောင်း (၄၃)နှစ် (ဘ)ဦးဝေချန်တို့ထံမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၉၃၀၀ (ကာလတန်ဖိုးကျပ် ၁၃၉ သိန်းခန့်)အား သိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ သိမ်းဆည်းရမိ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၂၆၀၇၀၀ (ကာလတန်ဖိုးကျပ် ၃၂၅၆ သိန်းခန့်)နှင့် အတူတရားခံနှစ်ဦးတို့အား ဖမ်းဆီးရမိခဲ့သည်။ အဆိုပါ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများအား မြန်မာနိုင်ငံမူးယစ်ဆေးဝါး ကာကွယ်တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သို့ စနစ်တကျအပ်နှံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# မကွေးအသင်း ဇေယျာရွှေမြေကို ဂိုးပြတ်သွင်း

**သတင်း၊ဓာတ်ပုံ - ချစ်ကိုကို**

၂၀၁၅ ရာသီ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၈) ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ယှဉ်ပြိုင်ကစားသည်။



**ဂိုးပြတ်နိုင်ပွဲရခဲ့သည့် မကွေးအသင်း။**

(အောင်ဆန်းကွင်း)

မကွေး - ခြောက်ဂိုး
(ဆယ်လာ၊ စိုးမင်းနိုင်နှင့် ကောင်းဆက်နိုင် - နှစ်ဂိုးစီ)

ဇေယျာရွှေမြေ - နှစ်ဂိုး (ရိုဒရီဂူနှင့် နိုင်ဦးလွင်)

ယခုရာသီတွင် ရလဒ်များဆိုးရွားနေသည့် ဇေယျာရွှေမြေအသင်းမှာ ယခုပွဲတွင်လည်း မကွေးအသင်းကို ဂိုးပြတ်အရှုံးပေးခဲ့ရသည်။ မကွေးအသင်းမှာ ခြေစွမ်းပြကစားနိုင်ခဲ့ပြီး နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မကွေးအသင်းအတွက်ဂိုးများကို (၂၁၊ ၂၂)မိနစ်တွင် ဆယ်လာ၊ (၅၀၊ ၇၀)မိနစ်တွင် စိုးမင်းနိုင်နှင့် (၈၀၊ ၉၁) မိနစ်တွင် ကောင်းဆက်နိုင်တို့က နှစ်ဂိုးစီ သွင်းယူပေးခဲ့ပြီး ဇေယျာရွှေမြေအတွက် ချေပဂိုးများကို ၅၉ မိနစ်တွင် ရိုဒရီဂူနှင့် ၈၆ မိနစ်တွင် နိုင်ဦးလွင်တို့က သွင်းယူပေးခဲ့သည်။

(သုဝဏ္ဏကွင်း)


ချင်းယူနိုက်တက် - နှစ်ဂိုး (မက်သယူးနှင့် ဆောင်လမန်)
ရခိုင်ယူနိုက်တက် -ဂိုးမရှိ

(ယနေ့ပွဲ)

(တောင်ကြီးကွင်း) ကမ္ဘောဇ - ရန်ကုန်
(အောင်ဆန်းကွင်း) မနောမြေ - ဟံသာဝတီ
(သုဝဏ္ဏကွင်း) ဇွဲကပင် - နေပြည်တော်

ပြည်တွင်းရေးရာ

# တောင်သူလယ်သမားနေ့တွင် ညောင်ချောင်းသာ ကမ်းခြေအား စည်ကားသိုက်မြိုက်စွာ ဖွင့်မည်



**ညောင်တုန်း ဖေဖော်ဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ ညောင်ချောင်းသာကမ်းခြေအား မတ် ၂ရက်တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် အများပြည်သူ အပန်းဖြေနိုင်ရန် စည်ကားစွာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ညောင်ချောင်းသာကမ်းခြေကို မတ် ၂ရက် နံနက်တွင် လာရောက်အပန်းဖြေသူများအား ဒေသယဉ်ကျေးမှုအကများဖြစ်သည့် ဆင်က၊ တိုင်းရင်းသား ရိုးရာကရင်ဒုံးယိမ်းအက၊ ဒေသဆိုင်ရာ ဆိုင်းဝိုင်းများ၊ တီးဝိုင်းများဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီမြစ်မကြီး၏ အရှေ့ဘက်ကမ်းခြေတွင် တည်ရှိသော မြစ်ဝကျွန်းပေါ်ဒေသသည် လယ်ယာကိုင်းကျွန်း၊ ဥယျာဉ်ခြံလုပ်ငန်း၊ ရေချိုငါးပုစွန်လုပ်ငန်းအချို့နှင့် ဒေသထွက်ကုန် အသီးသီးတို့ကို ရောင်းဝယ်ဖောက်ကားလျက် စည်ကားစွာရှိပြီး ဧရာဝတီတိုင်းဒေသကြီးတံခါးဝ မြို့တစ်မြို့ဖြစ်သည့် ညောင်တုန်းမြို့၏ လူသိများထင်ရှားလှသော ညောင်ချောင်းသာကမ်းခြေသည်လည်း စည်ကားလျက်ရှိသည်။

အဆိုပါ ကမ်းခြေအား ယခင်နှစ်များထက် ကြိုတင်ဖွင့်လှစ်နိုင်ရန် စီစဉ်ခဲ့သော်လည်း မိုးတွင်းအခါက သဘာဝအလျောက် ရေ၏ ပြောင်းလဲမှုများကြောင့်သောင်ပြန့်အနေအထား၊ မြစ်ရေကျဆင်းမှုအချိန်၊ ရေအတိမ်အနက်စသည့် အချက်အလက်တွေကို စောင့်ဆိုင်းခြင်းတို့ကြောင့် ယခင်နှစ်များ၏အချိန်အတိုင်း ဖွင့်လှစ်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ညောင်ချောင်းသာကမ်းခြေနှင့် ပတ်သက်ပြီး ယခင်နှစ်များ၏ အတွေ့အကြုံတွေများကို ရယူကာ တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နေကြောင်း မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီမှ တာဝန်ရှိသူတစ်ဦး ကပြောသည်။ **ဝင်းမြင့်ကျော်(ညောင်တုန်း)**

## ရပ်ကွက်များ၌ ဆေးစိမ်ခြင်ထောင် များအခမဲ့ဖြန့်ဝေ

**ဖရူဆို ဖေဖော်ဝါရီ ၂၈**

ကယားပြည်နယ် ဖရူဆိုမြို့ပေါ် ရပ်ကွက်ရှိ အိမ်ထောင်စုများအား ပြည်နယ်ကျန်းမာရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် (Regional Artemisinin Initiative) မဲခေါင်ဒေသတွင်းနိုင်ငံများ စုပေါင်း၍ ဆေးယဉ်ပါးမှု အစပြုဆောင်ရွက်ခြင်း အစီအစဉ်ဖြင့် ဆေးစိမ်ခြင်ထောင်များအား အခမဲ့ဖြန့်ဝေခြင်းကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီတွင် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးစိမ်ခြင်ထောင်များအား မြို့နယ်ကျန်းမာရေးဦးစီးဌာန ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့မှ ဝန်ထမ်းများနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်ကော်မတီဝင်များ၊ ကျန်းမာရေးဆရာမများက မြို့ပေါ် ရပ်ကွက်ရှိ ညောင်ဇင်၊ ထီးကူးဆို၊ ထီးတရဲ၊ ဒီးဒေါကူးနှင့် လောဘူးဒါးရပ်ကွက်မှ အိမ်ထောင်စု ၆၄၃ စုအတွက် ဆေးစိမ်ခြင်ထောင် ၁၈၆၂ လုံးအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဦးကျော်(ပြန်/ဆက်)**

## ကမမောင်းမြို့တွင်(P D L S) စက်တပ်ဆင်

**ကမမောင်း ဖေဖော်ဝါရီ ၂၈**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့တွင် ပြည်သူများစာအုပ်၊ စာပေများကိုခေတ်နှင့်အညီ အလွယ်တကူ လေ့လာဖတ်ရှုနိုင်ရန်အတွက် ကမမောင်းပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူစည်ကားရာ ပတ္တမြားလမ်းရှိ အောင်ချမ်းသာလက်ဖက်ရည်ဆိုင်၌ (Public Digital Library Service)စက်အား ဆိုလာလျှပ်စစ်ကို အသုံးပြု၍ တပ်ဆင်ဖွင့်လှစ်ထားကြောင်းသိရသည်။

ထိုသို့ထားရာ၌ ဆိုင်ရှင်ဖြစ်သူ ဦးမျိုးမြင့်က "အခုလို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကနေ (PDLS) စက်ထားပေးထားတော့ ဒေသခံ ပြည်သူတွေ၊ ဝန်ထမ်းတွေ ကျောင်းသား ကျောင်းသူတွေ မီတာ ၃၀၀နဲ့ ၆၀၀ အတွင်း ဖုန်းဖြင့် Wi-Fi ချိတ်ဆက်ပြီး စာအုပ်ပေါင်း ၇၀၀၀ ကျော်ကို ရွေးချယ်ဖတ်ရှုလို့လည်းရတယ်"ဟု ပြောသည်။

**လင်းသန့်**(IPRD)

## ပွင့်သစ်စ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

**ဒိုက်ဦး ဖေဖော်ဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အင်းသဇင်အုပ်စု ကုန်းပိုင်းကြီးကျေးရွာ ပွင့်သစ်စ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၁ နာရီတွင် ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါစာကြည့်တိုက်အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ မတည်ငွေ ၁၀ သိန်း၊ ကျေးရွာမှ ထည့်ဝင်ငွေ ၁၁ သိန်း စုစုပေါင်း ၂၁ သိန်းဖြင့် အလျား ၁၅ ပေ၊ အနံ ၁၈ ပေရှိ သွပ်မိုး၊ အုတ်ကာ သမံတလင်းခင်း အဆောက်အအုံဖြစ်သည်။ **ကျော်ကျော်**(IPRD)






အတွေးအမြင်ဆောင်းပါး

# ဟိုဘက်သည်ဘက် ဤနှစ်ဖက် အမျက်မထား မေတ္တာပွားလော့

**ခ စန်းနီလာဝင်း**

တောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်း၊ ဟိုဘက်ခြမ်းနှင့် သည်ဘက်ခြမ်းတို့သည် မျက်နှာချင်းဆိုင် ဆန့်ကျင်ဘက် Opposition Contradiction ဖြစ်နေသကဲ့သို့ အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်း၊ အရှေ့မြောက်ဘက်နှင့် အနောက်တောင်ဘက်ခြမ်း၊ အရှေ့တောင်ဘက်ခြမ်းနှင့် အနောက်မြောက်ဘက်ခြမ်းတို့သည် မျက်နှာချင်းဆိုင်ဆန့်ကျင်ဘက် (Opposition Contradiction) ဖြစ်နေကြသော်လည်း ပဋိပက္ခ (Conflict, dispute, Antagonism) အသွင်ကို မဆောင်ပါချေ။

သို့တစေ မြောက်ဘက်ခြမ်းနှင့် တောင်ဘက်ခြမ်းမှ လူပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ထို့အတူ အနောက်ဘက်ခြမ်းနှင့် အရှေ့ဘက်ခြမ်းမှ လူပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ အနောက်တောင်ဘက်ခြမ်းနှင့် အရှေ့မြောက်ဘက်ခြမ်းမှ လူပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ အနောက်မြောက်ဘက်ခြမ်းနှင့် အရှေ့တောင်ဘက်ခြမ်းမှ လူပုဂ္ဂိုလ်တို့သည်လည်းကောင်း တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်သင်းနှင့်တစ်သင်း၊ တစ်ရွာနှင့်တစ်ရွာ၊ တစ်မြို့နှင့်တစ်မြို့၊ တစ်အုပ်စုနှင့်တခြားအုပ်စု၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံတို့ရှိ လူပုဂ္ဂိုလ်တို့ နှစ်ဖက်ဆက်ဆံရေး သဟဇာတဖြစ်နေပါက ထိုလူနေမှုအဖွဲ့အစည်းတို့သည် ငြိမ်းချမ်းသာယာနေမည်သာဖြစ်သည်။

နှစ်ဖက်ဆက်ဆံရေး သဟဇာတ မဖြစ်ပါက ဆန့်ကျင်ဘက် ဝိရောဓိနယ်ပယ်မှသည် ပဋိပက္ခနယ်ပယ်ဆီသို့ အလိုအလျောက်ရောက်ရှိသွားမည်သာဖြစ်သည်။ နှစ်ဖက်စလုံးကို ဖျန်ဖြေစေ့စပ်ညှိနှိုင်း၍မရပါက ရန်ပွဲနှင့် စစ်ပွဲအသွင်ကူးပြောင်းသွားမည်ဖြစ်ပြီး နှစ်ဖက်စလုံး လူမှုအနိဋ္ဌာရုံဆိုးကျိုးများကို မျှဝေခံစားကြရမည်သာ ဖြစ်တော့သည်။ တစ်ဖက်က စစ်နိုင်သူဖြစ်စေကာမူ လူ၊ ငွေကြေး၊ အသက်အိုးအိမ်စည်းစိမ်၊ လက်နက်တို့ကို ရင်းနှီးပေးဆပ်ထားရသည်ဖြစ်၍ ဆုံးရှုံးနစ်နာမှုဖြင့်သာ စစ်အောင်နိုင်ခြင်းသာဖြစ်ပေမည်။ စစ်ရှုံးသူဘက်က အရှုံးကား ဆိုဖွယ်ရာမရှိတော့ပါပြီ။

> မြောက်သူကမြောက်၊မြောက်သူကမြောက်၊ခြောက်သူကခြောက်. .

တစ်ပါးကျွန်သက်တမ်း(၁၂၄)နှစ်ဘဝမှ လွတ်မြောက်ရအောင် တိုင်းရင်းသားအပေါင်းတို့၏ အသက်၊ သွေး၊ ချွေးတို့ကိုစတေး၍ ရယူခဲ့ရသော မြန်မာ့လွတ်လပ်ရေးမှာ ကလေးမုန့်ဖိုးလက်ဖြန့်တောင်း၍ရသလိုရရှိခဲ့ခြင်းမျိုး လုံးဝမဟုတ်ပါ။ မလွတ်လပ်ခင်က ညီညွတ်ပြီး လွတ်လပ်ရေးရပြီးကာမှ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကျားကုတ်ကျားခဲလုပ်ကိုင်ဆောင်ရွက်ကြရမည့် အချိန်အခါရောက်ခါမှ တက်မညီ၊ လက်မညီ သူတစ်မျိုး ငါတစ်ဖုံ သူဖြုလျှင် ငါမည်း၊ ခွဲသူကခွဲ၊ ကွဲသူကကွဲ၊ ပင့်သူကပင့်၊ မြင့်သူကမြင့်၊ မြောက်သူကမြောက်၊ မြောက်သူကမြောက်၊ ခြောက်သူကခြောက်၊ ကြောက်သူကကြောက်၊ နှိမ်သူကနှိမ်၊ နိမ့်သူကနိမ့်၊ ဖြုတ်သူကဖြုတ်၊ ပြုတ်သူကပြုတ်၊ နှစ်သူကနှစ်၊ နစ်သူကနစ်၊ မြေအောက်နှင့် မြောက်အောက်ချင်း၊ မြေပေါ်နှင့် မြေအောက်လက်နက်ကိုင်ပဋိပက္ခများမှာ လွတ်လပ်ရေးကြီးနှင့်အတူ ဖွားဖက်တော်သဖွယ် ပေါ်ပေါက်လာခဲ့သည်။

၁၉၄၈-၁၉၄၉ ခုနှစ် လွတ်လပ်ရေးရပြီးစ ကာလတွင်ပင် ထိုစဉ်က ဗကပ၊ အလံနီ၊ ပြည်သူ့ရဲဘော် (ရဲဘော်ဖြူ)၊ ကေအင်န်ဒီအိုစသည့် လက်နက်ကိုင်အဖွဲ့မျိုးစုံက ရန်ကုန်-မန္တလေးလမ်းတစ်လျှောက်ရှိမြို့များနှင့် ပြင်ဦးလွင်မြို့အထိအပြင် ရန်ကုန်-အင်းစိန်ကိုပါသိမ်းထားခဲ့သည်။ ဗကပနှင့် ရဲဘော်ဖြူကလည်း ရန်ကုန်မြို့ကြီးကို ကေအင်န်ဒီအိုထက် လက်ဦးမှုယူပြီးသိမ်းရန် ပဲခူးဘက်မှ တက်လာခဲ့ရာ ထိုစဉ်က အာဏာရ ဖဆပလအစိုးရအဖွဲ့မှာ တစ်နိုင်ငံလုံးသို့အာဏာစက် မသက်ရောက်တော့သဖြင့် “ရန်ကုန်အစိုးရ” (Rangoon Government)ဟု သတ်မှတ်ခံခဲ့ရသည်အထိ အကျပ်အတည်းဆိုးကြီး ဖြစ်ပေါ်လာခဲ့သည်။ ရန်ကုန်အစိုးဟုခေါ်စေကာမူ (၆)မိုင် အထိသာ အာဏာစက်သက်ရောက်နိုင်တော့သဖြင့် “ရန်ကုန်(၆)မိုင်အစိုးရ” ဟုလည်းခေါ်ဝေါ်သတ်မှတ်ခံခဲ့ရသည်အထိ ဆိုးရွားခဲ့သည်။ ထိုသို့တစ်ပြည်လုံး အနိဋ္ဌာရုံအခြေအနေဆိုးကြီးကို မြန်မာ့တပ်မတော်ကကယ်တင်ပြီး ဖဆပလအစိုးရ၏ အာဏာကို အသက်ဆက်ပေးခဲ့ရသည်မှာ သမိုင်းသက်သေ အထင်အရှားရှိခဲ့ပြီးဖြစ်သည်။

> ကာယကံမြောက် ကျူးလွန်ပါက လောက ဥပဒေကြောင်းအရ. .

လွတ်လပ်ရေးရပြီး အစိုးရအဆက်ဆက်က ပြည်တွင်း ငြိမ်းချမ်းရေးရရှိရန် အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့ကြသော်လည်း အကြောင်းကြောင်းကြောင့် ငြိမ်းချမ်းရေးနှင့် အလှမ်းဝေးသည်ထက် ဝေးသွားခဲ့ကြပြီး အရိုးခံ အပြစ်မဲ့ပြည်သူများက ပြည်တွင်းစစ်၏ အနိဋ္ဌာရုံအဖုံဖုံကိုသာ ခါးစည်းခံခဲ့ကြရရှာသည်။ ပြည်ပကျူးကျော်မှုအချို့နှင့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကြောင့် အစိုးရအဆက်ဆက်၏ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ သမင်မွေးရင်းကျားစားရင်း ဖြစ်ခဲ့ကြရ သည်။

လူနေမှုလောကကြီးတွင် အားချင်းယှဉ်ပြိုင်ကြရာ၌ “ဓမ္မ”က အနိုင်ရသည့်အခါ ရှိသကဲ့သို့ “အဓမ္မ”က အနိုင်ရသည့်အခါမျိုးလည်းရှိနေတတ်သည်။ သို့သော် “အဓမ္မ” က “ဓမ္မ”ကိုနိုင်သည်မှာ တဒင် တစ်ခဏယာယီ ကာလမျှ သာဖြစ်ပါ၏။ တကယ်တော့ “ဓမ္မ” ကသာ “အဓမ္မ” ကို ထာဝရအနိုင်ရစမြဲပါ။

လူနေမှုလောကကြီးတစ်ခုလုံးကို ထိန်းသိမ်းကွပ်ကဲထားသော ကိုယ်ကျင့်တရားနှစ်ပါးကို မြတ်ဗုဒ္ဓ၏ အဘိဓမ္မာသဘောအရ “လောကပါလတရား”ဟု ခေါ်ပါသည်။ လောကပါလတရားဆိုသည်မှာ “လောကကြီးကို ထိန်းသိမ်းစောင့်ရှောက်သောတရား”ကို ဆိုလိုခြင်းပင်ဖြစ်ပါသည်။ လောကပါလတရားနှစ်ပါးဟူသည်မှာ

(၁) မကောင်းမှုမှန်သမျှပြုလုပ်ရမည်ကို ရှက်ခြင်း (ဟိရိ)

(၂) မကောင်းမှုမှန်သမျှပြုလုပ်ရမည်ကို ကြောက်ရွံ့ခြင်း (ဩတ္တပ္ပ)တို့ဖြစ်ကြသည်။ ထိုလောကပါလတရားနှစ်ပါးသည် လူနေမှု တစ်ခုလုံး၏ အခြေခံကျင့်ဝတ် (Basic Ethic)ပင်ဖြစ် သည်။

မည်သူမဆို လူမျိုးမရွေး၊ ဘာသာမရွေး ထိုကျင့်ဝတ်နှစ်ပါးကို စောင့်ထိန်းကြမည်ဆိုလျှင် လူနေမှုလောကကြီးတစ်ခုလုံးကို ထိန်းသိမ်းစောင့်ရှောက်ရာရောက်သည်။ ငြိမ်းချမ်းရေးကို မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်ရာရောက်သည်။

မကောင်းမှုဒုစရိုက်လုပ်ငန်းများ ကျူးလွန်ရမည်ကို မနောကံမှအစ ဝစီကံအလယ်၊ ကာယကံမြောက် အဆုံး မရှက်မကြောက်ဘဲ ပြုမူကျင့်ကြံနေကြလျှင် လောကကြီးတွင် “အနိဋ္ဌာရုံမင်းမဲ့စရိုက်ဆိုးများ” (Anarchism) နှင့် “အကြမ်းဖက်ဝါဒ” (Terrorism) ဖုံးလွှမ်းသွားမည်မှာ မြေကြီးလက်ခတ်မလွဲနိုင်ပါပေ။ ထို့ကြောင့် မကောင်းမှု ဒုစရိုက်လုပ်ငန်းမှန်သမျှကို ကာယကံမြောက်ကျူးလွန်ပါက လောကဥပဒေကြောင်းအရ အရေးယူပြစ်ဒဏ်ချမှတ်ရသည်။ မကောင်းမှုဒုစရိုက်လုပ်ငန်းမှန်သမျှကို တရားဓမ္မကြောင်းအရလည်း ပညတ်တားမြစ်ကြရစမြဲပင်။

မြတ်ဗုဒ္ဓ၏ အဘိဓမ္မာသဘောအရ ဆိုပါလျှင် “မကောင်းမှုမှန်သမျှကျူးလွန်ရမည်ကို မရှက်ခြင်းသဘောအား “အဟိရိက”ဟုခေါ်ဝေါ်၍ မကောင်းမှုမှန်သမျှကျူးလွန်ရမည်ကို မကြောက်ရွံ့ခြင်းသဘောအား “အနောတ္တပ္ပ”ဟု ခေါ်ဝေါ်သတ်မှတ်ထားပါသည်။ လူနေမှုလောကကြီးတစ်ခုလုံးရှိ လူသားအားလုံးအတွက် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့သည် “ဟိရိနှင့် ဩတ္တပ္ပ”ဟူသောမကောင်းမှုမှန်သမျှကို ကျူးလွန်ရှက်ခြင်း နှင့် ကြောက်ရွံ့ခြင်း (Moral Shame and Moral Dread) ဟူသော လောကပါလတရားနှစ်ပါးပေါ်တွင် အခြေခံနေသည်ကို ထင်ရှားစွာမြင်တွေ့ကြရမည်ဖြစ်သည်။

ဆက်လက်ဖော်ပြပါမည်။




**CHAMPIONS OF MFF FUTSAL MTC LEAGUE 2014**

မြန်မာနိုင်ငံလုံးဆိုင်ရာ 2014 MFF Futsal League ၏ ပထမဆုကို MIC အသင်းမှ အောင်မြင်စွာ ဆွတ်ခူးရယူနိုင်ခဲ့သောကြောင့် Myanmar Imperial College အနေဖြင့် အထူးဂုဏ်ယူမိပါကြောင်းနှင့် မြန်မာနိုင်ငံအားကစားဖွံ့ဖြိုးတိုးတက်မှုတွင် ယခင်ကထက် ပိုမို၍ စွမ်းစွမ်းတမံ ပံ့ပိုးကူညီနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Myanmar Imperial College

ပြည်တွင်းရေးရာ

# ဘိုကလေးမြို့ကုံ့ကော်တစ်ထောင် နှစ်(၁၀၀)ပြည့် ပူဇော်ပွဲ ကျင်းပ



**ဖျာပုံ ဖေဖော်ဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ပေချောင်းကြီးကျေးရွာရှိ ကုံ့ကော်တစ်ထောင် သာသနာ့အောင်မြေစခန်း၌ ကုံ့ကော်တစ်ထောင်နှစ်(၁၀၀)ပြည့် ပူဇော်ပွဲကို တပေါင်းလဆန်း ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့ (ဖေဖော်ဝါရီ ၁၈ ရက်မှ မတ် ၄ရက်)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကုံ့ကော်တစ်ထောင်နှစ် (၁၀၀)ပြည့် ပူဇော်ပွဲသည် ကုံ့ကော်တစ်ထောင် ဘုရားများတည်ထားခြင်း (၂၅)နှစ်မြောက် ငွေရတုသဘင်နှင့် ကုံ့ကော်တစ်ထောင်ဆရာတော်၏ (၇၅)နှစ်ပြည့် စိန်ရတုဝိဇာတ (မွေးနေ့) မင်္ဂလာအထိမ်းအမှတ်အဖြစ် နှစ်(၁၀၀) ပြည့် ပူဇော်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။

ထို့အပြင် ကုံ့ကော်တစ်ထောင်နှစ်(၁၀၀) ပြည့်ပွဲတော်တွင် ကုံ့ကော်တစ်ထောင်ဆရာတော်ဘုရားကြီးဦးစီးလျက် တပည့်ဒါယကာ၊ ဒါယိကာမများ ပူးပေါင်းပါဝင် လှူဒါန်းမှုဖြင့် တပေါင်းလဆန်း ၉ရက်မှ ၁၅ရက်များတွင် သိက္ခာထပ်ပွဲ၊ အဘိုးအဘွား ၁၀၀ အား သက်ကြီးပူဇော်ပွဲ၊ နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲ၊ ဒုလ္လဘရဟန်းခံရှင်ပြုပွဲ၊ ပင့်သံဃာအပါး ၁၀၀ တို့အား ရှင်ပြု၊ ရဟန်းခံ၊ သိက္ခာထပ် ရေစက်ချပွဲများကို ကျင်းပမည်ဖြစ်သည်။

အောက်မြန်မာပြည်၏ ထင်ရှားသည့် အဆိုပါ ကုံ့ကော်တစ်ထောင် သာသနာ့အောင်မြေစခန်းသည် ကုံ့ကော်တစ်ထောင်ဆရာတော် ဘဒ္ဒန္တကေလာသ (အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) အရှင်သူမြတ်က ၁၃၅၁ ခုနှစ်တွင် အောက်မြန်မာပြည် သာသနာထွန်းတောက်စေရန်ရည်ရွယ်လျက် ကုံ့ကော်ပင်တစ်ထောင်၊ ပလင်တော်တစ်ထောင်၊ စေတီတော်တစ်ထောင်၊ မုနိတော်တစ်ထောင်၊ ရုပ်ပွားဆင်းတုတော်တစ်ထောင် စသည့် အပင်တစ်ထောင်စီငါးမျိုးဖြင့် တည်ထားခြင်းဖြစ်ပြီးသည်။

လက်ရှိတွင် ဘိုကလေးမြစ်ကူးတံတား တည်ဆောက်ပြီးစီးသွားပြီဖြစ်သဖြင့် ရန်ကုန်-ဖျာပုံ-ဘိုကလေး ကားလမ်းအတိုင်း ကုံ့ကော်တစ်ထောင်အထိ အလွယ်တကူ သွားလာ ဖူးမျှော်နိုင်ပြီဖြစ်ကြောင်းသိရသည်။ **သူဇာနွယ်(ဖျာပုံ)**

## ကယားပြည်နယ် ဒီမောဆိုမြို့တွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ(ဒုတိယအရစ်)ပေးအပ်

**ဒီးမောဆို ဖေဖော်ဝါရီ ၂၈**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ သိန်းတစ်ထောင်မှ (ဒုတိယအရစ်) ၄၀ ရာခိုင်နှုန်းအား ပေးအပ်ခြင်းကို ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲအချိန်တွင် ကယားပြည်နယ်၊ ဒီမောဆိုမြို့ မြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။

ထို့နောက် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လှိုင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်တို့က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအဖွဲ့ဝင် ဦးမြင့်သိန်းတို့က ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် တာဝန်ရှိသူများက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ(ဒုတိယအရစ်)အား ကျေးရွာအုပ်စု ၂၇ အုပ်စုအတွင်းရှိ အုပ်စုအုပ်ချုပ်ရေးမှူးများထံသို့ အသီးသီး ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ရေလုပ်ငန်း ခြောက်ခု၊ လမ်းလုပ်ငန်း ၁၉ ခုနှင့် အခြားလုပ်ငန်း ၁၁ ခု စုစုပေါင်း လုပ်ငန်း ၃၆ ခု ဆောင်ရွက်လျက်ရှိရာ (ပထမအရစ်) ၃၀ ရာခိုင်နှုန်းကို ဖေဖော်ဝါရီ ၃ ရက်တွင် ပေးအပ်ခဲ့ပြီး ကျန်ရှိသောရန်ပုံငွေ (တတိယအရစ်) ၃၀ ရာခိုင်နှုန်းအား မကြာမီ ဆက်လက် ပေးအပ်သွားမည်ဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**

## (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံနှင့် ဝန်ထမ်းအိမ်ရာ ဒီမောဆိုမြို့နယ်တွင် ဆောက်လုပ်လျက်ရှိ

**ဒီးမောဆို ဖေဖော်ဝါရီ ၂၈**

တိုင်းရင်းဆေးပညာဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင် ဆောင်ရွက်ပေးနိုင်စေရန် ရည်ရွယ်၍ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံနှင့် ဝန်ထမ်းအိမ်ရာကို ကယားပြည်နယ် ဒီမောဆိုမြို့နယ် ငွေတောင်ကျေးရွာတွင် ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တိုင်းရင်းဆေးရုံတစ်ထပ်အဆောက်အအုံမှာ အလျား ၁၂၄ ပေ၊ အနံ ၆၄ ပေ၊ အမြင့် ၁၂ ပေရှိပြီး ပြည်ထောင်စုရန်ပုံငွေကျပ် ၁၃၉ ဒသမ ၂ သန်းဖြင့် Global Crop ဆောက်လုပ်ရေး ကုမ္ပဏီကလည်းကောင်း၊ ဝန်ထမ်းအိမ်ရာမှာ လေးခန်းတွဲ၊ လေးထပ်အဆောက်အအုံဖြစ်ကာ အလျားပေ ၈၀၊ အနံပေ ၄၀ရှိပြီး ပြည်ထောင်စုရန်ပုံငွေကျပ် ၂၇၈ ဒသမ ၄ သန်းဖြင့် Golden Icon ဆောက်လုပ်ရေး ကုမ္ပဏီကလည်းကောင်း တာဝန်ယူ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံနှင့် ဝန်ထမ်းအိမ်ရာကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ဒုတိယပတ်တွင် စတင်ဆောက်လုပ်လျက်ရှိပြီး ဆောက်လုပ်ပြီးစီးပါက မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၇ အုပ်စုကို တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ရီရယ်**

## တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်ဆွေးနွေး

**မလှိုင် ဖေဖော်ဝါရီ ၂၈**

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းက ကြီးမှူး၍ ၂၀၁၅ ခုနှစ် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းစီမံချက် အသိပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က မလှိုင်မြို့ ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ချမ်းမြေ့ကျော်နှင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း တိုင်းဥက္ကဋ္ဌ ဦးအုန်းမောင်၊ စီမံချက်အရာရှိ ဦးအောင်ဇော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ဦးစွာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချမ်းမြေ့ကျော်က တီဘီရောဂါဖြစ်ပွားမှုအခြေအနေများ၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ကိုယ်စားတိုင်းဥက္ကဋ္ဌ ဦးအုန်းမောင်က ကျန်းမာရေးမှူးအသင်း ဖွဲ့စည်းနိုင်မှုအခြေအနေ၊ အသင်း၏လုပ်ငန်းများ ဆောင်ရွက်နိုင်မှုတို့အခြေအနေ၊ စီမံချက်အရာရှိ ဦးအောင်ဇော်ဝင်းက စီမံချက်လုပ်ငန်းများအကြောင်းကို ပြောကြားခဲ့ကြသည်။

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းအနေဖြင့် ၂၀၁၄ ခုနှစ်တွင် မလှိုင်မြို့နယ်အတွင်း၌ တီဘီသံသယလူနာ ၁၈၇ ဦး၊ ညွှန်းပို့လူနာ ၃၈ ဦး၊ ပိုးတွေ့လူနာ ၂၈ ဦးကို ညွှန်းပို့နိုင်ခဲ့ပြီး တီဘီလူနာများကိုအာဟာရ အဖြစ် အစားအသောက်များနှင့် သန့်ရှင်းရေးသုံးပစ္စည်းများကို ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

**အောင်ငွေး(မလှိုင်)**

ပေါ်ဆန်းမွှေးအသစ် မွှေးမွှေးလေးစားကြရအောင်။
* ဖျာပုံသစ် (24) ပြည် - 36000 Ks
* ပုသိမ်မြောင်းမြသစ် - 38000 Ks
* ရွှေဘိုသစ် - 42000 Ks
အရောက်ပို့ ပွဲတော်အုပ်ဆန်ဆိုင်
Ph : 01-512443, 09-73017656, 09-73076733, 09-32380867

ရွှေပြည့် 0931815390, 0931815395
ရွှေစက်တော်၊ပုဂံ၊ညောင်ဦး– ၇၅၀၀၀/နေ့ကျသိကျောင်းသိတ်ရက်၊ရုံးပိတ်ရက်
ရွှေစက်တော်၊ပြည်ဘုရားစုံ – ၄၀၀၀၀
အလောင်းတော်ကဿပ(သီးသန့်)–၅၀၀၀၀
တောင်ကြီး၊အင်းလေး၊ပင်းတယ– ၆၅၀၀၀
ကားမျိုးစုံ စီးလုံးငှားသည်။
ကျိုက်ထီးရိုး(ငြိမ်း)– ၃၅၀၀၀
ချောင်းသာ(ငြိမ်း)– ၄၀၀၀၀
ငွေဆောင်(ငြိမ်း)– ၅၀၀၀၀
6+1 FREE

ရွှေမြိတ်သောင်းတင်
အသက်(၈၁)နှစ်ရောက် အထိမ်းအမှတ်
ဇာတ်ခုံပေါ် ကကြတဲ့အခါ
နှင့် အခြားဝတ္ထုတိုများ
မန္တလေးထွန်းဦးစာပေ
ထွက်နေပြီ

KMD Computer Centre
ISO
Summer Kids Courses
ကလေးများအတွက် နွေရာသီ ကွန်ပျူတာ သင်တန်းများ
• Elementary Course
• Intermediate Course
• Advance Course
Kids Course
IT KMD
နီးစပ်ရာစင်တာများတွင်စုံစမ်းအပ်နှံနိုင်ပါသည်။
ပန်းဆိုးတန်းစင်တာ
မြေနီကုန်းစင်တာ
လှည်းတန်း (၁) (၂) စင်တာ
တာမွေ (၁) (၂) စင်တာ
သိမ်ကြီးဈေး စင်တာ
ကမာရွတ်စင်တာ
လမ်းမတော်(China Town)




မြန်မာနိုင်ငံနှင့်စင်ကာပူနိုင်ငံမှဆရာဝန်ကြီးများပူးပေါင်းကုသမှု
မတ်လ (၆) ရက်မှ (၈) ရက်နေ့အထိ
▶ သောက်ဆေးဖြင့် မပျောက်ကင်းသော နာတာရှည် ထိပ်ကပ်နာများ
▶ အနံ့ခံအာရုံချို့ယွင်းနေသောဝေဒနာရှင်များ
▶ အိပ်ပျော်နေစဉ်အတွင်းဟောက်တတ်ခြင်းနှင့်အသက်ရှူနှုန်းမမှန်ခြင်း
▶ နှာခေါင်းအတွင်းရှိကင်ဆာအကျိတ်များကိုဖြတ်ထုတ်ခြင်း
▶ နှာခေါင်းသွေးယိုမှုကို ထိန်းချုပ်ခြင်း
▶ နှာခေါင်းနှင့်ပတ်သက်သောအခြားရောဂါများ
ဆက်သွယ်ရန် – ရန်ကုန် (၀၁) ၆၈၄ ၃၂၃၊ ၆၈၄ ၃၂၅၊ ၆၈၄ ၃၃၆၊ (၀၉) ၄၂၀ ၀၄၂ ၆၇၉၊ (၀၉) ၂၅၄ ၉၅၀ ၈၁၇ / မန္တလေး (၀၉) ၄၃၂၀ ၇၇၈၁ Email : marketing-phih@spa-mm.com

# ရွှေ့ပြောင်းသွားလာနေထိုင်ခြင်း စီမံခန့်ခွဲမှု မြှင့်တင်ရေးဆွေးနွေး

**မြဝတီ ဖေဖော်ဝါရီ ၂၈**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ သောင်ရင်းခန်းမတွင် ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းနေ့က ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဖြစ်စဉ်နှင့် ကြုံတွေ့ရနိုင်သည့် အခွင့်အလမ်းနှင့် အခက်အခဲများ ဘေးအန္တရာယ်ကင်းစွာဖြင့် ရွှေ့ပြောင်းသွားလာနိုင်ရန်အတွက် ဆောင်ရွက်သင့်သည့် လုပ်ဆောင်ချက်များ ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲရလဒ်နှင့် ပတ်သက်၍ ပြန်လည်သုံးသပ်တင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးကာကွယ်မြှင့်တင်ခြင်းနှင့် ပတ်သက်၍ ဝန်ကြီးဌာန၏ ဆောင်ရွက်နေမှုများနှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြခဲ့သည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး IOM မှ Liaison and Programme Officer ဦးအောင်ကျော်သန်းက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



## မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ယင်းမာပင် ဖေဖော်ဝါရီ ၂၈**

ယင်းမာပင်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းပြီး ယင်းမာပင် မြို့မဈေးကြီးရှေ့တွင် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၃ နာရီက မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက မီးသတ်ကားနှစ်စီးဖြင့် သန္နေမီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦး၊ စည်ပင်ဝန်ထမ်း ငါးဦး၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဈေးသူ၊ ဈေးသားများစုပေါင်း ပါဝင်ကာ မီးငြိမ်းသတ်နည်းများကို ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြပွဲဇာတ်တိုက်လေ့ကျင့်နေမှုအား ယင်းမာပင် မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်း ဦးဆောင်သော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူတို့က ကြည့်ရှုအားပေးခဲ့ကြသည်။

မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်မှ ကင်းဝေးအောင်ကြိုတင်ကာကွယ်ရေးပစ္စည်းများအနေဖြင့် ရေစင်၊ ရေကန်၊ ရေစုပ်စက်၊ မီးချိတ်၊ မီးကပ်၊ ရေသဲစသည်တို့ပြည့်စုံစွာ ရှိ၊ မရှိ၊ ကောင်း၊ မကောင်းကိုလည်းကောင်း၊ လျှပ်စစ်မီးကြိုး၊ မီးသီး၊ မီးခလုတ်၊မီးပလပ်စသည့်တို့ကောင်း၊ မကောင်းတို့အားလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **ထွန်းကိုကို(ယင်းမာပင်)**

## သပြေစမ်းကျေးရွာ စာကြည့်တိုက်အဆောက်အအုံဖွင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် သပြေစမ်းကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၇ နာရီခွဲက ကျင်းပခဲ့ရာ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး၊ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုး၊ ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဒေါ်ဆွေဆွေမိုးနှင့်တာဝန်ရှိသူများ၊ ကျေးရွာ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံအသစ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးနှင့် ကျေးရွာစာကြည့်တိုက်ကော်မတီဝင် ဦးထွန်းရှိန်တို့က ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးနှင့် တာဝန်ရှိသူများက စာကြည့်တိုက်အတွင်းရှိ စာအုပ်များအား လှည့်လည်ကြည့်ရှုခဲ့ပြီး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ကျေးရွာများတွင် စာကြည့်တိုက်ဆောက်လုပ်ရခြင်းနှင့် စာပေအကျိုးကျေးဇူးအကြောင်းကို ရှင်းလင်းပြောကြားကာ ကျေးရွာပြည်သူလူထုကိုယ်စား ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ စာကြည့်တိုက်သည် အလျားပေ ၃၀ ပေ၊ အနံ ၂၆ ပေ ရှိပြီး တစ်ထပ် သွပ်မိုး၊ အုတ်ကာအမျိုးအစားဖြစ်ကာ နေပြည်တော်ကောင်စီ၏ ခွင့်ပြုငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **ရွှေရဲရင့်**

## အောင်လံ-ကျောက်ပန်းတောင်း-သမ္ဘုလ - ရွှေပန်းတောလမ်း ဆောင်ရွက်နေမှု စစ်ဆေး

**အောင်လံ ဖေဖော်ဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကိုးခရိုင်သားကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော အောင်လံ-ကျောက်ပန်းတောင်း-သမ္ဘုလ-ရွှေပန်းတောလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း (၈/၇)မိုင်၊ အောင်လံ-ကျောက်ပန်းတောင်း-သမ္ဘုလ-ရွှေပန်းတောလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း (၁/၁ ဒသမ၃၄)မိုင် ဆောင်ရွက်ထားရှိမှုအား ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲက မြို့နယ်တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းအား ဆောင်ရွက်ထားရှိမှုကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းဆင့်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကံထွန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းဝင်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးတိုးကြည်၊ စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လက်ထောက်အင်ဂျင်နီယာတို့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းဆောင်ရွက် ပြီးစီးမှုအခြေအနေများကို ကိုးခရိုင်သားကုမ္ပဏီမှ တာဝန်ရှိသူက ဆောင်ရွက်ထားရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြခဲ့သည်။

**မြို့နယ် ပြန်/ဆက်**


Y.E.S. Since 1994 English Language Centre
နွေရာသီကလေးများအတွက် အင်္ဂလိပ်စကားပြော သင်တန်းများ
Level I G-5 & 6 Mon to Thurs : 8 - 10am
Level II G-7 & 8 Mon to Thurs : 8 - 10am
Level III G-9 & 10 Mon to Thurs : 8 - 10am

## မြေကွက်ရောင်းရန်ရှိသည်

တောင်ကြီးမြို့၊
ကံကြီးနယ်မြေ(၁)၊
ဟောချွန်တောင်လမ်း၊
ပေ(၅၀×၅၀)ပတ်လည်၊ (၆)
ကွက်တွဲ (နေရာကောင်း)
ဆက်သွယ်ရန်
ဖုန်း-၀၉-၅၁၉၉၄၇၆

## အများသိစေရန်

### KOZIKOOL

ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးမှ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို အသုံးပြုပြီး အသင့်ချုပ်ပြီး အဝတ်အထည်များဖြစ်သော အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ ကလေးဝတ် ရှပ်အင်္ကျီမျိုးမျိုး၊ စပို့ရှပ်၊ တီရှပ်၊ ဦးထုပ်၊ ထီး၊ ဂျာကင်၊ မိုးကာ၊ ဂျင်းဘောင်းဘီ၊ စတိုင်လ် ဘောင်းဘီ၊ ခြေအိတ်၊ ဖိနပ်နှင့် အခြားလူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် လက်လီလက်ကားထုတ်လုပ် ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

ကန့်ကွက်လိုပါက ယနေ့မှ (၁၀)ရက်အတွင်း အထောက်အထားမူရင်းအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)
**LL.B, DBL, DML, DIL, DLP, WIPO (Switzerland)**
ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)
**B.Sc, Hon (IC), HGP, R.L, D.B.L**
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။
**Tel: 294866, 294766, HP: 09-5017044, 09-73107094**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## မသက်ဆိုင်တော့ကြောင်း

ကျွန်မ၏ ခင်ပွန်းဖြစ်သူ ကိုထွန်းအောင်ဝင်း [၁၄/မမန(နိုင်)၀၀၁၇၉၁]သည် မိသားစုအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍မိသားစုနှင့် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း အများသိစေအပ်ပါသည်။

မသဲထွဋ်ကျော့သဇင်

## ခွေးရောင်းမည်

Alsation-၄လ
Beagle- ၂လ
နိုင်ငံခြားခွေးမျိုးစုံအော်ဒါမှာယူနိုင်ပါသည်။
HP:09-73115356
09-799992203

## ဒေါ်စုရည်ဖြိုး(ဘ)ဦးအောင်မြင့်[၁၂/ပဘတ(နိုင်)၀၂၇၀၅၆] (ယခုလိပ်စာမသိ)၊ ဦးသက်ထွန်းဦး(ခ)သားကြီး(ဘ) ဦးသန်းထွန်းဦး[၁၂/စခန(နိုင်)၀၅၄၇၇၁] အမှတ်(၁၇)၊ မြေနုလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ် ရန်ကုန်မြို့နှင့်အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်မြင့်မြင့်အေး[၁၀/မလမ(နိုင်)၁၅၂၆၃၈]အမှတ်-၄၂/၅၀၊ ၆(အေ)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၏ လွှဲအပ်ချက်အရ သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် အများသိစေရန်အောက်ပါအတိုင်းကြေညာလိုက်ပါသည်-

ကျွန်ုပ်၏အမှုသည်ဒေါ်မြင့်မြင့်အေးသည် လူကြီးမင်းဦးသက်ထွန်းဦး(ခ)သားကြီး(ဘ)ဦးသန်းထွန်းဦးတစ်ဦးတည်း လက်ရှိရယူပိုင်ဆိုင်ထားသည့် ရန်ကုန်မြို့ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အဝေရာလမ်း၊ အဝေရာအိမ်ရာစီမံကိန်း၊ စုပေါင်းပိုင်အဆောက်အအုံအမှတ်(၅၇)၊ (၄)ခန်းတွဲ(၆)ထပ်တိုက်၏ အခန်းအမှတ်(၃၀၂)တတိယတပ်၊ ကြမ်းခင်းဧရိယာ(၁၁၅၆)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ တပ်ဆင်ထားသည့်ရေမော်တာ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် (ရှေ့ဆက်လက်၍ အခင်းဖြစ်ခန်းဟုသာဖော်ပြမည်) အား ၂၀၁၄ခုနှစ်၊ အော်တိုဘာလ(၁၆)ရက်တွင် သက်ဆိုင်ရာစာရွက်စာတမ်းမူရင်းများနှင့်အတူ အပြီးအပိုင်ဝယ်ယူခဲ့ပြီး အခင်းဖြစ်အခန်းကို မိမိသော့ဖြင့်ခတ်ကာ လက်ရောက်ရယူခဲ့ပါသည်။

လူကြီးမင်းဒေါ်စုရည်ဖြိုး(ဘ)ဦးအောင်မြင့်သည် အခင်းဖြစ်အခန်း၏ မူလပိုင်ရှင်ဖြစ်ပြီး လူကြီးမင်းဒေါ်စုရည်ဖြိုး(ဘ)ဦးအောင်မြင့်သည် အခင်းဖြစ်အခန်းကို လူကြီးမင်းဦးသက်ထွန်းဦး(ခ)သားကြီး(ဘ)ဦးသန်းထွန်းဦးအား ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၁၃ရက်တွင် ဒေါ်လှမွန်မွန်မြင့်(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၈၆)၏ရှေ့မှောက်၌ အပြီးအပိုင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ အခင်းဖြစ်အခန်းကိုသက်ဆိုင်ရာ စာချုပ်စာတမ်းမူရင်းများနှင့်အတူ လက်ရောက်လွှဲပြောင်းပေးအပ်ခဲ့သည်ကို လူကြီးမင်းတို့နှစ်ဦးအသိဖြစ်ပါသည်။

ထို့အပြင် လူကြီးမင်း ဒေါ်စုရည်ဖြိုး (ဘ)ဦးအောင်မြင့်သည် အခင်းဖြစ်အခန်းနှင့်စပ်လျဉ်း၍ လူကြီးမင်းဦးသက်ထွန်းဦး(ခ)သားကြီး၊ (ဘ) ဦးသန်းထွန်းဦးအား ရန်ကုန်မြို့ စာချုပ်စာတမ်းရုံးတွင် ၁၃-၁၀-၂၀၁၄ ရက်စွဲပါ အထူးကိုယ်စားလှယ်စာ လွှဲအပ်ခဲ့ပါသည်။

ကျွန်ုပ်၏အမှုသည်သည် အထက်ဖော်ပြပါအခင်းဖြစ်အခန်းနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းမူရင်းများကိုအခြေပြုပြီး လူကြီးမင်းဦးသက်ထွန်းဦး(ခ)သားကြီးထံမှ အခင်းဖြစ်အခန်းကို သဘောရိုးဖြင့် အပြီးအပိုင်ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။

ကျွန်ုပ်၏အမှုသည်အနေဖြင့် တရားဝင်လက်ရောက်ရယူပြီးဖြစ်သည့် အခင်းဖြစ်အခန်း၏ ပိုင်ရေးဆိုင်ခွင့်ကို မည်သူတစ်ဦးတစ်ယောက်မျှ ဟန့်တားနှောင့်ယှက်ခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်း၊ အခင်းဖြစ်အခန်းကိုဖျက်ဆီးခြင်းများမပြုရန်လေးလေးနက်နက် အသိပေးတောင်းဆိုလိုက်ပါသည်။

အကယ်၍တစ်ဦးတစ်ယောက်ဖြစ်စေ၊ တစ်ဦးတစ်ယောက်ထက်များသောသူများကဖြစ်စေ ကျွန်ုပ်၏အမှုသည်တစ်ဦးတည်း လက်ဝယ်ရယူပိုင်ဆိုင်ထားပြီးဖြစ်သည့် အခင်းဖြစ်အခန်းကို တစ်နည်းနည်းဖြင့် ရယူထားပါက ဤကြေညာချက်ပါရှိသည့်နေ့မှ(၇)ရက်အတွင်း အပြီးအပိုင်ဖယ်ရှားပေးရန် ထပ်ဆင့်တောင်းဆိုလိုက်ပါသည်။

အကယ်၍ မည်သူမဆို ဤကြေညာချက်ပါ တောင်းဆိုချက်ကို လိုက်နာခြင်းမပြုပါက တည်ဆဲရာဇဝတ်ဥပဒေ၊ တရားမဥပဒေများအရ မလွှဲမရှောင်သာ ထိရောက်စွာ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ
ဦးအောင်သန်းစိုး
**B.A(Law),LL.B**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၃/၁၉၇၉)
အမှတ်(၁၂)၊ ၁၀၇-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်
ဖုန်း-၀၁-၂၉၂၂၆၄၊ ၀၉-၅၁၇၁၀၃၁

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသရုပ်ပြ

**နတ်မောက် ဖေဖော်ဝါရီ ၂၈**

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့လေ့ကျင့်သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၅ နာရီက နတ်မောက်မြို့ မြို့မဈေးအတွင်း၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

ယင်းနေ့က မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့မဈေးမီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ကားဖြင့် ဈေးအတွင်းရှိ ဈေးဆိုင်ခေါင်မိုးများပေါ်သို့ မီးသတ်ပိုက်ဖြင့် ရေများပက်ဖျန်း၍ လက်တွေ့လေ့ကျင့် သရုပ်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသရုပ်ပြပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ၊ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မဈေး မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ တက်ရောက်ကြသည်။

**လှဝင်း**

## ဒုတိယအကြိမ် အာဆီယံ-မြန်မာ ခရီးစဉ်အတွက်လျှောက်ထားနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ဒုတိယအကြိမ် အာဆီယံ-မြန်မာခရီးစဉ်ကို ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ လှည့်လည်ကြမည်ဖြစ်ရာ စိတ်ဝင်စားသူများ စာရင်းပေးလျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

ယင်းအစီအစဉ်ကိုဧပြီ ၁၃ ရက်ည ၉ နာရီမှ ၁၆ရက်ည ၁၀ နာရီအထိ သတ်မှတ်ထားရာ မြန်မာ ၅၀ နှင့် နိုင်ငံခြားသား ၄၀ လိုက်ပါနိုင်ပြီး တစ်ဦးလျှင် မြန်မာနိုင်ငံသားအတွက် ကျပ် ၅၀၀၀၀၊ အဖွဲ့ဝင်များအနေဖြင့် ၄၅၀၀၀ ကျပ်နှင့် နိုင်ငံခြားသားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၅၀ သတ်မှတ်ထားပြီး မတ် ၁ ရက် နောက်ဆုံးထားကာ စာရင်းပေးရမည်ဖြစ်ကြောင်း သိရသည်။

ယင်းခရီးစဉ်တွင် သရေခေတ္တရာ(ပြည်)မြို့ရှိ ရှေးဟောင်း (ပျူနိုင်ငံ) သမိုင်းဝင်နေရာများ၊ ရွှေစက်တော်၊ မင်းလှမြို့၊ ချောင်းသာတို့သို့ သွားရောက်မည်ဖြစ်သည်။ ပြည်မြို့တွင် တစ်ညအိပ်အနားယူပြီး၊ Donation အစီအစဉ်၊ သကြ်န်လည်ခြင်း၊ ကစားခြင်း၊ ပဟေဠိဉာဏ်စမ်းကြခြင်း အစီအစဉ်များ ပါဝင်မည်ဖြစ်သည်။

**သန့်စင်ဝင်း**

# မျိုးသုဉ်းတော့မည့် ကြယ်လိပ်များ သဘာဝတောတွင်း ပြန်လည်ရှင်သန်ရန် ပူးပေါင်းဆောင်ရွက်မှုများလိုအပ်



**မင်းဘူး ဖေဖော်ဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ရွှေစက်တော်သာသနာ့နယ်မြေ ရွှေစက်တော် ဘေးမဲ့တောအတွင်း ကျက်စားနေထိုင်ကြသော မြန်မာ့ကြယ်လိပ်များမှာ Critically Endanger မျိုးသုဉ်းရန် အလွန်နီးအဆင့်သို့ သတ်မှတ်ခံထားရပြီး ပြင်ပခြံလှောင် စမ်းသပ်မွေးမြူခြင်း အောင်မြင်မှုများအရ လိပ်ခြင်ငယ်များ တဖြည်းဖြည်းတိုးချဲ့ပေးနိုင်ရန်အတွက် လူမှုရေးအဖွဲ့အစည်းများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များ၏ နည်းပညာအကူအညီများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း ရွှေစက်တော်ဘေးမဲ့တောဉယျာဉ်မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

“ကြယ်လိပ်တွေဟာ ရွှေစက်တော်ဘေးမဲ့တောအတွင်းမှာ နေထိုင်ကျက်စားတဲ့ ရှားပါးစာရင်းဝင် မြန်မာ့ဌာနေဖွား မျိုးစိတ်တစ်ခုဖြစ်ပါတယ်။ သဘာဝတောအတွင်းမှာ တဖြည်းဖြည်း ရှားပါးလာတဲ့အတွက် ပြင်ပခြံလှောင် မွေးမြူခြင်း (Ex-situ Conservation)ကို သုတေသနပြုရာအောင်မြင်လျက်ရှိပါတယ်။ ဒီအောင်မြင်နေတဲ့ ပြင်ပခြံလှောင်မွေးတဲ့ စနစ်ကနေ သဘာဝတောအတွင်း လိုက်လျောညီထွေ ပြန်လည်ရှင်သန်စေဖို့ In-situ Conservation ကို ၂၀၁၂ ခုနှစ်ကစပြီး သားပေါက် သုံးကောင်ကို သဘာဝတောတွင်း နေထိုင်ကျက်စားစေပြီး သဘာဝအစာနဲ့ စမ်းသပ်လေ့လာတဲ့အခါမှာလည်း စမ်းသပ်မှုအဆင့်ဆင့်အောင်မြင်ခဲ့ပါတယ်။ ဒါပေမယ့် ရှားပါးမျိုးစိတ်တစ်ခုအဖြစ် စမ်းသပ်အောင်မြင်နေတဲ့ လိပ်ခြင်ငယ်တွေ တိုးချဲ့ပေးနိုင်ဖို့ဆိုတာကတော့ အဖွဲ့အစည်းအသီးသီးရဲ့ နည်းပညာအကူအညီနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ လိုအပ်နေဦးမယ်လို့ထင်ပါတယ်” ဟု အဆိုပါ တာဝန်ရှိသူကပြောသည်။

မြန်မာအမည် ကြယ်လိပ်(ခ)ပင့်ကူလိပ်၊ အင်္ဂလိပ်အမည် Burmese Star Tortoise၊ သိပ္ပံအမည် Geochelone platynota ကို ထိန်းသိမ်းကာကွယ်မှုအဆင့် IUCN-Critically Endanger မျိုးသုဉ်းရန်အလွန်နီးဟု သတ်မှတ်ထားချက်အရ ရွှေစက်တော်ဘေးမဲ့တောဉယျာဉ်ရုံး တာဝန်ရှိဝန်ထမ်းများအနေဖြင့် အလေးထားထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး ကြယ်လိပ်အကောင်ရေ ၂၉၇ ကောင် ထိန်းသိမ်းမွေးမြူထားကြောင်း သိရသည်။

ကြယ်လိပ်ကလေးများကိုရွှေစက်တော်ဘုရားဖူးလာ ပြည်သူများလေ့လာနိုင်ရန် ရွှေစက်တော် ပွဲတော်ဝင်းအတွင်း လူထုပညာပေးပြခန်းရှိ ခြံလှောင်အိမ်ထဲ၌ သဘာဝကျောက်တုံး ကျောက်ဆောင်ငယ်လေးများ ပြုလုပ်ကာ မွေးမြူပြသထားသည်။ ကြယ်လိပ်ကလေးများအား ကန်စွန်းရွက်၊ ဘူးသီး၊ ဂေါ်ဖီ၊ ဖရဲသီးများကျွေးမွေးနိုင်ကြောင်းလည်းသိရသည်။

ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် နို့တိုက်သတ္တဝါ ၁၄ မျိုး၊ ကုန်းနေရေနေ သတ္တဝါ ၄၃ မျိုး၊ လိပ်ပြာမျိုးစိတ် ၃၉ မျိုးနှင့် ငှက်မျိုးစိတ် ၁၁၃ မျိုးကို တွေ့ရှိနိုင်သည့်အပြင် စွေ့ငှက်၊ နဖားကြူးငှက်၊ မြန်မာဘီလုံးငှက်၊ ငှက်မင်းသားဗိုက်ဖြူ၊ ရွှေသမင်နှင့် ကြယ်လိပ်ကလေးများမှာ ရွှေစက်တော် တောရိုင်းဘေးမဲ့တိရစ္ဆာန်တောအတွင်း၌သာ တွေ့ရှိနိုင်သော မြန်မာဌာနေဖွား မျိုးစိတ်များဖြစ်သောကြောင့် ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအား သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများမှ ထိန်းညှိဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပြီး သဘာဝနှင့် တိရစ္ဆာန်ငယ်လေးများအပေါ် တန်ဖိုးထား မြတ်နိုးသူများအနေဖြင့် ရွှေစက်တော်ဘေးမဲ့တောဉယျာဉ် အုပ်ချုပ်ရေးမှူးရုံး ဖုန်း- ၀၆၅-၂၁၁၈၁ သို့ အကြံဉာဏ်နှင့် အကူအညီများပေးနိုင်ကြောင်း ဖိတ်ခေါ်ထားသည်။

**ဇေယျာတု(မကွေး)**

ကာတီယာစိန်တိုက်

1ct အောက်မှ 10ct အထက်ထိ GIA,HRD,Certified Diamond
စိန်ပွင့်များကို သက်သာသော နှုန်းထားဖြင့်ရောင်းချပေးနေပါသည်။
တစ်ဆင့်ပြန်လည်ရောင်းချလိုသူများအတွက် အထူးဈေးနှုန်းဖြင့် ရောင်းချပေးပါမည်။

“အို . . . မိုက်ဆံများရှိလို့ကတော့
ကာတီယာစိန်တိုက်က စိန်တွေကို ဝယ်ပြီး
တစ်ကိုယ်လုံးကို စိန်စီပစ်လိုက်မှာ . . .”

Show Room(I) No.137 ရွှေဘုံသာလမ်း(အောက်) Tel : 246838, 384905, 241929
Show Room(II) No.52 အရှေ့ဘက်အပြင်တန်းဗိုလ်ချုပ်အောင်ဆန်းဈေး။ Tel : 253308, 09 73249661

ကြော်ငြာခွင့်ပြုချက်အမှတ်၊ တဆဝက ၀၀၁/ ၁၁၁၃ TMR 008847(0217)
ထူး ပါဝါ
ကျောက်ကြေဆေး
သည်းခြေအိတ်၊ ကျောက်ကပ်၊ ဆီးအိမ်၊ ဆီးပြွန်၊
ဆီးသွားလမ်းကျောက်တည်ခြင်းနှင့်
ဆီးကျိတ်၊ ဆီးရောဂါများအတွက်
သောက်သုံးနိုင်ပါသည်။
ကျောက်တည်ရင် ပျောက်လွယ်တဲ့
'ပါဝါ' ကျောက်ကြေဆေး
ရန်ကုန်ဆေးဆိုင်ကြီးများနှင့် အမြို့မြို့ဆေးဆိုင်တိုင်းတွင်ရနိုင်ပါသည်။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၁၉၆)၊ မြေကွက်တည်နေရာအမှတ်(၁၉၆)၊ ခွာညို(၂)လမ်း၊ [ဒေါ်သန်းကြည် ၁၂/ဥကမ(နိုင်)၀၅၁၁၁၄] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် တရားရှုံး ဒေါ်သန်းကြည်ကိုယ်စား မြောက်ဥက္ကလာပမြို့နယ်တရားရုံးမှ ဘီလစ်ဒေါ်သူဇာ[၆/ထဝန(နိုင်)၀၂၆၃၄၃]မှ ဘီလစ်ခန့်အပ်စာ၊ တရားမကြီးမှုအမှတ်(၁၄၀/၁၄)စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်(၇၂/၁၄) တရားရုံးနေ့စဉ်မှတ်တမ်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ဦးဇော်မင်းနိုင်(ခ)ဦးကတ္တူ [၁၂/ဥကမ(နိုင်)၀၂၅၂၅၃] နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဟေမာဂနိုင်ကျောင်းလမ်း၊ အမှတ်-၁၂၇၈နေ ဒေါ်စီစီဝင်း [၁၂/ဥကမ(နိုင်)၀၁၁၀၆၈]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်းဦးဇော်မင်းနိုင်(ခ)ဦးကတ္တူနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဒေါ်စီစီဝင်းသည် လူကြီးမင်းဦးဇော်မင်းနိုင်နှင့် လွန်ခဲ့သည့် (၂၁) နှစ်ခန့်ကစတင် လက်ထပ်ပေါင်းသင်းခဲ့ပြီး သမီးလေး(၁)ဦး ထွန်းကားခဲ့သည့်ကို လူကြီးမင်းသိရှိပြီးဖြစ်ပါသည်။ သမီးလေးမဖူးပွင့်နိုင်မှာ အသက်(၁၀)နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်ကိုလည်း လူကြီးမင်း အသိပင်ဖြစ်ပါသည်။ သမီးငယ်လေးဆုံးပါးသွားသည်မှာ (၂)လကျော်ခန့်သာရှိသေးသည့်အချိန်တွင် လူကြီးမင်းသည် မည်သည့်ကိစ္စကြောင့် အပြင်သွားပါမည်ဟု ခိုင်ခိုင်မာမာ၊ တိတိကျကျမပြောဘဲ နေအိမ်မှ ထွက်ခွာသွားခဲ့ကြောင်း ညွှန်ကြားသိရှိရပါသည်။ ၂၂-၂-၂၀၁၅ ရက်တွင် လူကြီးမင်းသည် မြောက်ဥက္ကလာပမြို့နယ်တွင် နေထိုင်သူ အမျိုးသမီးတစ်ဦးနှင့် လက်ထပ်ပေါင်းသင်းခဲ့ကြောင်း လူကြီးမင်း၏ ညီအစ်ကိုမောင်နှမများ ပြောပြချက်အရ ဒေါ်စီစီဝင်းမှစုံစမ်းသိရှိခဲ့ရကြောင်း ညွှန်ကြားသိရှိရပါသည်။ ထိုကိစ္စကိုသေချာစေရန် လူကြီးမင်းနှင့်ဆက်သွယ်ရာ လူကြီးမင်းမှ မှန်ကြောင်းဝန်ခံသဖြင့် ကျွန်ုပ်၏အမှုသည် ဒေါ်စီစီဝင်းတွင် ကုစားမရသောစိတ်ပိုင်းဆိုင်ရာနစ်နာမှုများ ခံစားခဲ့ရပြီး အစိုးရအလယ်တန်းပြဆရာမ(ငြိမ်း)တစ်ဦး ဖြစ်သည့်အတွက် ဂုဏ်သိက္ခာလည်း အဖတ်ဆယ်မရအောင် ကျဆင်းခဲ့ရသည်ကို လူကြီးမင်း သိရှိပြီးဖြစ်ပါလိမ့်မည်။ ထို့ကြောင့် လူကြီးမင်းသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်လက်ထပ်ခြင်းပြုထားသော ဇနီးမယားတစ်ဦးအပေါ် အထက်ပါကဲ့သို့ခွင့်မလွှတ်နိုင်သည့် ကြီးလေးသော အိမ်ထောင်ရေးပြစ်မှုကို ကျူးလွန်ခဲ့သဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ လူကြီးမင်းနှင့် ဒေါ်စီစီဝင်းတို့သည် လူမှုရေးအရ ပတ်သက်ရန်တစ်စုံတစ်ရာအကြောင်းမရှိတော့ဘဲ အကြင်လင်မယားအဖြစ်မှ အပြီးတိုင်ပြတ်စဲကြောင်း ကြေညာပါသည်။ ထို့ကြောင့် ဒေါ်စီစီဝင်း လက်ဝယ်ရှိ မရွှေ့မပြောင်းနိုင်သော ပစ္စည်းဖြစ်သည့် အင်းစိန်မြို့နယ်၊ သရက်တော၊ ရွာမအရှေ့ရပ်ကွက်၊ အမှတ်(၃၈၁)ရှိ နေအိမ်ခြံမြေသည်လည်းကောင်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများဖြစ်သည့် ပရိဘောဂ်အဖြူရောင် ယာဉ်အမှတ် 2E-4953သည် လည်းကောင်း၊ လူကြီးမင်း ဦးဇော်မင်းနိုင်နှင့် လုံးဝပတ်သက်စပ်ဆိုင်ခြင်းမရှိတော့ကြောင်းနှင့် ဒေါ်စီစီဝင်းထံသို့ လူမှုရေးကိစ္စသော်လည်းကောင်း၊ အခြားအကြောင်းကိစ္စသော်လည်းကောင်း လာရောက်ပတ်သက်ခြင်းမပြုရန် လူကြီးမင်းဦးဇော်မင်းနိုင်(ခ)ဦးကတ္တူ နှင့်အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စီစီဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဦးသီဟ(ဉပဒေဘွဲ့) | ဒေါ်နီနီစန်း | ဒေါ်ရွှေစင်ဝင်း |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၂၇၄၃၄) | (စဉ်-၁၀၉၁၆) | (စဉ်-၄၄၄၈၉) |

စီးပွားရေး၊ တရားမ၊ ပြစ်မှုကြောင်းနှင့် နိုင်ငံတကာဥပဒေကြောင်းဆိုင်ရာ အထူးအကြံပေး
ရုံး-**Chit Law Firm**၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
**Ph: 09 73117941, 09-254187950**
**E-mail:Chit Law firm@Gmail.com.**

ဖတ်စရာ

# မန္တလေးမြို့နှင့် မောတိုင်းဌာနီ ရှမ်းပြည်နယ်သားတို့ရဲ့ ရွှေစာရံဘုရားပွဲ



**ခ** တိမ်တမန်

နွေဦးရာသီ တပေါင်းလဆန်းသည်နှင့် မန္တလေးမြို့တွင် သကြံ်န်တေးသံနှင့်အတူ ကြားနေရသောသီချင်းမှာ ထန်းရွက်ပုတီး သီချင်းပင်ဖြစ်သည်။ 'ပေဝန်စုံမြိုင် တောဂနိုင် စမ်းကျယ် မမောနိုင်လှမ်းမယ်. . . . မောင် ရယ်လိုက်ခဲ့ပါလားလို့ညိုညိုစန်းက ခေါ်ပါ တယ်. . . မန္တလေးရွှေမြို့ရဲ့ အရှေ့ဆီမျှော် မှန်းရှုယ် နွားကြန်စုံခြေကုန်မောင်းလို့ မြေတုန် စောင်းတော့ လှည်းဘီးကလေးကချာချာလည် မှအစ အသက်မကြီးသေးပါ မောင်ရယ် ထန်းရွက်ပုတီးလေးဆွဲဖို့ ရွှေစာရံကို အရောက် သွားလို့ဝယ်" တေးစာသားသည် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် နွေဦးတေးအဖြစ် နှစ်စဉ် ကြားနေရပေသည်။

ရွှေစာရံဘုရားပွဲသည် ရွှေမန်းမြို့သူမြို့သား များသာမက ရှမ်းပြည်နယ်ကပင်လာရောက်နွဲ သော နာမည်ကျော်ဘုရားပွဲပင်ဖြစ်သည်။ အရှေ့ရွှေစာရံ အနောက်ပုဂံရွှေစည်းခုံဘုရား၊ တောင်မိတ္ထီလာ ရွှေရင်မျှော်ဘုရား မြောက် အညာသီဟတောဘုရားတို့သည် တန်ခိုးကြီး သည်ဟုပင်ဆိုထားသည်။ ရွှေစာရံဘုရားပွဲ ကိုတပေါင်းလပြည့်နေ့မှ တပေါင်းလပြည့် ကျော် ၉ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြီး ရက်ရှည်ပွဲဟုဆိုနိုင်သည်။

ဘုရားပွဲတွင် လက်ဆောင်အဖြစ် ထန်းရွက် ပုတီး၊ ငါးရုပ်ကလေးများ ရှမ်းပြည်နယ်ထွက် ဘူးခါးသီးရေဘူးများနှင့် ရှမ်းရိုးရာမုန့်များကို ရွှေစာရံဘုရားပွဲတွင်သာ ရောင်းချလေ့ရှိ သည်။ ဘုရားပွဲသွား သူတိုင်း ထန်းရွက် ပုတီးဆွဲကာ ငါးရုပ် ကလေးများကို ဝယ် လာလေ့ရှိသည်။

ထန်းရွက် ပုတီး နှင့် ငါးရုပ်အား ကျောက်ဆည်မြို့နယ် ညောင်ချပ်ရွာမှာ ဘိုးဘေးဘီဘင် လက်ထက် ကတည်းက ပြုလုပ်ရောင်းချခဲ့သည်။ ယင်းမှာ ရွှေစာရံဘုရားပွဲအတွက် သီးသန့် ပြုလုပ်ရောင်းချကြခြင်းဖြစ်သည်။

ထန်းရွက်ပုတီးပြုလုပ်ရန်အတွက် ထန်း ရွက်နုကို ပထမဦးစွာရေစိမ်ထားပြီးမှ ထန်း ရွက်ပုတီးပြုလုပ်ကြသည်။ ထန်းရွက်ပုတီးကို လက်ခစားရာရေများဖြင့် ပြုလုပ်ကြသည်။ ထန်းရွက်ပုတီးဒိုင်မှ ထန်းရွက်ပေးပြီး ထိုးခိုင်း သလို ကိုယ့်ထန်းရွက်နှင့်ကိုယ်ထိုးကာ ဒိုင် သွင်းသည်လည်းရှိသည်။ ရွာရှိ ကလေး၊ လူကြီး အကုန် ထန်းရွက်ပုတီးထိုးတတ်ကြသည်။ ထန်းရွက်ပုတီး ဆေးဆိုးခြင်းလုပ်ငန်းကို ဒိုင်မှ ပြုလုပ်သည်။ ပုတီးကို တပို့တွဲလမကုန်ခင် အပြီးပြုလုပ်ကြပြီး ရွှေစာရံဘုရားပွဲ မစမီ တစ်ပတ်ခန့် ကြိုတင်ဆိုင်ခင်းကြသည်။ ထန်း ရွက်ပုတီးနှင့်အတူ လူကြိုက်များသောပစ္စည်း မှာ ထန်းရွက်ငါးရုပ်ကလေးများပင်ဖြစ်သည်။

ထန်းရွက်ငါးကိုမူ ကျွမ်းကျင်သူများကို အပ် လေ့ရှိသည်။ ထန်းရွက်ငါးကို ပြုလုပ်ပြီးမှ ဆေး ဆိုးရောင်းလေ့ရှိသည်။ ယင်းမှာ ရွှေစာရံ လာ ဘုရားဖူးငါးများကို ကိုယ်စားပြုသည်ဟု လည်း သိရသည်။ ထူးခြားသည်မှာ ထန်းရွက် ပုတီးနှင့် ထန်းရွက်ငါးသည် ရွှေစာရံသင်္ကေတ ဖြစ်ပြီး မည်သည့် ဘုရားပွဲတွင်မှ ရောင်းချခြင်း မရှိပေ။

# ခွာနာလျှာနာရောဂါကာကွယ်ဆေး မြို့နယ်လုံးကျွတ်ထိုးနှံ

**စဉ့်ကိုင် ဖေဖော်ဝါရီ ၂၈**

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန နှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE)တို့ ပူးပေါင်းပြီး ကျွဲ၊ နွားများ အား ဖြစ်ပွားတတ်သော ခွာနာလျှာနာ ရောဂါများ ကာကွယ်သည့်အနေဖြင့် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျွဲ၊ နွားများ ကာကွယ်ဆေး မြို့နယ်လုံးကျွတ် ထိုး ပေးခြင်းကို ဖေဖော်ဝါရီ ၂၃ ရက်မှ စတင်ကာ မတ် ၄ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့ နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မှ သိရသည်။

ကျွဲ၊ နွားများတွင် ခွာနာလျှာနာ ဖြစ် ပွားလျှင် ခိုင်းနွားဖြစ်ပါက လုပ်အား ဆုံးရှုံးခြင်း၊ နို့စားနွားဖြစ်ပွားပါက နို့ ထွက်နှုန်းများ ကျဆင်းခြင်းနှင့် နွား ငယ်လေးများတွင် ဖြစ်ပွားပါက အသက်ဆုံးရှုံးနိုင်ပြီး ကျေးလက် ပြည်သူလူထု၏ စီးပွားရေးထိခိုက် နစ်နာသောကြောင့် ကျွဲ၊ နွား ပိုင်ရှင် များအနေဖြင့် ကာကွယ်ဆေးထိုးနှံ ပေးသည့်ကာလအတွင်း မိမိတို့၏ ကျွဲ၊ နွားများအား ထိုးနှံပေးသွားကြ ရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက် ပေး သွားကြရန်လိုကြောင်း မြို့နယ် မွေး မြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီး မှူးက ပြောသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန နှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE)တို့ ပူးပေါင်း၍ ကျွဲ၊ နွားများ ခွာနာလျှာနာရောဂါ ကာကွယ်ဆေး ထိုးခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များနှင့် မန္တလေး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၈ မြို့နယ်တို့တွင် ဆောင်ရွက်လျက် ရှိပြီး စဉ့်ကိုင်မြို့နယ်တွင် ကျွဲ၊ နွား အကောင်ရေ ၁၃၀၀၀၀ ကျော်ရှိ ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

## နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်

**တီးတိန် ဖေဖော်ဝါရီ ၂၈**

ချင်းပြည်နယ် တီးတိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင် ရေးဦးစီးဌာနမှ မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဖေဖော်ဝါရီ ၂၂ ရက်က မြို့ပေါ်ရှိ လွယ်ဘွာလ်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းနေ့က မြို့နယ်ဦးစီးဌာနမှူး ဦးထန်ခန့်ပေါင်(ဦးစီးအရာရှိ)နှင့် ရုံးဝန်ထမ်း များသည် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ဒေသခံ ၇၅ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာ ရင်း (၆၆/၆) မိတ္တူများ အခမဲ့ထုတ်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ရာတွင် ကုန်ကျစရိတ် များကို အလှူရှင် ချင်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇိုဇမ်းကျင့်ပေါင် သွားရောက်ကြည့်ရှုကာ လိုအပ်သည်များညှိနှိုင်းပေးခဲ့သည်။ **ဇိုဟေဆာ**

**ကမ္ဘာ့ရတနာဘဏ်လီမိတက်**

ဝန်ထမ်းနေရာခေါ်ယူခြင်း

ကမ္ဘာ့ရတနာဘဏ်လီမိတက်တွင် အောက်ဖော်ပြပါရာထူးနေရာ ထမ်းဆောင်ရန်အတွက် သွက်လက်ထက်မြက်ပြီး အရည်အချင်းပြည့်ဝသောသူများ လျှောက်ထားနိုင်ပါသည်–

၁။ လက်ထောက်မန်နေဂျာ(**Human Resources**) ကျား/မ(၃)ဦး
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ပြီး Management (သို့) Human Resources Management Certificate များရရှိထားသူများကို ဦးစားပေးမည်။
- HR လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိသူဖြစ်ရမည်။
- Microsoft Office ကိုကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- ဆက်ဆံရေး(Communication)ကောင်းမွန်သူဖြစ်ပြီးလူအများနှင့် ပြေလည်အောင်ပြောဆို၊ စီမံခန့်ခွဲနိုင်သူဖြစ်ရမည်။

၂။ အကြီးတန်းစာရေး(**Human Resources**) ကျား/မ(၂)ဦး
- တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူဖြစ်ရမည်။ (Human Resources)ကိုစိတ်ဝင်စားပြီးလုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။
- လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိသူဖြစ်ရမည်။
- Microsoft Office ကိုကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- ဆက်ဆံရေးပြေပြစ်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် အလုပ်လျှောက်လွှာ၊ ကိုယ်ရေးအကျဉ်း၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ (၆)လအတွင်း ရိုက်ကူးထားသောရောင်စုံ လိုင်စင်ဓာတ်ပုံ(၃)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံစာ၊ အိမ်ထောင်စုစာရင်းမိတ္တူ စသည့် လိုအပ်သော စာရွက်စာတမ်းများနှင့်မိမိမျှော်မှန်းလစာကိုဖော်ပြပြီး အောက်ပါလိပ်စာသို့ ၉-၃-၂၀၁၅ရက်နောက်ဆုံးထား၍ လာရောက်လျှောက်ထား နိုင်ပါသည်။

(လုပ်ငန်းလိုအပ်ချက်အရ သင့်လျော်သည့်လျှောက်လွှာတွေ့ရှိပါက လျှောက်လွှာပိတ်ရက်မတိုင်မီ၊ လူတွေ့စစ်ဆေးရန်ခေါ်ယူပါမည်။)

လျှောက်လွှာတင်ရန်လိပ်စာ
ကမ္ဘာ့ရတနာဘဏ်လီမိတက်(ရုံးချုပ်)
အမှတ်(၆၅၃/၆၉၉)၊ ကုန်သည်လမ်းနှင့် ရွှေဘုံသာလမ်းထောင့်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁-၂၄၃၂၄၀၊ ၃၈၉၄၈၉၊ ၃၈၉၄၉၀၊ ၃၇၃၆၈၈။

**အမွေပြတ် စွန့်လွှတ်ခြင်း**

အမှတ်-၇၄၊ သခင်မြလမ်း၊ ဆေးစက်ရပ်ကွက်၊ ဒေါပုံမြို့နယ်နေ မောင်စိုးထွဋ်ဦး(ခ)မောင်ဇော်လင်းအောင် [၁၂/ဒပန(နိုင်)၀၅၁၂၈၆]သည် မိဘများ အရှက်ရစရာကိစ္စများဆောင်ရွက်ပြီး မိမိဆန္ဒဖြင့် နေအိမ်မှဆင်းသွားပါသဖြင့် အမွေစား အမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် မောင်စိုးထွဋ်ဦး၏ ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

အဖ-ဦးစံအောင်သာ
အမိ-ဒေါ်ခင်မာကြည်

ပေ (၅၀၀) ကျော် ရှည်လျား ရွှေဆံပင်တံတားကြီး ဖွင့်ပွဲအခမ်းအနား နှင့် (၃၇) ကြိမ်မြောက် အလောင်းတော်ကဿပဒေသ အညာမြေဘုရားဖူး

ထွက်ခွာမည့်နေ့ရက်
၁၉-၃-၂၀၁၅ (ကြာသပတေးနေ့)
ည (၇း၀၀) နာရီ။

အထူး ခရီးစဉ်

တစ်ဦးလျှင်
စားရိတ်ငြိမ်း - ၅၅၀၀၀/-ကျပ်

မှတ်ချက်။ ။ ရွှေဆံပင်တံတားကြီးပေါ်တွင် သံဃာအပါး (၃၀၀) ကျော်တို့အား သံဃာ့ဒါန ဆွမ်းဆန်စိမ်း လောင်းလှူကြပါမည်။
(ကြာသပတေးညထွက်၊ တနင်္လာနေ့ နံနက် (၄း၀၀) နာရီ ပြန်ရောက်)
ဆက်သွယ်ရန်ဖုန်း–၀၉–၂၅၆၁၅၈၀၉၁၊ ၀၉–၂၅၄၁၆၆၅၇၉၊ ၀၉–၂၅၉၆၃၂၅၃၁၊ ၀၉–၂၅၀၀၇၇၆၆၈

**ဖောင်းကြွပျောက် လျှောက်ထားခြင်း** ယာဉ်အမှတ် 3A/ 8474 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန(ခရိုင်ရုံး) ရန်ကုန်တောင်ပိုင်း၊ သန်လျင်မြို့

၁၉၃၃ ခုနှစ် တည်ထောင်သည်

ရွှေမုန်းတောင် အမှတ်တံဆိပ်




တိုင်းရင်းဆေးဆိုင်မှတ်ပုံတင်အမှတ်
TMR-007525(0614)
ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆဆက(စာနယ်ဇင်း)၀၁/၀၂၁၃

# အကြောပြေ မျက်စိကြည်ဆေး

ဖြန့်ချိရေး - အမှတ် (၁၀၂)၊ (၃၈)လမ်းအောက်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁၃၇၆၈၀၈၊ ၅၄၉၀၄၂၊ ၅၉၀၀၃၄

# တရားမဝင်သစ်ထုတ်လုပ်မှု ထိရောက်စွာ အရေးယူရန်လိုအပ်

**ရေတာရှည် ဖေဖော်ဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် တရားမဝင် သစ်ထုတ်လုပ်မှုများကြောင့် ကျေးလက်လမ်းများ ပျက်စီးမှုများ ရှိခဲ့ရာ ကျေးလက်နေဒေသခံများမှ အရေးယူဆောင်ရွက်ပေးရန် လိုလားလျက်ရှိကြောင်း သိုင်းဝကျေးရွာအုပ်စုအတွင်းရှိ ဥယျာဉ်မှူးကျေးရွာနှင့် တမဆယ်ကျေးရွာ ဒေသခံများက ပြောပြသည်။

"ကျွန်တော်တို့ရွာက ဆည်အောက်ခြေချောင်းမြောက်ဘက်ကမ်းမှာ နေရတာ။ တံတားကလည်း ခနော်ခနဲ့ လမ်းတွေကလည်း သစ်လှည်းတွေညတိုင်းမောင်းလို့ ခုဆိုဆိုင်ကယ်စီးဖို့တောင် မလွယ်တော့ဘူး။ သစ်လှည်းတွေက ဆွာဆည်မြောက်ဘက်မှာရှိတဲ့ ကျွန်းတောစုရွာဘက်ကနေ ဆင်းတာ ညတိုင်း ခုနစ်စီးကနေ ၁၄ စီးလောက်အထိ ဆင်းတယ်။ သိုင်းဝရွာ တောင်ဘက် ဆည်မြောင်းတာပေါင်အတိုင်း ရေတာရှည်ကို မောင်းကြတာ" ဟု တမဆယ်ကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

တရားမဝင် ကျွန်းသစ်ထုတ်လုပ်မှုများ၌ သစ်တောကြိုးဝိုင်း ဒေသနေသူများက ယာစိုက်ခင်းအတွင်းရှိ အပင်များအား တစ်နှစ်ကြိုတင်၍ အပင်သတ်ခြင်းကိုဆောင်ရွက်ကာ တစ်ပင်လျှင်ကျပ် ၅၀၀၀ ဖြင့် ပြန်လည်ရောင်းချသည်ဟု အထက်ပါ ဒေသခံကပင် ဆက်၍ ပြောသည်။

တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် သစ်တောဧရိယာများစွာ ကျဆင်းလျက်ရှိပြီး ၄၇ ရာခိုင်နှုန်းကျော်ကျော်သာ ရှိတော့ကြောင်း စစ်တမ်းများအရသိရပြီး သစ်တောများ ထိန်းသိမ်းရေးအတွက် အောက်ခြေတွင် ထိရောက်စွာ ကိုင်တွယ်သင့်ကြောင်း သုံးသပ်မှုများလည်း ရှိနေသည်။

ရေတာရှည်မြို့နယ်တွင် စကွေး(မရိုးခုံ)၊ ဆိပ်ဆင်း၊ မြောင်သာ မှတစ်ဆင့် ဖားအိုင်းပြေး ၁၅ မိုင်၊ ကိုးပင်၊ သာဂရ ရိုးမဖြတ်ကျော်ကားလမ်းအတိုင်း တရားမဝင်သစ်ထုတ်လုပ်မှုများရှိနေဆဲဖြစ်ကြောင်း ဒေသခံတို့၏ ပြောပြချက်များအရသိရသည်။

**ကိုလွင်(ဆွာ)**



ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုမုဋ္ဌောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယတပေါင်းပွဲတော်တွင် ဘော်ကြိုဘုရားကြီး မုခ်လေးမုခ်တွင် ကိန်းဝပ်စံပယ်လျက်ရှိသော မြတ်ဘုရားလေးဆူအား အလှူရှင်များကိုယ်တိုင်ကိုယ်ကျ ရွှေသင်္ကန်းကပ်လှူနိုင်ရန် ဘော်ကြိုဘုရားကြီးအဖွဲ့ဥက္ကဋ္ဌနှင့်ဘာသာရေးအသင်းအဖွဲ့များက ဖေဖော်ဝါရီ ၂၆ ရက်တွင် မုခ်များမှပင့်ဆောင်ကြရာ ရတနာမာန်အောင်မြင်ဘုရားအား စတင်ပင့်ဆောင်ခဲ့ကြသည်။ သတင်းနှင့်ဓာတ်ပုံ- စိုင်း(သီပေါ)

# စပါးဝယ်လက်မရှိ၍ မိုးဘဏ်ချေးငွေဆပ်ရန် တောင်သူများ အခက်တွေ့နေ

**မြန်အောင် ဖေဖော်ဝါရီ ၂၈**

ဖေဖော်ဝါရီလကုန်တွင် မိုးစပါးဘဏ်ချေးငွေများအား အပြီးပေးဆပ်ရမည် ဖြစ်ရာ မြန်အောင်မြို့နယ်အတွင်း စပါးဝယ်လက်မရှိသောကြောင့်လယ်သမားများအနေဖြင့် အခက်အခဲများဖြစ်နေသည်ဟု ဒေသခံလယ်သမားအများစုက ပြောသည်။

"ခုဆိုရင် ဧရာမင်းစပါးဈေးက ကျပ်လေးသိန်းလောက်ရှိတယ်လို့ ပြောတယ်။ စပါးဝယ်တဲ့ကုန်သည်တွေက ခုရက်ထဲ စပါးမဝယ်သေးဘူးလို့ပြောတယ်၊ မီးကောက်စပါးကို လှည့်ရောင်းမယ် ကြံပြန်တော့လည်း ဘယ်စပါးမှ မဝယ်သေးတာလို့ပြောတော့ ကျွန်တော်တို့မှာ ဘဏ်ဆပ်ဖို့ တော်တော်ကိုခက်ခဲနေပါတယ်။ အစိုးရချေးငွေဆိုတော့လည်း မဖြစ်မနေဆပ်ရမှာပဲလေ။ စပါးရောင်းမရတော့လည်း နွားတို့၊ ရွှေတိုရွှေစတို့ကို လျှော့ဈေးနဲ့ ရောင်းရင်ရောင်း၊ မရောင်းရင်လယ်ပေါင်သင့်ပေါင်၊ ဖွဲ့ရောင်းရင် ရောင်းလုပ်ရတော့မယ်လေ။ စပါးက ပေါက်ဈေးတော့ရှိတယ်။ ဝယ်သူက ဝယ်ကိုမဝယ်တော့တာ" ဟု ပြည့်စင်ကွင်းကျေးရွာမှ လယ်သမား ဦးဌေးလှိုင်က ပြောသည်။

ယခုနှစ် ကျွန်တော်တို့ဒေသမှာ မိုးခေါင်တော့ စပါးကလည်း အထွက်လျော့တယ်။ ထွက်လာတဲ့ စပါးကျပြန်တော့လည်း အောင်ရေမရ ရေတတ်တော့ ဆန်တွေက အကျိုးအကြေတွေများတယ်လို့ ကုန်သည်တွေက ပြောကြတယ်။ အောက်တန်းမကိုက်ဘူးပေါ့။ အညာဆန်ဈေးကွက်ကလည်း ခုနှစ်ပျက်နေတယ်လို့ပြောတယ်။ ကျွန်တော်က ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဆိုတော့ ဘဏ်မှာလည်း ဥက္ကဋ္ဌလေ၊ လယ်သမားတွေ အခက်အခဲဖြစ်နေတော့ ဘဏ်ငွေကိုတောင်းရမှာ တော်တော်ခက်နေပါတယ်။ ခုဖေဖော်ဝါရီလကုန် ရအောင်တောင်းပေးရမှာဆိုတော့ ကျွန်တော်လည်း လယ်သမားတွေကို မျက်နှာပူပူနဲ့ လိုက်ပြောနေရတယ်။ လယ်သမားတွေကလည်း ဆပ်ပါ့မယ်ပေါ့။ စပါးလေးရောင်းကြည့်ပါရစေဦးလို့ပြောလာတယ်။ ဒါတွေက နှစ်တိုင်းကြုံနေရတဲ့ အခက်အခဲတွေ၊ ဘဏ်ငွေက ခြောက်လပဲချေးတော့ လယ်သမားအတွက် သုံးချိန်နည်းနေတယ်လို့ထင်တယ်။ နှစ်ရှည်ပေါ့ဗျာ။ သုံးနှစ်တန်သည် ငါးနှစ်တန်သည် နှစ်ရှည်ချေးပေးမယ်ဆိုရင်တော့ လယ်သမားအတွက် ပြေလည်သွားနိုင်တယ်လို့ထင်တယ်" ဟု ကွင်းကြီးဒေါင့်အုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်ရွှေက ဒေသတွင်းကြုံနေရသည့် အခက်အခဲများအား သုံးသပ်ပြောကြားသည်။

စပါးမျိုးဝယ်ရာတွင်လည်း တောင်သူများအဖို့ နစ်နာမှုရှိကြောင်း အုပ်ချုပ်ရေးမှူး ဦးတင်ရွှေက "နောက်ပြီးပြောချင်တာက မျိုးစပါးဝယ်ရတဲ့ကိစ္စ၊ ပုလဲသွယ်စပ်မျိုးစပါး တစ်ဧကစိုက်ဖို့အတွက်ကို နို့ဆီဘူး ခြောက်လုံးလောက်သာပါတဲ့ မျိုးစပါးအထုပ်ကလေး ခုနစ်ထုပ်ကို ကျပ်နှစ်သောင်းငါးတောင်နဲ့ ဝယ်ရတယ်။ စိုက်ပျိုးရေးကရောင်းတာလေ၊ များတာပေါ့ဗျာ။ စပါးထွက်နှုန်းကတော့ ကောင်းပါတယ်။ တစ်ဧကကို တင်းတစ်ရာလောက်ထွက်တယ်။ သူကတစ်သက်ပဲလေ မျိုးစပါးထည့်ပြီး ထပ်စိုက်ရင်တစ်ဧကကို စပါးတင်း ၂၀ လောက်ပဲရတော့တယ်။

စပါးအထွက် ကောင်းလို့ စိုက်ပြန်တော့ ဈေးကွက်မှာ ပုလဲသွယ်စပါးကို ဝယ်သူကမဝယ်ဘူးလေ။ နောက်ဆုံးစပါး လေးသိန်းဈေးဖြစ်နေရင် ပုလဲသွယ်ကို သုံးသိန်းလောက်နဲ့ လျှော့ရောင်းရတယ်။ ဒါတောင်ကုန်သည်က အင်တင်တင်၊ နောက်ဆုံးမရောင်းရတော့ ဧရာမင်းစပါးထဲ ရောရောင်းလိုက်ရတယ်။ အဲလိုလည်း ရောရောင်းလိုက်ရောကုန်သည်က နောက်ဆိုစပါးဘယ်လောက်သန့်သန့် ရောရောင်းလိုက်တဲ့လယ်သမားဆီကစပါးကို မဝယ်တော့ဘူး။ လယ်သမားတွေဒုက္ခက မသေးပါဘူးဗျာ" ဟု ထောက်ပြပြောဆိုသည်။

မြန်အောင်ရှိ ရွှေလက်ဆောင်ပွဲရုံ ပိုင်ရှင်ကလည်း "မြန်အောင်ကဆန်တွေက ခုနှစ်အကျိုးအကြေများတယ်၊ ပုသိမ်တို့၊ ဒါးကတို့ဘက်က ဇီယာတို့၊ ဆင်းသုခတို့က ဆန်တော်တော်လှတယ်။ လက်လီဈေးကွက်မှာ တော်တော်ရောင်းနေရတယ်။ မြန်အောင်က ထွက်တဲ့ဧရာမင်းက ခုဒီနှစ်အရောင်းအဝယ် အသွားတယ်။ တရုတ်ဘက်ကလည်း ဆန်မဝယ်တော့ ခုနှစ်ဆန်ပွဲရုံလုပ်ငန်း မကောင်းဘူး။ ဆန်သာတင်ရတာငွေကလည်း ကျမလာဘူး" ဟု ပြောသည်။

မတ် ၂ ရက်တွင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ လပတ်အစည်းအဝေးရှိရာ အစည်းအဝေးမှာလည်း မိုးဘဏ်ဆပ်ရန် အခက်အခဲရှိသည့်အကြောင်းကို စိုက်ပျိုးရေးတိုးမြှင့်အဖွဲ့သို့ တင်ပြ၍ ဘဏ်ဆပ်ချိန်တစ်လလောက်နောက်ဆုတ်ပေးရန် ညှိနှိုင်းမည်ဖြစ်ကြောင်း ကွင်းကြီးဒေါင့်အုပ်စုအုပ်ချုပ်ရေးမှူး ဦးတင်ရွှေက ပြောသည်။

**နေဝင်းဇော်(မြန်အောင်)**


## ပရဟိတ ကျောင်းသူ မိန်းကလေးအိပ်ဆောင် လိုအင်ဆန္ဒ ဖြည့်ဆည်းစေလို



မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ၊ မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ၂၀၁၁ခုနှစ်၊ ဇွန်လ(၁)ရက်တွင် နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် ၂၀၁၄-၂၀၁၅ပညာသင်နှစ်မှ (၂၇၀)ကျော်သော မိဘမဲ့၊ နွမ်းပါး၊ တိုင်းရင်းသား မူလယ်၊ထက် ကျောင်းသား၊ ကျောင်းသူများကို ထိန်းသိမ်းစောင့်ရှောက်ပညာသင်ကြားပေးလျက်ရှိပါသည်။

ကျောင်းသူမိန်းကလေး(၁၀၀)ဝန်းကျင်ရှိပါသည်။ အိပ်ဆောင်အခက်အခဲကြောင့် ရွာထဲက အိမ်တွေမှာ အကူအညီတောင်းပြီး ထားရပါသည်။ သို့ဖြစ်ပါ၍ ကျောင်းသူ မိန်းကလေးများ ကိုယ့်ကျောင်းအတွင်းမှာ လုံခြုံချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် အလျား(၈၀)ပေ×အနံ(၄၀)ပေ 2RC အဆောက်အအုံကိုလာမည့်ပညာသင်နှစ်အမီ ကြိုးစားတည်ဆောက်နေပါသည်။ ၎င်းအဆောက်အအုံတွင် အခန်း(၁၆)ခန်းပါရှိပြီး တစ်ခန်းလျှင် (၂၅)သိန်းကျပ် ကုန်ကျမှာ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိဘပြည်သူများမှ မိန်းကလေးအိပ်ဆောင် လိုအင်ဆန္ဒပြည့်ဝစေရန် စွမ်းနိုင်သမျှ ဝိုင်းဝန်းကူညီဖြည့်ဆည်းစေလိုကြောင်း စေတနာကောင်းဖြင့် အသိပေးနှိုးဆော်လိုက်ရပါသည်။

ဆက်သွယ်ရန်
ကျောင်းအုပ်ဆရာတော်နှင့် အကျိုးဆောင်များ
မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (လူငယ်စောင့်ရှောက်ရေးဌာန)
တောင်စွန်းစံပြကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။
ဖုန်း-၀၉-၂၅၅၇၄၈၆၂၄၊ ၀၉-၄၉၃၁၅၃၇၀၊ ၀၅၇-၆၆၃၀၂

ကုန်ပစ္စည်း သယ်ယူပို့ဆောင် ၊ သိုလှောင်ရေးကဏ္ဍတွင် ပါဝင်နေကြသူတိုင်း တက်ရောက်သင့်သည့် . . .

## Executive Seminar in Logistics Professional

Speaker : Dr. Habib Kassim
DBA., MBA., BBA., CISCM., MSIM
Director of Purchasing & Supply Association S'pore (PASAS)
သင်တန်းနေရာ ⟹ Zephyr Restaurant စိမ်းလန်းစိုပြည်ဥယျာဉ် ၊ အင်းလျားလမ်း ။
ရက်/အချိန် March 14 (Sat) : 9:00 am - 5:00 pm
March 15 (Sun) : 9:00 am - 5:00 pm

PASAS (S'pore) မှ Certificate ပေးအပ်ချီးမြှင့်ပါမည်။

More Information : YCTC Business Institute
အမှတ် (၃၂/J –၃)၊ နတ်မောက်ရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အ.ထ.က (၂)ဗဟန်းအနီး။
Ph : (01) 542033, (09) 420118100 , (09) 250640429

## Executive Master in Advanced Management (EMAM)Program

၁။Executive Master in Advanced Management (EMAM) သင်တန်းကို Myanmar Professional Development Center(MPDC)တွင် ၂၀၁၅ခုနှစ်၊ မတ်လတွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။သင်တန်းကာလမှာ (၁)နှစ်ခန့်ကြာမြင့်မည်ဖြစ်ပြီး နိုင်ငံတကာမှ ဝါရင့်ဆရာကြီးများကိုယ်တိုင်သင်ကြားပို့ချပေးမည်။

၃။သင်တန်းပြီးဆုံးပါက ဘယ်လ်ဂျီယံနိုင်ငံ University of Liege မှ ချီးမြှင့်သည့် Executive Master ဘွဲ့ကို ရရှိမည်ဖြစ်ပါသည်။

၄။သင်တန်းကြေးများကို အရစ်ကျစနစ်ဖြင့် ပေးသွင်းနိုင်မည်ဖြစ်ပြီး ဘယ်လ်ဂျီယံနိုင်ငံ တက္ကသိုလ်မှ ချီးမြှင့်သော မဟာဘွဲ့ကို ပြည်တွင်း၌ အချိန်ကုန်၊ ငွေကုန် သက်သာစွာဖြင့် သင်ယူရရှိနိုင်မည့် အခွင့်အရေးကောင်းတစ်ခု ဖြစ်ပါသည်။

Main Campus:အဆောင်(၁၅)၊ မြေညီထပ်၊ မြန်မာအင်ဖိုတက်ခ်၊ တက္ကသိုလ်များ လှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ Email:sandra@newklink.com

ဖုန်း-၀၁-၅၀၇၀၄၃၊ ၅၀၇၀၄၇၊ ၀၉-၇၃၁၀၃၇၈၅၊ ၀၉-၂၅၆၁၄၆၉၁၉၊ ၀၉-၄၂၀၁၁၄၅၀၁။

ရွှေပင့်ကူ (၃)နှစ်ပြည့်အထူး

ရောင်းမည်
သမိုင်း(၁၃)လမ်း၊ 25'x 50' သိန်း2200
ဘုရင့်နောင်မြေကွက် အင်ကြင်းလမ်းနှင့်ခရေလမ်းထောင့်
09 5001920, 09 799991920

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်

# 68 RESIDENCE CONDOMINIUM

WE DEFINE LIFESTYLE

DEVELOPED BY: UNITED GP Development by GOLDEN PALACE

ကမ္ဘာအေးစေတီလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဘိုးဘွားပိုင်မြေ တစ်ဧကပေါ်ရှိ
အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၇၅)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့်
SOMERSET SERVICED RESIDENCE ပါရှိသော
မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း

## 5 % Discount
## +
## Interior Decoration Package with fully furnished facilities

( 5th February - 12th April, 2015) *Terms & Conditions



- မြန်မာနိုင်ငံ၏ ပထမဆုံးသော Infinity Sky Swimming Pool & Garden @ 27th Storey
- မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ရည်ရွယ်ချက်မျိုးစုံအသုံးပြုနိုင်သည့် Dual Key System Unit များ
- အပူဓာတ်နှင့် အသံဆူညံမှုတို့ကို အပြည့်အဝကာကွယ်ပေးသည့် မှန်နှစ်ထပ်ပါ Loe E-Glass System
- တစ်နေရာတည်းတွင် ဧည့်ခန်းနှင့်လူနေအိမ်ခန်းတွဲလျက်ပါရှိမည့် Duplex System
- အဆင့်မြင့် Smart Home System နှင့် လုံခြုံရေး Finger Print Access System
- အဆင့်မြင့်မီးဘေးအန္တရာယ် ကာကွယ်ရေးစနစ်နှင့် အလိုအလျောက် မီးငြိမ်းသတ်စနစ်

**More than 84 % Sold Out**

## PARTNERS

KBZ BANK ကမ္ဘောဇဘဏ်လီမိတက် · ZONE · SOMERSET SERVICED RESIDENCE Managed by The Ascott Limited · SOILBUILD GROUP HOLDINGS LTD · OrangeTee · 777 Lux GROUP CO., LTD.

**အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။**

ငလျင်ဒဏ်ကိုရစ်ချက်တာစကေးအနည်းဆုံး(8)ခံနိုင်အောင်
တည်ဆောက်ထားပါသည်။
CONDOMINIUM LAW အရ မြေပိုင်ဆိုင်မှုကိုလည်း
အခန်းဝယ်ယူသူအားလုံး ရာသက်ပန် စုပေါင်းအချိုးကျပိုင်ဆိုင်နိုင်မည့်
အလွန်စိုင်မာသောရင်းနှီးမြှုပ်နှံမှု

| ROOM TYPES | SQFT |
|---|---|
| 1 BEDROOM | 750 Sqft |
| 2 BEDROOMS | 1000 - 1100 Sqft |
| 2 BEDROOMS + STUDY | 1200 - 1300 Sqft |
| 3 BEDROOMS + STUDY | 1380 - 1580 Sqft |
| DUPLEX (3 BEDROOMS + 1) | 2100 Sqft |
| DUAL KEY (2 BEDROOMS + 1 BEDROOM) | 2100 Sqft |

SHOWROOM :
44/A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
01-8604477, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060

# ချစ်ဖေဖေဦးတင်အေး – ချစ်မေမေဒေါ်တင်လှုံ

## “ပန်းအိဖြူ” ထီးရောင်းဝယ်ရေးကုမ္ပဏီတို့အတွက် (၃၅) နှစ်မြောက်ပတ္တမြားရတုမင်္ဂလာဆုတောင်းလွှာ



သာယာသောမိသားစုဘဝကို ဖန်တီးနိုင်ခြင်းနှင့်အတူ မိသားစုအတွက် ခိုင်မာသောဆုံးဖြတ်ချက်ဖြင့် နေ့ညအချိန်ပြည့် အသင့်ရှိတတ်ပြီး သားသမီးများ၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများ ဖြောင့်ဖြူးသာယာအောင် ထိန်းကျောင်းပြုပြင်ပေးနိုင်သော အနန္တဂိုဏ်းဝင်ကျေးဇူးရှင် မိခင်ဖခင်တို့အား လက်ဆယ်ဖြာထိပ်မှာမိုး၍ ၁. ၃. ၂၀၁၅ရက်တွင် ကျရောက်သော (၃၅)နှစ်မြောက် ပတ္တမြားရတု မင်္ဂလာရက်မြတ်မှသည် ချစ်သောသားသမီးတို့နှင့်အတူ ကျန်းမာ ပျော်ရွှင်စွာဖြင့် အသက်(၁၂၀)တိုင်အောင် နေထိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

| | |
|---|---|
| ချစ်သားကြီး | - ဖြိုးသန့်တင် (Eco) |
| ချစ်သားငယ် | - မျိုးသန့်တင်(Myanmar) |
| ချစ်သမီးငယ် | - ပန်းအိဖြူ (ILBC) |
| ချစ်သားထွေး | - ကျော်ဆုသွေး (ALBA) |

# (၃၅) နှစ်မြောက်ပတ္တမြားရတု မင်္ဂလာဆုမွန်လွှာ

ညီငယ်၊ ညီမငယ်၊ တူ၊ တူမများနှင့် ဝန်ထမ်းများအပေါ် ထီးရိပ်ပမာ အေးမြမှုနှင့် နံရံကြီးပမာ လုံခြုံမှုကိုပေးသည့်အပြင် ပဲ့ကိုင်ရှင်ပမာ လမ်းပြပေးခဲ့သော ကျေးဇူးကြီးလှသည့် ဦးတင်အေး-ဒေါ်တင်လှုံ (ပန်းအိဖြူ ထီးရောင်းဝယ်ရေးကုမ္ပဏီ၊ ယုဇနပလာဇာ)တို့၏ ၁. ၃. ၂၀၁၅ ရက်တွင် ကျရောက်သော (၃၅)နှစ်မြောက် ပတ္တမြားရတုမှသည် နှစ်ပေါင်းများစွာတိုင်အောင် သာယာချမ်းမြေ့စွာလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးမျိုးမြင့်ကျော်-ဒေါ်အေးအေးမူ (ကျော်ဘက်ထရီရောင်းဝယ်ရေး၊ဗဟန်း)
ဦးတင်လှ-ဒေါ်အေးအေးရီ(ပန်းငါးပွင့်ထီးမျိုးစုံ လက်လီ လက်ကား မင်္ဂလာဈေး)
ပန်းအိဖြူ ဝန်ထမ်းများ(ယုဇနပလာဇာ)

# (၃၅) နှစ်မြောက်ပတ္တမြားရတု မင်္ဂလာဆုမွန်လွှာ

၁. ၃. ၂၀၁၅ ရက်မြတ်တွင် ကျရောက်တဲ့ ချစ်ခင်လေးစားရပါသော **ဦးဦး ဦးတင်အေး-ဒေါ်လေး ဒေါ်တင်လှုံ** တို့၏(၃၅)နှစ်မြောက် ပတ္တမြားရတုမင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် သား သမီး၊ တူ၊ တူမများနှင့်အတူ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ သာသနာရေးတို့ကိုဆတက်ထမ်းပိုး သယ်ပိုး လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

တူ-တူမ -ကိုအောင်သူလွင်-မထားထားလွင်
Myanmar Batch Technologies Co.,Ltd
မြေး - မောင်သူရိန်အောင်
တူ - ကိုနိုင်သိန်းအေး



## (၄)နှစ်ပြည့်လွမ်းဆွတ်သတိရအမှျဝေခြင်း
**ဦးစိုင်းဆန်ပီး(ခ)အိုက်ခမ်းဆွေ**
**အသက်(၆၄)နှစ်**
**(မူဆယ်မြို့)**

အနန္တကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်သွားသည်မှာ ၂၈-၂-၂၀၁၅ရက်တွင်(၄)နှစ်ပြည့်ပြီဖြစ်သော်လည်း အဖေ၏ဆုံးမစကားများကို အမြဲအောက်မေ့နှလုံးသွင်းလျက်ပါ။ အဖေ့ကျေးဇူးကြောင့် "အေး"တို့မိသားစု အခုချိန်ထိ အပူပင်ကင်းစွာနဲ့ အဖေ့အရိပ်ကို ခိုလှုံနေရဆဲပါ။ အဖေ့ကျေးဇူးတရားများအား အမြဲသတိရအောက်မေ့လျက်ပါအဖေ---အဖေ့အားရည်စူး၍ ၂၈-၂-၂၀၁၅ ရက်တွင် မူဆယ်မြို့၊ နန္ဒဝန်ပရိယတ္တိစာသင်တိုက် (ရွှေသမင်ကျောင်းတိုက်)၌ သံဃာတော်အပါး (၁၆၀)တို့ကို အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ရန်ကုန်မြို့၊ အောင်မြေဘုံသာ (၉)မိုင်ရှမ်းကျောင်း၌ သံဃာတော်အပါး(၁၂၀)တို့ကို အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် နေ့စဉ်ပြုပြုသမျှကောင်းမှုကုသိုလ်အစုစုတို့ကို အဖေကောင်းရာဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ။

ဇနီး -ဒေါ်နန်းခင်အေး
သားကြီး -စိုင်းဆိုင်တိုင်း(Htee Kham Co., Ltd)
သားလတ် -စိုင်းဆိုင်လှိုင်း
သမီးကြီး -နန်းမိုဟွမ်-စိုင်းဆိုင်လှိုင်း
သမီးငယ် -နန်းစံဟွမ်-ကိုဖြိုးမင်းထက်
သားငယ် -စိုင်းဆိုင်ဝမ်း-နန်းနွမ်းမိုင်
မြေး -(၉)ယောက်

## အထူးကျေးဇူးတင်ရှိခြင်း

၁၈-၂-၂၀၁၅(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂း၃၀ နာရီတွင် ရန်ကုန်မြို့အောင်ရတနာဆေးရုံတွင် ကွယ်လွန်သွားပါသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်မြမြ (ဖောင်ကြီး) နာမကျန်းစဉ်တစ်လျှောက် ကရုဏာထားကုသပေးပါသော ပါမောက္ခဒေါ်ရတနာကျော်နှင့်တာဝန်ကျဆရာဝန်၊ ဆရာမများနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မိခင်ကြီး၏ နာရေးကိစ္စအဝဝတွင် အစစအရာရာကူညီပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လာရောက်နှစ်သိမ့်ပေးပြီး နာရေးကိစ္စအစီအစဉ်တွင်ပါဝင်ပေးသူ အရောက်စီတိုင်းကိုလည်းကောင်း၊ တရားပြပေးပါသော ရန်ကုန်သစ်ရတနာဂုဏ်ရည်ကျောင်းတိုက် ဆရာတော်ဦးဇာဂရ၊ လှည်းကူးမြို့ခရောင်ကျေးရွာကျောင်းတိုက် ဆရာတော်ဦးဩဘာသနှင့်ဦးကဝိန္ဒအားလည်းကောင်း၊ သီလရှင်ဆရာလေးအားလည်းကောင်း၊ မိခင်ကြီး၏အရိုးပြာအား ဇာတိမြေတွင်ဂူသွင်းရာ၌ ကူညီပေးပါသောဆွေမျိုးများအားလည်းကောင်း၊ အထူးသဖြင့် မိခင်ကြီး၏နာရေးအစမှ အဆုံးတိုင်မေတ္တာစေတနာအပြည့်အဝဖြင့် ကူညီပေးပါသော မနှင်းရည်အောင်(ခ)ထူးထူးစံ၊ မဝတ်ရည်ဝင်းနှင့်တကွ ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူး ဥပကာရတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**


# အောင်သစ္စာဦးအာမခံကုမ္ပဏီလီမိတက်
# Aung Thitsa Oo Insurance Company Limited

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ အောင်သစ္စာဦးအာမခံကုမ္ပဏီပါ"

ကျယ်ပြန့်သော အကာအကွယ်၊ သင့်တင့်မျှတသောပရီမီယံ၊ မှန်ကန်မြန်ဆန်သော ဝန်ဆောင်မှုတို့ဖြင့် တာဝန်ယူဆောင်ရွက်ပေးနေပါပြီ။

အောင်သစ္စာဦးအာမခံကုမ္ပဏီလီမိတက် (ရုံးချုပ်)ကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃)ရက်နေ့မှစ၍ အခန်းအမှတ် (၀၁-၀၄)၊ Union Financial Centre (UFC)၊ မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ပြောင်းရွှေ့ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း အသိပေးကြေညာလိုက်ပါသည်-

လက်ခံဆောင်ရွက်ပေးနေသည့် အာမခံအမျိုးအစားများ-

၁။ မီးနှင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးအာမခံ
၂။ အလုံးစုံမော်တော်ယာဉ်အာမခံ
၃။ ပြည်သူပြည်သားအသက်အာမခံ
၄။ စုပေါင်းအသက်အာမခံ
၅။ အားကစားသမားများ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ ငွေပို့ငွေသယ်အာမခံ
၈။ ငွေသားလုံခြုံမှုအာမခံ
၉။ သမာဓိအာမခံ
၁၀။ အထူးခရီးသွားအာမခံ

အမေရိကန်ဒေါ်လာဖြင့်လည်း အာမခံလုပ်ငန်းများကို လက်ခံဆောင်ရွက်ပေးနေပါပြီ။

ဖုန်း - ၀၁ ၈၆၁၀၀၃၃၂ ၊ ၀၁ ၈၆၁၀၀၃၃၅
FAX/ဖုန်း - ၀၁ ၈၆၁၀၀၃၃၃ ၊ ၀၁ ၈၆၁၀၀၃၃၄

Email: aungthitsaooins@gmail.com







### ဒေါ်သက်ဇာနွယ်သန်း(ခ)ဒေါ်ဇာနွယ်သန်း(၉/ညဥန(နိုင်)၁၁၃၀၉၂)နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဦးမြနိုင်ထွန်း(၅/ရဘန(နိုင်)၁၄၇၉၆၂)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန်ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဦးမြနိုင်ထွန်းနှင့် ဒေါ်သက်ဇာနွယ်သန်း(ခ)ဒေါ်ဇာနွယ်သန်းတို့သည် (၃-၂-၂၀၁၅)ရက်စွဲဖြင့်မော်တော်ကားကြီးတင်စရံငွေပေးနှစ်ဦးသဘောတူစာချုပ်အားချုပ်ဆိုခဲ့ပြီး ဦးမြနိုင်ထွန်းမှဒေါ်သက်ဇာနွယ်သန်း(ခ)ဒေါ်ဇာနွယ်သန်းသို့ စရံငွေ (၇၈)သိန်းကျပ် ပေးခဲ့ပါသည်။ (၃-၂-၂၀၁၅)ရက်စွဲစာချုပ်တွင် ဦးမြနိုင်ထွန်းမှ ကျန်ငွေ သိန်း(၃၀)ကျပ်အား (၁၃-၂-၂၀၁၅)ရက်နေ့ပေးရန်ဖြစ်၍ ထိုနေ့တွင် ဒေါ်သက်ဇာနွယ်သန်း(ခ)ဒေါ်ဇာနွယ်သန်းမှ သူမ ရောင်းချသည့်ယာဉ်နှင့်ပတ်သက်သော လုပ်ဆောင်ရမည်များအား ပြီးစီးအောင်လုပ်ဆောင်ပေးပြီး ယာဉ်ပိုင်ဆိုင်မှုစာအုပ်(Owner book)အား ဦးမြနိုင်ထွန်းသို့ပေးအပ်မည်ဟု ကတိပြုစာချုပ် ချုပ်ဆိုခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေမှ ဒေါ်သက်ဇာနွယ်သန်း(ခ)ဒေါ်ဇာနွယ်သန်းအား (၁၃-၂-၂၀၁၅)ရက်နေ့တွင် ကျန်ငွေ သိန်း(၃၀)ကျပ်ပေးချေရာ ဒေါ်သက်ဇာနွယ်သန်း(ခ)ဒေါ်ဇာနွယ်သန်းမှ လက်မခံဘဲ တိမ်းရှောင်လျက်ရှိနေကြောင်း သိရပါသည်။ ဒေါ်သက်ဇာနွယ်သန်း(ခ)ဒေါ်ဇာနွယ်သန်းမှ (၃-၂-၂၀၁၅)ရက်စွဲပါစာချုပ်အရ ယာဉ်နှင့်ပတ်သက်၍ မိမိတာဝန်ယူထားသည်များအား ပြီးစီးအောင်လုပ်ဆောင်ပေးပြီး ယာဉ်ပိုင်ဆိုင်မှုစာအုပ်(Owner book)အား ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ် မိတ်ဆွေလက်ဝယ်သို့ မပျက်မကွက်ပေးအပ်ပါရန်နှင့် ပေးအပ်ရန်ပျက်ကွက်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်နိုင်သဇင်မျိုး (LL.B, D.B.L)
အထက်တန်းရှေ့နေ (စဥ်-၂၄၄၂၈)
အမှတ်-၂/အေ (၂၀၅)၊ ရတနာမွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၁ ၄၈၇၁၃ ၊ ၀၉ ၇၃၀ ၆၀၈၉၇

ကျွန်တော်တို့အစိုးရ စတင်တာဝန်ယူစဉ်ကတည်းက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များရဲ့ အဓိကရည်မှန်းချက်ဟာ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဒီမိုကရေစီအလေ့အထများ ထွန်းကားရှင်သန်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်နိုင်ရေးပဲဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့ ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)


ယနေ့ မာတိကာ

အတွေးမှန်မှ ဘဝဟန်မည်
စာမျက်နှာ - ၂

အိန္ဒိယရထားလုပ်ငန်း ခေတ်မီတိုးတက်ရေး အမေရိကန်ဒေါ်လာ ၁၃၇ ဘီလီယံ သုံးစွဲမည်
စာမျက်နှာ - ၄

တောင်သူလယ်သမားနေ့တွင် ညောင်ချောင်းသာကမ်းခြေအား စည်ကားသိုက်မြိုက်စွာ ဖွင့်မည်
စာမျက်နှာ - ၁၅


# ဒုတိယသမ္မတ ဦးညဏ်ထွန်း စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ပိတ်ပွဲ တက်ရောက်ဆုချီးမြှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားရုံ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အမျိုးသားအားကစားပွဲတော် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးဘောလုံးအသင်းနှင့် ကရင်ပြည်နယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

ဒုတိယသမ္မတနှင့်အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိမ်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူများ၊ နည်းပြများ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆**



**ဒုတိယသမ္မတ ဦးညဏ်ထွန်း စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပထမတံခွန်စိုက်ဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။** (သတင်းစဉ်)

## ပြဋ္ဌာန်းရန်နှင့် ပြဋ္ဌာန်းပြီးဥပဒေများသည် တရားမျှတပြီး အများပြည်သူ အမှန်တကယ် လိုက်နာနိုင်မည့် ဥပဒေများဖြစ်စေရန် ဆောင်ရွက်လျက်ရှိ

jynaxmiporwjrermEiiawm

jynaxmipvwawm½;

owi;xwjyecu trw(3^2015)

**၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်**

**၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်**

၁။ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းထံသို့ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့တွင် ရောက်ရှိနေသော သပိတ်ပင်မစစ်ကြောင်း ဆန္ဒပြအဖွဲ့မှ မောင်ကျော်ကိုကို၊ မဖြိုးဖြိုးအောင်၊ မောင်မိုးထက်နေ၊ မောင်မင်းသွေးသစ်၊ မောင်ရဲရင့်ကျော်၊ မဟန်နီဦး၊ မောင်အောင်မှိုင်းဆန်း၊ မောင်နန္ဒစစ်အောင်၊ မောင်အောင်နေပိုင်တို့ (၉)ဦးက လွှတ်တော်များ၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်လိုပါသဖြင့် တွေ့ဆုံခွင့်ပြုပေးပါရန် ၎င်းတို့ကိုယ်စား အလုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်က တင်ပြလာပါသည်။

၂။ အဆိုပါရည်ရွယ်ချက်ကောင်းကောင်းနှင့် တင်ပြချက်အပေါ်တွင် ပြည်ထောင်စုလွှတ်တော်က စေတနာပါပါဖြင့် လွှတ်တော်တွင်ဖွဲ့စည်းထားသော ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ် ဦးဆောင်သော ဥပဒေကြမ်းကော်မတီမှ လက်ခံတွေ့ဆုံစေ၍ လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများကို ၂၇-၂-၂၀၁၅ ရက်နေ့တွင် တွေ့ဆုံ၍ ရှင်းလင်းပြောကြားခဲ့ပါသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**

## အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၌ စတင်ကြားနာဆွေးနွေးဆောင်ရွက်နေပြီဖြစ်၍ သပိတ်မှောက်ဆန္ဒထုတ်ဖော်မှုများမပြုလုပ်ကြရန် သတိပေးကြေညာချက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်ရေးအတွက် သပိတ်မှောက်ဆန္ဒပြတောင်းဆိုမှုများအရ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့၊ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီနှင့် ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက်(NNER) မှ ကိုယ်စားလှယ်များပါဝင်သည့် လေးပွင့်ဆိုင် ဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ကြပြီး အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေပြုရေးအာဏာရှိသည့် လွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ခဲ့ကြပါသည်။ အဆိုပါ ဆုံးဖြတ်ချက်နှင့်အညီ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာနမှ တင်သွင်းခဲ့ရာ အမျိုးသားလွှတ်တော်မှ ဥပဒေကြမ်းအပေါ် ကြားနာမည့်အစီအစဉ်ကို ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

ယင်းကဲ့သို့ ဆန္ဒပြကျောင်းသားတို့၏ တောင်းဆိုချက်အရ အမျိုးသားပညာရေးဥပဒေ ပြင်ဆင်နိုင်ရေးကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လွှတ်တော်တွင် စတင်ကြားနာဆွေးနွေးဆောင်ရွက်နေပြီဖြစ်ရာ ဆန္ဒပြကျောင်းသားများအနေဖြင့် ဆန္ဒထုတ်ဖော်မှုများအား ရပ်ဆိုင်းထားရန် လိုအပ်ပါသည်။ သို့သော် ဆန္ဒပြ ကျောင်းသားများသည် ထပ်မံ၍ အင်အားစုစည်းပြီး ရန်ကုန်မြို့သို့ ဦးတည်ချီတက်ဆန္ဒပြရန် စီစဉ်နေကြကြောင်း တွေ့ရှိရပါသည်။ နိုင်ငံတော်အစိုးရသည် အဖြစ်နိုင်ဆုံးလိုက်လျောခဲ့ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ လွှတ်တော်တွင် တင်ပြဆွေးနွေးနေကြစဉ် ဆန္ဒပြကျောင်းသားများအနေဖြင့် ဆန္ဒပြမှုများ ရပ်ဆိုင်းထားရမည်ဖြစ်ပါသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✱**